
www.burmeseclassic.com

# ရှင်မိထယ်

## သဘောကျကျော့နပ်ခြင်း




…YI NYI

www.burmeseclassic.com

# ရှင်မိထယ်

## သဘောကျကျေနပ်ခြင်း


စာမူခွင့်ပြုချက်အမှတ်
၅၁၇၂၂၆၀၈၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၂၂၀၉၀၉
၂၀၁၀ ခုနှစ်၊ မေလ
ပထမအကြိမ်
တန်ဖိုး
၁၁၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင်(ဝ၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-သမ်း၊ လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
ရှင်မိထယ်
သဘောကျကျေနပ်ခြင်း/ရှင်မိထယ်၊-ရန်ကုန်၊
စေတနာစာပေ၊ ၂၀၁၀၊
၂၈၈- စာ ၁၂ x ၁၈ စင်
(၁) သဘောကျကျေနပ်ခြင်း


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com


www.burmeseclassic.com







# ရှင်မိထယ်




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







တကယ်တော့

အချစ်ဆိုတာ ...

နှလုံးသားက လာတယ်လို့ပဲ

အမြဲတစေ ... ယုံကြည်ထားခဲ့ပေမယ့်

တစ်ခါတစ်ခါ


အထိအတွေ့ကပဲ အချစ်ဖြစ်ရင်

ဖြစ်သွားတတ်ကြတာပါပဲ ...။

www.burmeseclassic.com

www.burmeseclassic.com







နွေးထွေးလုံခြုံမှုကြောင့်

သူ့ကို ရင်ထဲက တိတ်တိတ်ကလေး

ချစ်သွားခဲ့ရတယ်ဆိုရင်


အဲဒီနွေးထွေးလုံခြုံမှုကို

အဲဒီလူဆီကပဲ အမြဲတမ်းရယူချင်ပါတယ် ...။

www.burmeseclassic.com

www.burmeseclassic.com







၁

“ဟား … တစ်နေ့တစ်နေ့ နားတွေငြီးလိုက်တာ၊ ထွက်တောင်ပြေးချင်တယ်”

စီစီမြိုင်မြိုင် ဘုရားသီချင်းသံကျယ်ကျယ်က အက်စ်နားထဲ စီခနဲဝင်လာတဲ့အချိန် အက်စ် အိပ်မောကျစွာ အိပ်စက်နေရာမှ လန့်နိုးသွားရသည်။

တစ်ရက်တလေ စောစောစီးစီး အိပ်ရေးမဝခဲ့တာလည်းမဟုတ်။

နေ့စဉ်တိုင်း နေ့စဉ်တိုင်း မနက်တိုင်းလိုလို အမြဲတမ်း ဘုရားသီချင်း မဟုတ်ရင် တရားခွေကို အကျယ်ကြီးဖွင့်ခဲ့သည့် အဲဒီအိမ်က အပျိုကြီး လူပျိုကြီးတွေကို အက်စ်တို့မောင်နှမ မျှော်



www.burmeseclassic.com

www.burmeseclassic.com



မုန်းကျိုးလွန်းလို့ အမြဲတမ်း မေတ္တာပို့သတာကိုလည်း သူတို့မောင်နှမက ဂရုမစိုက်။

ဟင်း ... ဒီတစ်ကြိမ်တော့ ဘယ်လိုမှ သည်းမခံနိုင်တော့။

မောင်နှမနှစ်ယောက် တိုင်ပင်ထားတဲ့အတိုင်း ဒီအပျိုကြီး လူပျိုကြီး မောင်နှမကို တိုက်စစ်ဆင်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒီမောင်နှမ ရှေးဆန်တာကြီးကို အက်စ်တို့မောင်နှမလက်တို့အတင်းအုပ်တော့လည်း မေမေက တစ်ဖက်ခြံက အပျိုကြီးမောင်နှမကို ချီးကျူးထောပနာ ပြုသေးသည်။

"အယ် ... တစ်နေ့ တစ်နေ့ ငါတို့မှာ မိုးလင်းတဲ့အထိ အိပ်ရေးဝဝမအိပ်ရဘူး၊ ခေါင်းရင်းအိမ်က ကုသိုလ်ကောင်းမှုယူတာကလည်း နေ့တိုင်းလိုလိုပါပဲ၊ ပြောပြန်ရင်လည်း ပြဿနာဖြစ်ဦးမယ်၊ ဟင်း ... စိတ်ညစ်လိုက်တာ ဘယ်လိုတွန်းလှန်ရမှန်းကို မသိတော့ဘူး"

စိတ်ညစ်ညစ်နှင့် နံနက်စာကော်ဖီဝိုင်းမှာ မောင်နှမနှစ်ယောက် တိုးတိုးကျိတ်တိုင်ပင်နေတုန်းမှာပဲ မေမေက အက်စ်စကားကို တစ်စွန်းတစ်စကြားသွားပြီး ဟိုတစ်ဖက်ခြံက မောင်နှမကို အထင်ကြီးတဲ့လေသံနှင့် ချီးကျူးလာခဲ့သည်။





"ညည်းတို့က သူများ ကောင်းသီချင်းဖွင့်တာကို ဘာအတင်းအုပ်နေတာလဲ၊ အေး ... သူများသားသမီးက မိဘနှစ်ပါးစလုံး ကွယ်လွန်သွားတာတောင် မောင်နှမနှစ်ယောက် ဘာအသံမှမကြားရဘဲနဲ့ အေးအေးချမ်းချမ်းနေလာတာ ဘယ်လောက်ငြိမ်းချမ်းလိုက်သလဲ၊ မနက်စောစောစီးစီး ဘုရားသီချင်းဖွင့်ရင်ဖွင့်၊ မဖွင့်ရင် တရားခွေဖွင့် ကျက်သရေရှိလိုက်တာ၊ ဒီလိုသားသမီးမျိုးဆို ဆယ်ယောက်လောက်လိုချင်ပါတယ်"

တစ်ဖက်ကို ချီးကျူး ထောပနာပြုပြီး အက်စ်တို့မောင်နှမကို ကဲ့ရဲ့အပြစ်တင်ချင်သည့် မေမေ့စကားကို အက်စ်ဆော အယ်ပါ မကျေမနပ်ဖြစ်သွားကာ ပြိုင်တူလိုလို မေမေ့ကိုမော့ကြည့်လိုက်ကြသည်။

နဂိုကတည်းက နားထဲမှာ အချိုးမပြေရင် မပြေသလိုပက်ခနဲပြန်ပြောတတ်သည့် အက်စ်က မေမေ့ကို မကျေနပ်သလိုမျက်နှာလေးရှုံ့ကြည့်ရင်း ...

"ဒီလိုသားသမီးမျိုး ဆယ်ယောက်လောက် လိုချင်တယ်လို့ ပြောရအောင် အက်စ်တို့မောင်နှမက ဘာဖြစ်နေကြလို့လဲ၊ မေမေက တစ်ဖက်ကို အားပေးအားမြှောက်ပေးရအောင်"

"ညည်းတို့ကို မပြောပါဘူးအေ"



www.burmeseclassic.com

www.burmeseclassic.com



အခုပဲ အပြစ်တင်သလိုပြောတယ် အခု မပြောဘူး ပြောင်ပြောနေသည့် မေမေ့ကို အက်ဇ် ထပ်ကွန့်လိုက်ပြန်သည်။

"ဟင် ... အခုပဲပြောတယ်၊ အခုမပြောဘူး၊ မေမေဟာလေ အခုတစ်မျိုး တော်ကြာတစ်မျိုး"

"ညည်းက ဘာအမေကို အပြစ်တင်တာလဲ"

ထစ်ခနဲ စိတ်ဆိုးပြီဆိုရင် ခါးထောက်ထဘီပြင်ဝတ် တတ်ပြီး မျက်မှောင်ကြီးကုတ် မဲ့ရွဲ့သွားတာကို အက်ဇ် ကြည့်ရင်း ငိုရမလို ရယ်ရမလို ဖြစ်သွားရသည်။

အယ်ကတော့ ဘာမှဝင်မပြော။

အပြစ်လွှတ် ရေငုံနှုတ်ပိတ် ငြိမ်နေလေသည်။

အက်ဇ်ကတော့ ဘယ်လိုမှသည်းမခံနိုင်လို့ ပြော လိုက်ရတာဖြစ်သည်။

အက်ဇ်တို့မောင်နှမဆို မေမေက တစ်ခါမှ အကောင်း မပြော။

ချီးကျူးတယ်လို့လည်း မရှိ။

ဘယ်လောက်တော်တော် သင့်အောင်နေနေ အမြဲ တမ်းလိုလို အရှုံးမပေးစိတ်တိုင်းမကျဖြစ်ကာ ဝေါက်တတ် ဟောက် တတ်တာကို ဟိုတစ်ဖက်အိမ်ကလည်း သိသည်။





ဟိုတစ်ဖက်အိမ်က ဘုရားကျောင်းတက်ရမယ့်အရွယ် တွေနဲ့ယှဉ်ပြီး ခေတ်လူငယ် ခေတ်နှင့်အညီ ဝတ်တာ စားတာ နေတာ ထိုင်တာကို လိုက်ပြောနေတော့လည်း ဟိုတစ်ဖက်ခြံက ဘဝင်မြှောင့်နမ အထင်သေးမှာပေါ့။

ဟိုအပျိုကြီးကဆို ပိုတောင်ဆိုးသေးသည်။

အက်ဇ်ကိုမြင်ရင် အလိုလိုနေရင်း ငေါ့ရတာနဲ့ ထေ့ရတာနဲ့ သူမမို့ အရှက်မရှိ။

သူ့အသက်နဲ့ အက်ဇ်အသက်က သူမွေးမှ သူ့သမီး လောက်ရှိတာ။

အက်ဇ်ကို သူ့အသက်ကြီးနဲ့ တက်ပြိုင်နေသေးတာ အံ့သြလွန်းပါရဲ့။

ဟိုလူပျိုကြီးကလည်း ရုပ်ကသာ တစ်ခါကြည့်တာနဲ့ နောက်တစ်ခါမကြည့်ချင်လောက်အောင် စိတ်ပျက်သွားခဲ့ရပေမယ့် လူကတော့ တကယ့်အထည်ကြီးပင်။

အက်ဇ်ကိုမြင်တာနှင့် သူက မျက်နှာကြီးတစ်ဖက်လှဲ လွှဲသွားတာ အက်ဇ် ရင်ထဲမှာ အခံရခက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း မေမေက အက်စ် မျက်မှန်းကျိုးသည့် မောင်နှမနှင့် လာစံထိုးပြီး တစ်ဖက်ကို ချီးမွမ်းခန်း ထုတ်ပြန်ပြီ။

"ခွပ်"

"အမေ ... ဒီပန်းကန်ကလည်း ချော်ထွက်နေတာ"

မကျေနပ်စိတ်က ထိန်းမရဘဲ ကော်ဖီခွက်ကလေးကို ဆောင့်ကြီးအောင့်ကြီး ဆွဲကိုင်လိုက်တော့ ကော်ဖီခွက်က ချော်ထွက်သွားပြီး စားပွဲပေါ်သို့ ကော်ဖီတွေ ဖိတ်စဉ်သွားခဲ့ရလေပြီဖြစ်သည်။

"အမယ်လေးလေ ... အပိုးမကျိုးလိုက်တာ လုပ်လိုက်ရင် ရှုပ်ပျာရှပ်ပျာ ပြောပြန်ရင်လည်း ဒီအမေလွန်တယ်ပေါ့။ နေရာတကာတိုင်း လိုက်ပြောနေတော့ ညည်းတို့က နားပူနားစူလုပ်တယ်ထင်နေတာ၊ ညည်း အသုံးမကျတာ ငါ့အမေကိုပဲ တစ်ချိန်ကျ သူများကထောက်ပြလာမှာ၊ ညည်းတစ်သက်လုံး အိမ်ထောင်မပြုဘဲ နေမှာမဟုတ်ဘူး၊ အိမ်ထောင်ကျတော့မှ ယောက်ျားက ညည်းကို အသုံးမကျတဲ့မိန်းမလို့ အပြောခံရမှာစိုးလို့ ငါ့အမေက သွန်သင်တော့လည်း တစ်ခွန်းမှ နားမဝင်ဘူး"





ပြောပြန်ပြီ ဒီစကား။

အက်စ် လုံးဝ မကြိုက်တာ ဒီစကားပဲဖြစ်သည်။

အက်စ်ကပဲ မိန်းကလေးဆိုပြီး မယူရသေးသည့် အိမ်ထောင်ဖက်ကို မျှော်တွေးပြီး မိုင်းကောင်းကျောက်ဖိ နေပြရအောင် ရယ်တောင် ရယ်ချင်သေး။

ဒီခေတ်ကြီးကုန်သွားပြီ မေမေရေလို့ပဲ စိတ်ထဲက အော်ပစ်လိုက်သည်။

"သမီးမိန်းကလေးကျတော့လည်း အပိုးမကျိုး၊ သားယောကျ်ားလေးကျတော့လည်း အပိုးမကျိုး၊ ငါ့မှာ ပတ်ဝန်းကျင်ပြောစရာ ဖြစ်နေပြီ"

"ဟာဗျာ ... ပတ်ဝန်းကျင်ကို ထိခိုက်အောင် ကျွန်တော်တို့က ဘာတွေလုပ်နေလို့လဲ မေမေရဲ့၊ မေမေ့ကိုက မကောင်းတာ၊ တစ်ဖက်ခြံက ဘိုးတော်ဘွားတော်နဲ့ တက်တက်နိုင်းပြီး ကိုယ့်သားသမီးကို ကိုယ်အပြစ်မြင်ပြီး ထိုးချနေတာ၊ အက်စ်ပြောတာ မမှားဘူး"

"ဟင် ... ဟင် ... မင်းတို့အမြွှာမောင်နှမက တစ်စိတ်တည်းတစ်ဝမ်းတည်းပေါ့ ဟုတ်လား၊ မင်းက အမေ့ကို ဒီလိုခံပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com




ပြောပြောဆိုဆို ထဘီကို ဖျတ်ခနဲပြင်ဝတ်ပြီး ခါးနှစ်ဖန်ထောက်ကာ ရန်ဖြစ်ဖို့တာစူနေသည့် မေမေ့ကို အက်စ်တို့မောင်နှမ လျှစ်လျူပြု ကျောခိုင်းလိုက်တော့သည်။

အက်စ်က မှောက်သွားသည့် ကော်ဖီအစား မုန့်တွေကိုပဲ ပါးစပ်ထဲ ပလုတ်ပလောင်းထိုးသွပ်ပြီး အယ့်လက်ကို ဆွဲကိုင်ကာ ဧည့်ခန်းထဲကနေ အက်စ်တို့အခန်းဆီသို့ ဆွဲခေါ်လာခဲ့တော့သည်။

"လာ ... အယ်၊ သူ့ဘာသာရန်ဖြစ်ချင်လည်း တစ်ယောက်တည်းဖြစ်နေလိမ့်မယ်၊ ငါတို့ စီမံကိန်းတစ်ခုခု ဆွဲမှဖြစ်တော့မယ်၊ နင့်မို့ ဒီသီချင်းသံနဲ့ ငါတို့ မနက်တိုင်း အစောကြီး နိုးနိုးနေတာ၊ လေးနာရီကတည်းက နေ့တိုင်း ဖွင့်တာ၊ ပတ်ဝန်းကျင်မှ အားမနာ"

"အေးလေဟာ၊ ငါတို့က ညဘက်ကျ တစ်နာရီထိုးမှ အိပ်တာ၊ လေးနာရီကို ပြန်နိုးနေတော့ လူတွေ အိပ်ရေးမဝတော့ မျက်နှာလည်း လှတပတရုပ်ကနေ မျောက်ခေါင်းရုပ်ပေါက်နေပြီ"





www.burmeseclassic.com



အယ်က အက်စ်လောက် စိတ်မကြွပ်တတ်၍ ဒီလောက်ပဲ ညည်းညည်းညူညူပြောပြီး ခြေပစ်လက်ပစ်ပင် အက်စ်အိပ်ရာမှာ ပစ်လှဲလိုက်သည်။

"ဟင်း … အလကား၊ အဲဒါ တမင်သက်သက် ငါတို့မောင်နှမကို ရန်စနေတာ သိလား အယ်။ သင်းတို့ ခွစာမောင်နှမကို မှတ်လောက်သားအောင်ဖြစ်အောင် တို့ကလည်း ပြန်တွယ်ရတော့မယ်"

"အေး … ပြန်တွယ်မယ်၊ ဒါ ငါတို့စတဲ့ဇာတ်လမ်းမှမဟုတ်တာ၊ သူတို့စတဲ့ ဇာတ်လမ်းပဲ၊ ဘယ်လိုပြန်တွယ်မလဲဆိုတာ နင်က ဘယ်လိုစဉ်းစားထားသလဲ"

ဆယ်မိနစ်ပဲခြားပြီးမွေးခဲ့သည့် အမြွှာမောင်နှမသည် ညီအစ်မတွေလို တရင်းတနှီး လည်ပင်းဖက် ကြီးပြင်းခဲ့တာမို့ အခန်းတစ်ခုထဲမှာ မောင်နှမနှစ်ယောက် ခုတင် တစ်ယောက်တစ်လုံးဖြင့် ဆိုးတိုင်ပင် ကောင်းတိုင်ပင် တိုင်ပင်ဖော် တိုင်ပင်ဖက်အဖြစ်လည်း အားကိုးကြရသည်။

အက်စ်က မိန်းကလေးပီပီ စွာတူးလန်ပေမယ့် အယ်ကတော့ အက်စ်လောက် ဂျစ်ကန်ကန် ပေစောင်းစောင်းမနိုင်။



www.burmeseclassic.com

www.burmeseclassic.com



အက်စ်မှာ အယ်ကိုအားကျပြီး ယောက်ျားလေး စတိုင်ခင်းကာ ပေစောင်းစောင်း ကြွစောင်းစောင်း ဖြစ်နေတာပင်။

အခုလည်း တစ်ဖက်ခြံက မနက်လေးနာရီထိုးကို အမြဲတမ်း ဆောင်းဘောက်ကြီးနဲ့ မိုင်ကုန်ဖွင့်ခဲ့သည့် အပျိုကြီး လူပျိုကြီးမောင်နှမကို ဘယ်လိုပြန်တွယ်ရမလဲဆိုတာကို နားထင်ကလေးကို လက်ညှိုးကလေးဖြင့်ထောက်ကာ စုံထောက်မလေး စတိုင်ခင်းလိုက်သည်။

"အင်း ... ဘာနဲ့ ပြန်တွယ်ရမလဲဆိုတော့ ... ကာ ..."

အက်စ်က ပြောမယ့်အရေး တခမ်းတနား စဉ်းစားခန်းထုတ်ပြီး ဂျင်းဘောင်းဘီအိတ်ထဲ လက်နှိုက်စတိုင်ထုတ်လိုက်ပြန်သည်။

"ဟာ ... ပြောမှာဖြင့်ပြောစမ်းပါ၊ နင်ကလည်း စတိုင်ချည်းပဲ"

"စတိုင်ရှိမှ စကားဖြစ်မှာလေကွာ အယ်ရာ"

"ထားစမ်းပါ အရေးထဲ ဇာတ်ထုတ်ခင်းမနေနဲ့"





ဒီတစ်ခါတော့ အယ် စိတ်မရှည်နိုင်တော့ဘဲ နှမဖြစ်သူစတိုင်ကျကျနှင့် စဉ်းစားခန်းထုတ်နေတာကို ပိတ်အော်ပစ်လိုက်တော့သည်။

"ကဲပါ ... ပြောမှာဖြင့်ပြောစမ်းပါ အက်စ်ရာ၊ နင်မပြောရင် ငါ အရင်ပြောရမလား"

"နေဦး ငါ အရင်ပြောမယ်၊ အိုခေ ... စဉ်းစားလို့ရပြီ"

အက်စ် က လက်ဖျစ်ကလေး တစ်ချက်တွက်ပြီး ပါးကလေး ခွက်ဝင်အောင် တမင်နှုတ်ခမ်းလေး ကျုံ့လိုက်ပြန်သည်။

အယ်ကတော့ နှမဖြစ်သူ ဘယ်လိုလုပ်လုပ် လုနေသည့်မျက်နှာလေးကို စိတ်တိုနေသည့်ကြားက ပြုံးလိုက်မိသေးသည်။

"ပြောစမ်းပါ အက်စ်ရာ၊ နင့်မှာလည်း တကတဲ မှယာမာယာ ပိုလွန်းနေတာ"

"ဟီး ဟီး ... ဟိုမိန်းမကြီးမောင်နှမကို တို့က ဒီည မအိပ်ဘဲနဲ့ မနက်သုံးနာရီအထိ အချေကြည့်ပြီး လန့်ဒန်ခြေပဲယိုနဲ့ ပြန်ဆော်ရမယ်၊ တို့ဆောင်းဘောက်ကို သူတို့မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာစာတည့်တည့်ထားပြီး မိုင်ကုန်ချမယ့်၊ သုံးရက်မဖွင့်ရပါဘူး၊ ဘယ့်နှယ်လဲ အယ်"

"ဟား ဟား ... သိပ်ကောင်းတဲ့အကြံပဲ၊ ဟား ဟား ... ဒါကြောင့် ငါ့နမကို ငါ သိပ်ချစ်ရတာ၊ အပျိုကြီးတွေလင်မရလို့ လန်ဒန်မြေပဲယို အပျိုကြီးတွေလင်မရလို့ လန်ဒန်မြေပဲယို အိုခေ ... အိုခေ ... ရှီး ရှီး"

"အခုမှအကြောင်ပြောင်မနေပါနဲ့၊ တိုးတိုးလုပ်စမ်းပါ၊ မေမေကြားသွားပါဦးမှ ဘာအတွေးအခေါ်မှမရှိဘဲ အခုမှအကြံပေါ်မနေနဲ့"

"အေးပါ တော်တယ်၊ တော်တယ်၊ ငါ့ညီမက ... ဟဲ ဟဲ"

အပျော်လွန်ပြီး အက်စ်ပါးကလေးကို လိမ်ဆွဲလိုက်သည့် အယ့်ကို အက်စ်က မျက်စောင်းခဲလိုက်သည်။

ဘာလိုလိုနဲ့ ဟိုတစ်ဖက်အိမ်က အပျိုကြီးကို ဦးတည်ပြီးပြန်တွယ်ရမှာကို အက်စ်ကလည်း အပျော်လွန်သွားရသလို ကိုယ့်ခြေမကိုယ် ကလိထိုးပြီးသာ ရယ်ပစ်လိုက်ချင်သည်။

"ဟီး ဟီး ... ပျော်လိုက်တာ၊ အခုမှပဲ တို့ခွင်ကို တည့်တည့်တိုးတော့တာပဲ"





"အေး ... ဒီတစ်ခါတော့ အပျိုကြီးတော့ နှာလန်ပြီပဲမှတ်"

အယ်က လက်ဖျစ်တွက်ပြီး ခုတင်ပေါ်ကနေ ထခုန်ပစ်လိုက်သည်။

"အယ် ... နင်နော် ဒီလိုသီချင်းဖွင့်လိုက်လို့ အပျိုကြီးက ငိုကြီးချက်မ ဝမ်းနည်းသွားရင် နင်သနားပြီး အဲဒီအပျိုကြီးကို ယောင်လို့တောင် သွားမကြိုက်လိုက်နဲ့နော်"

"ဟာ ... ကြိုက်မလားဟ၊ ဒီလောက်အသက်ကြီးတာကြီးကို ကြိုက်စရာရှိ သူကသာ ငါ့ကို ကြိုက်ချင်ကြိုက်မှာ"

"ဟေး ... ဟေး ... ငါ့အကြံပေါ်ပြန်ပြီ၊ အဲဒီအပျိုကြီး နင့်ကိုကြွေအောင် နင် ပညာပေးစမ်း အယ်"

"ဟာ ... မလုပ်ပါနဲ့ဟာ"

"လုပ်ရမယ် လုပ်ကိုလုပ်ရမယ်၊ ဘယ့်နှယ် အသက်ကဖြင့်တစ်ဝက်ကျိုးနေပြီ၊ ငါလို လှတပတ ရုပ်ချောကလေးကို သူက မလိုတမာ ဘက်ပြိုင်ချင်သေးတယ်၊ လမ်းမှာ မျက်နှာချင်းဆိုင်တိုးရင် သူက လူကို မခေါ်ချင်သလို မပြောချင်သလို၊ သူ့မောင်ကလည်း ရုပ်ကသာကြွက်ကတိုး ဘိညှပ်ထားတဲ့ရုပ်ဖြစ်နေတာ ဘဝင်ကအမြင့်သား၊ ငါ့ကိုမြင်ရင် မျက်နှာလွှဲသွားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ဒီကောင်က ရုပ်က ဖြူစုတ်စုတ်နဲ့ ဘာ ငါ့နှမကို ဒီလောက်ချောတဲ့ အချောမယ်လေးကို သူက ကြည့်တောင် မကြည့်ဘူးဆိုတော့ ... ဟော် ... အက်စ် ငါ သိပြီဟ"

"ဘာလဲ"

"ဒီကောင် နင့်ကိုမကြည့်တာ ငါ အဖြေရပြီ"

"အင်း ... ပြောစမ်းပါဦး"

"ကြည့်မိရင် ကြိုက်မိသွားမှာစိုးလို့ထင်တယ်"

"ဟိုက် ... အစုတ်ပလုတ် သေးစမ်း The Crossကြီးကို"

အက်စ်က အယ် စတိုင်ခင်းပြီး ကိုယ့်နဖူးကိုယ် လက်ဖဝါးနှင့် ဖြန်းခနဲပိတ်ရိုက်ရင်း ခုတင်ပေါ် ဆောင့်ထိုင်ပစ် လိုက်သည်။

"ဘာလဲဟ The Crossကို"

"အမြန်ဆိုကြည့်စမ်း The Crossကို"

"The Cross ...The Cross ... The Cross (သခေါ် သခေါ် သခေါ်) ဟား ဟား ... ငါ့နှမကတော့ကွာ ပြောလည်းပြော တတ်ပါပေ့"





မောင်နှမနှစ်ယောက် အူမြူးစွာရယ်မောရင်း တစ် ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထွေးဖျစ်လိုက်ကြပြီး သူတို့ ဒိမ်ကိန်းကြီးကို သဘောအကျကြီးကျကာ ကျေနပ်သွားကြလေ သည်။

*❋❥❋*



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ရှူး … ရှူး … ရှူး"

"ရှူး"

"ရှူး"

နားထဲမှာ ဘယ်လိုမှ နားမခံနိုင်အောင် အိမ်ရှေ့ဆီမှ တရှူးရှူးမောင်းပြီး အိမ်ရှေ့တည့်တည့်မှာ ဆိုင်ကယ်ကိုရပ်လိုက် ရှူးခနဲပြန်ပြီး မောင်းထွက်သွားလိုက်၊ ပြန်ပြီး ဒီဘက်လှည့်လာလိုက်နှင့်။

ခေါက်တုံ့ခေါက်ပြန် မောင်းနေသည့် တစ်ဖက်အိမ်က မောင်နှမတွေ့ ထက်မွန်ကျော် ဘယ်လိုမှ သည်းခံလို့မရအောင် ဒေါ်မောင်းသွားရပြီဖြစ်သည်။





အခုတလော သူမတို့ နံနက်တိုင်း ဘုရားသီချင်းဖွင့်နေခဲ့တဲ့အချိန်ထက်စောပြီး တစ်ဖက်အိမ်က ထဖွင့်သည့်သီချင်းက သူမနားထဲမှာ ဘယ်လိုမှ လက်ခံလို့မရအောင် အောင့်ဖျင်းဖျင်းကြီးဖြစ်သွားရသည်။

ဖွင့်လိုက်တော့ ဆောင်းဘောက်ကြီးကို သူမတို့အိမ်ဘက်လှည့်ပြီး မိုင်ကုန်ဖွင့်ထားတာ။

ဒါ သူမတို့ကို တမင်ရန်စနေတာပင်။

အပျိုကြီးတွေလင်မရလို့ လန်ဒန်မြေပဲယို၊ အပျိုကြီးတွေလင်မရလို့ လန်ဒန်မြေပဲယိုဆိုတဲ့သီချင်းက သူမကို စောင်းမဖွင့်လို့ ဘယ်သူ့ကို စောင်းဖွင့်တာမှမဟုတ်။

အခုလည်း အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် ဆိုင်ကယ်တရှူးရှူးမောင်းပြီး ရန်စနေသည့် တစ်ဖက်အိမ်က မောင်နှမကို မျက်မုန်းကျိုးစွာ သူမ ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ မီးဖိုထဲမှ ကြက်သွန်လှီးနေရာမှ ကြက်သွန်လှီးဓားတောင်မချမိဘဲ အိမ်ရှေ့ကို ဆောင့်ဆောင့်အောင့်အောင့် ထွက်လာခဲ့မိတော့သည်။

"ဟဲ့ … ဘယ်က မိမဆုံးမ ဖမဆုံးမ သားသမီးတွေက ငါ့အိမ်ရှေ့မှာ ဆိုင်ကယ်ငယ်သံပါအောင် မောင်းနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်အိမ်က မောင်နမ ဆိုင်ကယ်မှန်းသိသိကြီး နှင့် သူမ လေသံ မိုင်ကုန်တင်ပြီး ခါးထောက်ကာ ဟစ်လိုက်သည်။

ဒီတစ်ခါတော့ သူမ ဘယ်လိုမှ ကြိတ်မှိတ်သည်းခံ လို့မရတော့။

အိမ်ရှေ့ကိုလာပြီး တဝူးဝူး ငယ်သံပါအောင် ဆိုင်ကယ်မောင်းနေတာဟာ သူမကို ရန်စနေတာပင်။

"ဝူး ... ဝူး"

"ဟား ဟား ... လန်ဒန်မြေပဲယိုကို စားချင်လိုက်တာကွာ၊ သိပ်ကောင်းမှာပဲနော် အက်စ်"

"ဟင်းအင်း ... ငါတော့ လန်ဒန်မြေပဲယိုကို သိပ်မချိုမစိမ့်လို့ မကြိုက်ဘူး၊ ဟိုမြေပဲယိုပဲ ပိုကြိုက်တယ်"

"ဘယ်မြေပဲယိုလဲ"

"စင်ကာပူမြေပဲယို ... ဟိ ဟိ"

တမင်ပင် သူမ ရပ်နေသည့်ရှေ့တည့်တည့်ကို မျက်နှာလှည့်ပြီး တဟိဟိ ကလိထိုးရယ်နေသလို ရန်စလာသည့် ဒီမောင်နမကို သူမ ဘယ်လိုမှန်းသွားမှန်းမသိ ဖြစ်သွားတော့သည်။

ကြည့်စမ်းပါဦး။

ဘယ်လောက် ကဲတဲ့ဟာတွေလဲ။





နမမောင်းတဲ့ဆိုင်ကယ်ကို အနောက်ကနေ နမခါးကို ဖက်ပြီး ကားယားခွလိုက်တဲ့မောင်ကိုလည်း သူမ အတော်အံ့ဩသွားရသည်။

အမယ်လေး ... မျက်စိရှက်ဖို့ကောင်းလိုက်တာ။

"တောက် ... အကဲလေး မောင်နမကများ ငါ့ကို ... ငါ့ကို မခန့်လေးစား ပမာမခန့် လုပ်ရအောင်၊ ရမလား၊ ငါ့အကြောင်း ကောင်းကောင်းသိအောင် သင်းတို့အမေကိုပဲ သွားတိုင်မယ်၊ ဒေါ့ချိုင်းအစိုင်းဟာတွေ၊ ဟင်း ... တောက်"

တဟိဟိ ကလိထိုးရယ်သလိုရယ်ပြီး သူမကို တည့်တည့်ကြီးဖြောင်ကာ ဆိုင်ကယ်ကို ဝူးခနဲမောင်းထွက်သွားသည်။ တစ်ဖက်ခြံက မောင်နမစကားသံတွေက သူမနှလုံးသားကို သွေးဆုလောင်မြိုက်သွားတော့သည်။

အဲဒီအချိန်မှာ စက်ရုံမှပြန်လာသည့် ခန့်တည်က ခါးကြီးနှစ်ဖက်ထောက်ပြီး ကြက်သွန်နီလှီးဓားကိုကိုင်ထားသည့် မမကို တွေ့လိုက်ရသဖြင့် ဟဲလ်မက်ချွတ်နေရာမှ မျက်ခုံးကြီးနှစ်ဖက်ပင့်တက်သွားရသည်။

"ဘာဖြစ်တာလဲ မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ ဟိုတစ်ဖက်ခြံက အကဲလေးမောင်နမနှစ်ယောက်က ငါ့ကို လိုးဖွဲ့ သက်သက်ရန်စသွားတာ၊ မင်းလည်း သိပါတယ်၊ သုံးမနက်ရှိပြီ၊ အပျိုကြီးတွေ လင်မရလို့ လန်ဒန်မြေပဲယိုသီချင်းကို သံကုန်ဖွင့်တာ၊ ဒါ ငါ့ကိုရန်စတာ၊ အခု အိမ်ရှေ့လာပြီး ဆိုင်ကယ်တဝူးဝူးမောင်းပြီး တစ်ယောက်တစ်ပြန် ခါးဖက်ပြီး အိမ်ရှေ့ကနေ ခေါက်တုံ့ခေါက်ပြန်မောင်းနေတာ၊ ဒါ ငါ့ကိုရိနေတာ၊ ငါ မခံဘူး လုံးဝမခံဘူး"

"ဟင်း"

ဒါတော့ တစ်ဆိတ် လွန်လွန်းပြီထင်သည်။

မမကိုများ သူတို့က ဘယ်လိုသတ်မှတ်ပြီး ရိနေထေ့နေရတာလဲ။

တစ်သက်လုံး ဘယ်လူပျို လူလွတ်ရဲ့ အပြောင်အလှောင်စကားကိုမှ မကြားခဲ့ရသည့် အစ်မဖြစ်သူကို သူတို့မောင်နမက အပြောင်အလှောင် လာဆိုပြီဆိုတော့ သူမည်းသည်းမခံနိုင်။

ထစ်ခနဲ စိတ်တိုသွားရင် မျက်နှာကြီး ညိုတင်းသွားသည့် သူ့ကို မမကလည်း အခံရခက်နေသည့် မျက်လုံးတွေဖြင့် ကြည့်လာသဖြင့် သူ ပိုပြီးမခံချင်ဖြစ်သွားရကာ ...





ခြေလှမ်းကျဲကြီးတွေဖြင့် မမဆီလျှောက်သွားလိုက်ပြီး အလောတကြီး မေးပစ်လိုက်သည်။

"ကဲ ... သူတို့မောင်နမက မမကို ဘာပြောလဲ ပြောစမ်းပါဦး"

"ငါ့ကို ဟိုအကောင်က လန်ဒန်မြေပဲယို စားချင်လိုက်တာလို့ စောင်းပြောတယ်လေ၊ ဟိုအကဲလေးကလည်း ဘာပြောသလဲဆိုတော့ လန်ဒန်မြေပဲယိုက မချိုမစိမ့်လို့ မကြိုက်ဘူးတဲ့၊ စင်ကာပူမြေပဲယိုပဲကြိုက်တယ်တဲ့၊ ဒါ တမင် ငါ့ကို အပျိုကြီးဆိုပြီး လှောင်တာပြောင်တာ၊ ဒါ လုံးဝသည်းမခံနိုင်ဘူး၊ ငါ အခုကို သူ့အမေ သွားပြောမယ်"

"အင်း ... မမကိုယ်တိုင်သွားပြော၊ ဒီထက်လွန်လာ ကျွဲလာလို့ကတော့ ဒီမောင်နမကို ဖြစ်ချင်ရာဖြစ် ပါးတစ်ချက်ဆီ ဆော်တီး ပေးလိုက်ဦးမယ်"

အစ်မဖြစ်သူ အရှက်ကြီးရှက် ဒေါသူပုန်ထပေါက်ကွဲကာ သူ့အရှေ့မှ ချာခနဲလှည့်ထွက်သွားတာကို လိုက်ကြည့်ရင်း မေလက်ထဲမှ ကြက်သွန်လိုးစတီးဓား ပါသွားတာကို တွေ့လိုက်ဖြင့် သူ မမကို အလောတကြီး လှမ်းခေါ်လိုက်မိသည်။

"မမ ... မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟဲ့"

"မမလက်ထဲမှာ ကြက်သွန်လိုးဓား ပေး ကျွန်တော့်ကိုပေးခဲ့"

"အေး ... ကြက်သွန်လှီးရင်း အကြားမတော်လို့ ထွက်ပြီး ငါ့မှာ အခွပ်ခံရသလိုဖြစ်နေပြီ၊ သေချင်းဆိုးအကဲလေးမောင်နမ၊ ငါ ဒီနေ့ ငါ့ရှေ့တည့်တည့်မှာပဲ သူ့အမေရှေ့မှာ ငါ့ကို ဒူးထောက် တောင်းပန်ခိုင်းရမယ်၊ နင် အဲဒီမှာ ကြက်သားချက်ထားလိုက်၊ ကြက်သွန်နဲ့ ငရုတ်သီးပဲထည့်ဖို့ လိုတော့တယ်၊ ကျန်တာ ငါ အကုန်ထည့်ပြီးသား၊ ကြားလား မောင်လေး"

"အင်းပါ၊ ကျွန်တော် ဟင်းချက်ထားလိုက်မယ်၊ မမ ကိစ္စသာ မမနိုင်အောင်ရှင်းခဲ့"

"အိုး ... ထက်မွန်ကျော်တို့လောကမှာ သူများကို မနိုင်ဘူးဆိုတာမရှိစေရဘူး၊ နိုင်ကိုနိုင်တယ်၊ အဲဒီမောင်နမ ငါ့ကြောင့် အရှက်ကွဲစေရမယ်၊ ငါ့ကို ဒူးထောက်လက်မြှောက်အရှုံးပေးရမယ် ခန့်တည်"

အသက်သုံးဆယ့်ခုနစ်နှစ်ပြည့်လို့ သုံးဆယ့်ရှစ်ထဲရောက်နေပြီဖြစ်တဲ့ မမအပျိုကြီးရဲ့ ဝဝဖိုင့်ဖိုင့် ကိုယ်လုံးကြီးကို ကြည့်ပြီး သူလည်း ဘာရယ်မဟုတ် ရင်မောစွာ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်လိုက်မိသည်။





အင်း ... သူလည်း မမနဲ့ ဘာထူးလဲ။

မမနဲ့ လေးနှစ်သာငယ်ပေမယ့် ...

သူသည်လည်း တောင့်တင်းတဲ့ ကိုယ်ခန္ဓာကြီးနဲ့ ရှည်လျားမြင့်မားတဲ့အရပ်ကို ပိုင်ဆိုင်ထားလို့သာ ကိုယ်လုံးက ခမှန်း မသိသာခဲ့တာ။

နင့်မို့ သူလည်း မမဂိုဏ်းဝင်သွားမလားမသိ။

မမကတော့ ဟိုတစ်ဖက်အိမ်က မောင်နှမပြောသလို အပျိုကြီးဂိုဏ်းဝင်သွားပါပြီ။

မမအပျိုကြီးဂိုဏ်းဝင်သလို လေးနှစ်လောက်ကြာသွားရင် သူလည်း လူပျိုကြီးဂိုဏ်းဝင်သွားရင်ဖြင့် ...

ဟာ ... ဒုက္ခ ... ဒုက္ခ။

ဘယ်လိုများ ကြံစားရပါမလဲ။

ငါသာ လူပျိုကြီးယောင်ယမ်းဖြစ်သွားရင်တော့ သေချင်ပါတယ်ကွာ။

ရင်ထဲက ညည်းညူလိုက်သည့် စကားသံလေးနှင့်အတူ သူ့မျက်ဝန်းထဲမှာ ဖျတ်ခနဲမြင်ယောင်လိုက်မိသည်က မမအကဲလေးလို့နာမည်တပ်ထားသည့် တစ်ဖက်ခြံက သောင်းဘီရှည်အကျပ်အညပ်တွေကို အမြဲတစေဝတ်တတ်သည့် ကောင်မလေးအက်စ်ဆန်းဂျင်ကိုပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း … ဒီကောင်မလေးနဲ့သာဆိုရင် …

ဆိုသည့် အတွေးသစ်ကလေးက သူ့တစ်ကိုယ်လုံးကို ကြက်သီးထသွားရုံမက ခေါင်းမွေးများ ထောင်ထသွားသည်အထိ ကြက်သီးထ ရင်ခုန်သွားခဲ့ရပါတော့သည်။

✻ ❥ ✻





## ၃

"ထက်ရယ် … သမီးရယ်၊ အန်တီ့သားနဲ့သမီး မိုက်ရိုင်းကြတာကို အန်တီ ဆုံးမပါ့မယ်၊ အန်တီ့သားသမီးတွေ မိုက်ရိုင်းတာကို အန်တီ အနူးအညွတ် တောင်းပန်ပါတယ်၊ နော် … သမီး၊ နောက် ဒါမျိုး ဘယ်တော့မှ မဖြစ်စေရဘူး၊ အန်တီ တာဝန်ယူပါတယ်၊ အန်တီ့သားသမီးတွေကို အန်တီ နိုင်အောင်ဆုံးမပါ့မယ်"

"ဟုတ်ကဲ့ … သူတို့တွေ သိပ်လွန်လွန်းလို့ ကျွန်မ သည်းမခံနိုင်တာပါ အန်တီ၊ ကျွန်မ သူတို့ပြန်လာတဲ့အထိ စောင့်နေဦးမယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဧည့်ခန်းဆီမှ ကြားလိုက်ရသည့် အသံကြောင့် မောင်နှမနှစ်ယောက် ဧည့်ခန်းထဲ လှမ်းဝင်တော့မယ့် ခြေလှမ်းတွေ တုံ့ခနဲ တန့်ရပ်သွားရလေသည်။

အဲဒီအချိန်မှာ မေမေက မျက်စိလျင်စွာဖြင့် အက်စ်ကို လှမ်းမြင်သွားပြီး ဒေါသအမျက် ချောင်းချောင်းထနေသည့် မျက်ဝန်းအစုံဖြင့် စိုက်ကြည့်ကာ အသံကို နည်းနည်းထိန်းပြီး လှမ်းခေါ်လိုက်လေသည်။

"အက်စ်နဲ့ အယ် ... ဒီကို လာဦး"

အက်စ်က ပခုံးကလေးတွန့်ပြီး လျှာကလေးထုတ်လိုက်သလို၊ အယ်ကလည်း ရင်ဘတ်ကကြယ်သီးကို ဖြုတ်ပြီး အကျီကို ဟထုတ်လိုက်သည်။

"ဂြိုဟ်သူမကြီး ရောက်နေတယ် အက်စ်၊ ငါတို့တော့ မလွယ်ကြောပဲ"

"ပျင်း ... သနားတယ်"

အက်စ်က ဘာမထီပုံစံဖြင့် ပခုံးနှစ်ဖက်တွန့်ကာ အယ့်အရှေ့ကနေ ဧည့်ခန်းဆီသို့ ရင်ကလေးကော့ကာ ခပ်သွက်သွက် ဝင်လိုက်သည်။





အဲဒီမိန်းမကြီးကိုတော့ လုံးဝမကြည့်ဘဲ မေမေ့ကိုသာ တစ်ချက်လျှမ်းလျှမ်း ကြည့်လိုက်သည်။

"ဘာပြောမလို့လဲ မေမေ"

"ဘာပြောမလို့လဲ ... ဟုတ်လား၊ ထိုင်စမ်း၊ နင်တို့မောင်နှမ လူကြီးသူမကို စော်ကား မော်ကား ပြောရအောင် ... ဟင်"

"ဟင် ... ဘာပြောလို့လဲ၊ ဘာမှမဆိုင်တာကြီး"

"ထိုင်စမ်း အက်စ်နဲ့ အယ်၊ နင်တို့ မိုက်ရိုင်းတိုင်း လူကြီးကို စော်ကားတာ၊ နင်တို့ တောင်းပန်ရမယ်၊ မမထက်ကို ရိုရိုကျိုးကျိုး တောင်းပန်ရမယ်"

"ဟာ ... ဘာဆိုင်လဲ၊ ဘာဆိုင်လို့ တောင်းပန်ရမှာလဲ၊ သူ့ကို အက်စ်တို့ ဘာပြောမိလို့လဲ၊ အလကားပါ"

"ဘာ ... အလကားလဲ၊ ညည်းတို့မောင်နှမ မိုက်ရိုင်းပြီး ငါ့မျက်နှာ တည့်တည့်ကိုကြည့်ပြီး ပြောခဲ့တဲ့ စကားက အလကားမလား၊ မောင်လေးကဆို တော်တော်ဒေါသထွက်နေတာ၊ မောင်လေးနဲ့ ပြဿနာဖြစ်မှာစိုးလို့ ကျွန်မ လာပြောတာ အန်တီ"

"ဘယ်က မောင်လေးက ပြဿနာရှာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က မောင်လေးကမလဲ၊ ငါ့မှာ မောင်ဆိုလို့ တစ်ယောက်တည်းရှိတာ၊ ညည်းတို့ ဒီအရွယ်ကြီး ရောက်နေပြီ မသိဘူးလား"

"စိတ်မှ မဝင်စားတာ"

အဲဒီမိန်းမကြီး ဒေါ်သမပြေ့ပြေအောင် အက်စ်က စကားတွေ လိုမ့်ပိန့်ပြောလိုက်ပေမဲ့ မေမေကတော့ ဒေါ်သခေါင် ခိုက်သွားရပြီ ဖြစ်သည်။

"အက်စ် ... တော်စမ်း"

"အန်တီ ကျွန်မကို သူတို့မောင်နှမ တောင်းပန်မှ ကျွန်မ ကျေနပ်မယ်"

"ဘာဆိုင်လို့ တောင်းပန်ရမှာလဲ၊ အက်စ်တို့ဘာသာ ခေတ်လူငယ်တွေ ဒီလိုသုံးတာ ရှင်က နားကြားပြင်းကတ်ရအောင် ဘာမှမဆိုင်ဘူး၊ တောင်းလည်း မတောင်းပန်နိုင်ဘူး၊ ဒါ ခေတ်စကား"

"ဘာလဲအေ့၊ အပျိုကြီးတွေ လင်မရလို့ လန်ဒန်မြေပဲယို ဆိုတာ ဒါခေတ်စကားလား"

"အင်း ... ခေတ့်စကားပဲ၊ မသိရင် မှတ်ထားလိုက်ဦး ဒေါ်ထက်မွန်ကျော်"





"ဘာအေ့ ... ညည်းက ... ညည်းက ငါ့ကို ဒေါ်တပ်ခေါ်ရအောင် ငါ့အရွယ်က ဒေါ်ခေါ်ရမယ့် အရွယ်လား"

"အိုးမလုံ အုံမပွင့်ပါနဲ့၊ ကျွန်မက စကားအဖြစ် ခေါ်လိုက်တာပ

"ဟင် ... ညည်း ... ညည်း စော်ကားလိုက်တာ၊ စော်ကားလိုက်တာ၊ ဒီမှာ အန်တီ၊ အန်တီ့သမီးနဲ့ သားကို နိုင်အောင် ဆုံးမထားပါ၊ နောက် ကျွန်မကို ရိုင်းရိုင်းပျပျ စော်ကားလာရင် မောင်လေးနဲ့ ပြဿနာဖြစ်မယ်၊ မောင်လေးက ဝုန်းဒိုင်းကြဲ ပေါက်ကွဲမှ အန်တီ့သမီးဘက်က အရှက်ရတယ် မဖြစ်စေနဲ့"

"ဟင်"

ညှော်ခန်းဆက်တီကနေ ဝုန်းခနဲ ထထွက်သွားသည့် တစ်ဖက်ခြံက အပျိုကြီး ဒေါ်ထက်မွန်ကျော်ကို အက်စ်တို့မောင်နှမ ဘာရယ်မဟုတ် အိတိတိမျက်လုံးတွေနှင့် သတိလက်လွတ် လိုက်ငေးကြည့်နေသည့် အချိန်မှာပဲ အက်စ် ဇက်ပိုးကို တဖြန်းဖြန်းနှင့် ဆက်ကယ် ဆက်ကယ် ဆင့်ကဲ ဆင့်ကဲ ရိုက်လိုက်သည့် လက်သံပြောင်ပြောင်ကြီးက မေမေ့လက်သံပဲဆိုတာ နာကျင်ပြီးမှ သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အက်စ်မှာ မေမေ့လက်သံပြင်းပြင်းကို ရှောင်ချိန် မရလိုက်ဘဲ ခေါင်းငုံ့ခံလိုက်ရတဲ့ အချိန်မှာ အယ်ကတော့ ညှော် ခန်းထဲကနေ ခုန်ပေါက်ပြီး အခန်းထဲကို ရှောင်ပြေး ထွက်သွား တော့သည်။

"ဟဲ့ ... အယ်စိုင်းဂျင်၊ နေစမ်း၊ နင် ... နင်တို့ကြောင့် ငါ သိက္ခာကျတာ၊ မိဘမျက်နှာကို အိုးမဲသုတ်ချင်တဲ့ကောင် နဲ့ ကောင်မ၊ နင်တို့ကို မွေးထားရတာ ငါ သိက္ခာကျတယ်၊ ဟင်း ... သင်းတို့က အလိုလိုက်ထားတော့ အမိုက်ဇော် ကားတာ၊ နောက် ဒါမျိုးပြဿနာဖြစ်သံ ကြားလို့ကတော့ နင်တို့နှစ်ယောက်စလုံးကို တိုင်မှာကြိုးတုပ်ပြီးတော့ကို အသေ ရိုက်ပစ်မယ်၊ ဟဲ့ ... မိအက်စ်ဆန်းဂျင်က ဘယ်ရောက် သွားပြီလဲ၊ အလကား မိန်းကလေး၊ လူကြီးသူမကို ကက် ကက်လန်ရန်တွေ့နေလိုက်တာ၊ နှုတ်သီးကောင်း လျှာပါးနဲ့"

အက်စ်ကလည်း အယ် အနောက်ကနေ ခုန်ပေါက် ပြေးထွက်ခဲ့ပြီး အိပ်ခန်းထဲကို အပြေးဝင်လာခဲ့သည်။

"ဟိုဟ် ... အက်စ်၊ တံခါး ... တံခါး လော့ခ်ချ၊ တော် ကြာ အခန်းထဲမှာ အခန်းတံခါးပိတ်ပြီး ငါတို့ အရိုက်ခံ နေရဦးမယ်"





"အဟီး ... ဇက်ပိုးကို စပ်ဖျင်းသွားတာပဲ၊ နာလိုက်တာ အယ်ရယ်၊ ဒါပေမဲ့ ငါ ဟိုလန်ဒန်မြေပဲယိုကြီးကို ပြောတာ ထက်စာရင် တန်ပါတယ်"

အက်စ်က တံခါးလော့ခ်ချပြီး သွားကြီးဖြီးကာ တဟီးဟီး သဘောကျလျက် ရယ်မောလိုက်သေးသည်။

မေမေ့လက်သံလောက်ကတော့ အက်စ်က ပျင်း တောင် ပျင်းသေးသည်။

ဒီလက်ရာက အလတ်စားအဆင့် ရှိသေးတာပဲ။

ဒီလောက်ကတော့ အက်စ်တို့က ပါသေးပါမွှား သဘောပိုက်ထားလိုက်သည်။

"ဒီမိန်းမကြီး ငါတို့နှစ်ယောက်ကို မျက်မုန်းကျိုးသွားမှာ သေချာတယ်"

အယ်က ကြောက်သလို ရွံ့သလို နှုတ်ခမ်းကြီးကို ခွန့်ပြီး လည်ကြီးအင့် ပြောလာတော့ အက်စ် မျက်မုန်းကျိုးသွား သည်။

ယောက်ျားဖြစ်ပြီး သတ္တိမရှိတဲ့ အယ်။

"သူ မျက်မုန်းကျိုးမှာကိုများ အရေးစိုက်လို့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို အရေးမစိုက်ချင်ပေမဲ့ ဟို ... သူ့မောင်ဆိုတဲ့ကောင်
ကြီးကိုတော့ အက်စ် နင် ကြည့်ရှောင်နော်၊ ဒီကောင်ကြီး
က အာဗ္ဗာဝက ကြည့်လုပ်၊ သူ့ရှေ့မှာတော့ နင် အပြော
နည်းနည်းဆင်ခြင်"

"အာဗ္ဗာဝကမကလို့ ဘာကြီးဖြစ်ဖြစ် အက်စ်နဲ့တွေ့ရင်
အရည်ပျော်သွားမှာပဲ"

"မဟုတ်ဘူးနော်၊ နင် ဆင်ခြင်၊ သတိလည်း သတိထား"

"မဆင်ခြင်ပါဘူး၊ တွေ့တော့ ဘာဖြစ်လဲ၊ စမ်းကြည့်ကြ
တာပေါ့"

အက်စ်က အရေးမစိုက်သလို ပြောလိုက်တာ
အယ်ကတော့ မကျေနပ်သလို မျက်မှောင်ကြီး ကုတ်သွားသည်

"မဟုတ်ဘူး၊ နင် ဆင်ခြင်၊ မဆင်ခြင်ရင် လေးပွင့်ဆိုင်
ပြဿနာဖြစ်သွားမယ်၊ ဘုရားသီချင်းကနေ လန်ဒန်မြေ
ယိုဆက်၊ အဲဒီကနေ ပြဿနာသောင်းခြောက်ထောင်
တော်တော့နော် အက်စ် နင့်ထက် ဆယ်မိနစ်ကြီးတဲ့အစ်ကို
ပြောတဲ့စကားကို နင် နားထောင်၊ နားမထောင်ရင် နင်
သမိုင်းပဲ၊ ဒီတစ်ကြိမ်ဆိုရင် မေမေ ငါတို့ကို အလဲအကျ
ရိုက်တော့မှာ"





မေမေနှင့် ခြောက်လိုက်တော့မှ အက်စ် နည်းနည်း
ငြိမ်ကျသွားရသည်။

အင်း ... ဒီတစ်ခါတော့ မေမေ ဘယ်လိုမှ ခွင့်
လွှတ်မှာ မဟုတ်တော့တာ သေချာပြီမို့ အက်စ်လည်း ကိုယ့်ပါး
စပ်ကလေးကို အထူးဆင်ခြင်ဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

✳ ❥ ✳



www.burmeseclassic.com

## ၄

ဒီကနေ့မှာတော့ အက်စ် ပြဿနာကို တည့်တည့် တိုးခဲ့ရပြန်ပြီဖြစ်သည်။

ဒီတစ်ချီ ပြဿနာကတော့ အက်စ် စသည့် ဇာတ်လမ်းမဟုတ်။

ခေါင်းရင်းအိမ်က အာဥ္စဝက စတဲ့ဇာတ်လမ်းပင် ဖြစ်သည်။

အက်စ် တစ်ယောက်တည်း မေမေထိုင်သည့် ဈေးထဲက စတိုးဆိုင်ကို ထမင်းချိုင့်သွားပို့သည့် အချိန်မှာ ခေါင်းရင်းအိမ်ကလူနဲ့ ပြဿနာ တည့်တည့်တိုးတာဖြစ်သည်။





"ဝူး"ခနဲ အက်စ် ဆိုင်ကယ်အနောက်က ကပ်ပြီး မောင်းလာသည့် ဆိုင်ကယ်မှာ ခေါင်းရင်းအိမ်က ဂြိုဟ်သားကြီး ဆိုင်ကယ်မှန်း အက်စ် ဆိုင်ကယ်အရှေ့ကို ကျော်တက်သွားသည့် ဆိုင်ကယ်ကိုမြင်တော့မှ အက်စ် နှလုံးသားတုန်စွာ သိလိုက်ရသည်။

"ဂူး ... ဝေါ"

"ဟင်"

အတွေးတွေနှင့် ကြက်သီးထချိန်တောင် မရလိုက်ဘဲ The Cross ကြီးရဲ့ဆိုင်ကယ်ကြီးက အက်စ်ဆိုင်ကယ်အရှေ့မှာ ပိတ်ကာရပ်ပြီးသား ဖြစ်သွားသည်။

"ဒါ ဘာလုပ်တာလဲ"

"မင်း မြင်တဲ့အတိုင်းပဲ"

ဘိုးတော်က မခေ။

ဒါကြောင့် အယ်က ဆင်ခြင် သတိထားလို့ ပြောလာတာ။

သို့သော် အက်စ်ကတော့ လူတစ်ယောက်ကိုကြောက်ဖို့ စိတ်ကူးထဲ ဝင်လာတောင် အဲဒီစိတ်ကူးကို မောင်းထုတ်တွန်းချပစ်လိုက်မည် ဖြစ်သည်။

ဒါပေမဲ့ ...

www.burmeseclassic.com



အခုချိန်မှာ သူက အရှေ့ကနေ ဆိုင်ကယ်ကို ပိတ်ကာရပ်လိုက်ပြီမို့ အက်စ် မလွဲသာ မရှောင်သာတော့ဘဲ ဆိုင်ကယ်ရပ်လိုက်ရတော့သည်။

ဆိုင်ကယ်ရပ်ပြီး သူ့ကို ဒေါသမျက်လုံးစိမ်းလေးတွေနှင့် စိုက်ကြည့်လိုက်တော့ သူက ဘယ်လိုမှ ကြည့်လို့အဆင်မချောသည့် မျက်နှာမာမာကြီးဖြင့် အက်စ်ကို ရှူးရှူးရှဲရှဲ စိုက်ကြည့်နေတာမို့ အက်စ်မှာ ဒီအားထက် ရည်အားသန်သွားရပါသည်။

မျက်လုံးကြီးက ကြောင်တောင်တောင်နဲ့ အက်စ်ကိုများ မရှိသားသလို ညှို့ရှိရှိကြီး စိုက်ကြည့်နေလိုက်တာ။

အက်စ်မှာ ရယ်ချင်လွန်းလို့ နှုတ်ခမ်းကလေးတွေ ဆတ်ခနဲတွန့်သွားတာကို ကျနေနှင့် ပြန်မျက်နှာပိုးသတ်ပြီး ထိုလူကြီးအကြည့်တွေကို မျက်နှာလွှဲပစ်လိုက်ရသည်။

"ဟော့လူ ... ရှင် ဘာကြောင့်တာလဲလို့ မေးနေတာ"

"ကြောင်တာက မင်း ... မင်း"

ဒေါင်းတည်မောင်းတည်နှင့် အက်စ်မျက်နှာတည်တည်ကို လက်ညှိုးကြီးထိုးပြီး ပြောနေတာ မိန်းမကြီး ကျနေတာပဲ။

အဟီး ... ရယ်ချင်လိုက်တာ။





တော်တော်လည်း ရယ်စရာကောင်းတဲ့ မောင်နှမ။

အက်စ် ရယ်ချင်လွန်းလို့ နှုတ်ခမ်းကလေးစေ့ပြီး တစ်ဖက်လှည့် ပြုံးလိုက်တာကို အဲဒီလူက မြင်ဖြစ်အောင် မြင်သွားပြီး အရဲကိုးကာ အက်စ်လက်မောင်းကို ဆတ်ခနဲ ဆွဲကိုင်လာခဲ့တာမို့ အက်စ် လန့်ဖျပ်သွားရသည်။

"ဟင် ... ဒါ ဘာလုပ်တာလဲ ... ရှင်"

"အေး ... မင်းကိုထိတော့ မင်း နာတတ်သလား"

"ရှင် ကျွန်မလက်ကို လွှတ်နော်၊ လက်ကိုကိုင်ဆွဲ နှစ်ကုဋေခွဲ ဖြစ်သွားမှယ်"

"ဖွီး ... တန်တန်ရာရာ"

"ရှင်နော် ... လွှတ်လို့ဆိုရင်"

"အေး ... မင်းကို ဆင်ခြင်ဖို့ သတိပေးမလို့၊ မင်း အေးအေးဆေးဆေး နားထောင်၊ မင်းလို မိန်းကလေးမျိုးရဲ့လက်ကို ကိုင်တာလေ၊ မင်းဆိုင်ကယ် မောင်းထွက်သွားမှာစိုးလို့၊ ကိုင်ချင်လို့ ကိုင်ထားတယ်လို့များ ထွက်မထားနဲ့"

"The Cross နှမချင်းစာပြီး ပြော"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



The Cross(သခေါသံစဉ်)ကို အမှတ်မထင် ယောင်ထွက်သွားသည့် အက်စ်မှာ ဘာပြန်ပြောရမှန်း မသိအောင် စိတ်တွေ အနည်ထိုင်သွားရသည်။

မျက်လုံးအကြည့်တွေကလည်း လမ်းမဆီကို ရုက်ဝဲဝဲရောက်သွားရသည်။

လမ်းထဲက အက်စ်တို့ကို သိကြသည့် လူတချို့ကလည်း ကွက်ကြည့်ကွက်ကြည့် ကြည့်နေကြတာမို့ အက်စ်အရှက်ကြီးရှက်ကာ မျက်နှာတစ်ပြင်လုံး ပန်းသွေးရောင် ပြေးသွားရလေသည်။

"လွှတ်နော် ... ရှင် လူမဆန်တာ မလုပ်နဲ့၊ ကျွန်မ အော်လိုက်ရင် ဟိုမှာရပ်ကြည့်နေကြတဲ့လူတွေ ရှင့်ကို ဝိုင်းရိုက်ကြလိမ့်မယ်"

"ငါလို လူမျိုးကို ရိုက်ရဲမလားကွ"

"ရှင်က ဘာကောင်မို့လို့ မရိုက်ရဲရမှာလဲ"

"ရပ်ကွက်ထဲမှာ မလှူဖူးတဲ့အလှူ မရှိတဲ့၊ အလှူအတန်းရက်ရောတဲ့ သူတော်စင်"

"သူတော်စင်တော့ မဟုတ်ဘူး၊ သူတော်ယောင်ပဲ ဖြစ်ချင်ဖြစ်မယ်၊ ရှင် ကျွန်မကို ဘာပြောမှာလဲ၊ ပြောရင် ရိုးရိုး





သားသားပြော၊ ကျွန်မလက်ကို ကိုင်ပြီးပြောစရာ မလိုဘူး၊ သနတယ်"

"ငါကလည်း မင်းလိုမိန်းကလေးမျိုးလက်ကို ကိုင်ရတာ တန်ဖိုးပဲ ..."

"ဖြန်း"

"အား ... မင်း ... မင်း ... ငါကွာ၊ သေတော့မှာပဲ"

ရင်ထဲက ဒေါသက ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ဘဲ သူ ဆုပ်ကိုင်ထားသည့်လက်ကို တအားရုန်းယူလိုက်ပြီး သူ့လက်မောင်းကြီးကို "ဖြန်း"ခနဲ အားကုန် ပိတ်ရိုက်ပစ်လိုက်သည်။

မှတ်ထား ...။

အက်စ်ကိုတော့ သူ့နှမကိုတွယ်တဲ့ မိန်းကလေးဆိုပြီး လာလက်စားချေလို့ မရ။

"မင်း ... မင်း"

"ဟုတ်တယ်၊ အဲဒါ အက်စ်ဆန်းဂျင်ပဲ၊ နောက်လာပြီးစမ်းလို့ကတော့ ဒီထက် ပြဿနာတက်သွားမယ်မှတ်၊ ရှင်တို့မောင်နှမကို ဒီက ကြည့်လို့ရနေတာ မဟုတ်ဘူး၊ ဒီမှာ တစ်ခါတည်း ကြိုတင်ပြောခဲ့မယ်၊ မနက် မနက်



www.burmeseclassic.com

www.burmeseclassic.com



အရှုးထပြီး လေးနာရီထိုး သီချင်းထဖွင့်မနေနဲ့၊ ကျွန်မတို့က ညတစ်နာရီမှအိပ်တာ၊ လုံးဝအိပ်ရေးပျက် မခံနိုင်ဘူး၊ ပြဿနာမဖြစ်ချင်ရင် ဆင်ခြင်၊ ဒါ ကြိုပြီးသတိပေးထားတာ"

အခုမှပဲ ကိုလူအ မရွှေအ မောင်နှမက ပြဿနာဖာစ်မြစ်ကို အဖြေရှာလို့ ရသွားပြီထင်သည်။

ခပ်ကြောင်ကြောင် ဖြစ်သွားသည့် မျက်လုံးတွေကချာလည် လည်သွားသလို ပါးရိုးခုံးတုံးတုံးကြီးကလည်း ဒေါသကြောင့် ပိုပြီး ခုံးထွက်ကာ သွားတွေကပါ အစွယ်ငေါ်သလို ခေါထွက်သွားတော့သည်။

"သွားမယ်၊ နောက် ရှင် ကျွန်မကို နှောင့်ယှက်လို့ကတော့ အသိပဲ၊ အရှက်မရှိ အသက်ကြီးပြီး ဒီလောက်ရမ်းကားတာ။ ကျွန်မ လုံးဝ သည်းမခံဘူး၊ ကျွန်မက မိန်းကလေးနော်၊ ရှင် သတိထား၊ စတီးလက်ကောက် ဝတ်ချင်ရင်နောက် ဒါမျိုး လက်ရဲဇက်ရဲလုပ်ပေါ့။ ဒါလား ရပ်ကွက်ထဲမှာ အလှူအတန်းနဲ့ ကျော်ကြားတဲ့ သူတော်စင်၊ မသိတဲ့လူကသာ အထင်ကြီးရင် ကြီးမယ်၊ ကျွန်မကတော့ လုံးဝ အထင်မကြီးဘူးမှတ်"





အက်စ် သူ့အရှေ့ကနေ ချာခနဲ လှည့်ထွက်လာခဲ့ပြီး ဆိုင်ကယ်ခွကာ မောင်းထွက်လာခဲ့သည်။

အနောက်ဘက်ဆီမှ ဘာသံမှ ထွက်မလာတော့သည့် ဒီလူကိုလည်း အရေးစိုက်ပြီး နည်းနည်းမှ လှည့်မကြည့်မိတော့ဘဲ ဆိုင်ကယ်ကိုသာ တစ်ရှိန်ထိုး မောင်းထွက်လာခဲ့ပါတော့သည်။

အင်း ...

ဒီအကြောင်းတွေကို အယ်သာ သိလိုက်ရရင် ...

"ကဲ ... ငါမပြောဘူးလား၊ နင့်ကို သတိထားလို့ပြောတာ"

လို့ ဆရာလုပ်ဦးမည်။

ဘာပဲဖြစ်ဖြစ် ဒီအကြောင်းတွေကိုတော့ အယ့်ကို သိအောင် ဖွင့်ပြောထားမှ အက်စ်လည်း စိတ်လုံခြုံမည်ဖြစ်သည်။

❋ ❥ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၅

တကယ်တမ်း အယ့်ကိုဖွင့်ပြောရမှာ အက်စ် နည်းနည်းတွန့်ဆုတ်သွားရသည်။

သို့သော် ...

အက်စ်နှင့် အယ်ဟာ တစ်ယောက်အကြောင်းကို တစ်ယောက် မချွင်းမချန် ဖွင့်မပြောရရင် မနေတတ်ခဲ့သလို စိတ်ထဲမှာလည်း မရှုရှိ ဖြစ်ခဲ့ရပြီမို့ အက်စ် ခေါင်းရင်းအိမ်က လူကြီးနှင့် ပြဿနာဖြစ်ခဲ့တဲ့ အကြောင်းကို အယ့်ကို တစ်လုံးမကျန် ဖွင့်ပြောလိုက်ပါတော့သည်။





အက်စ် စကားဆုံးသည်နှင့် အယ်က လက်သီးလက်မောင်းတန်းပြီးဝတ်ထားသည့် ရှပ်အင်္ကျီလက်ရှည်ကိုတောင် မိန်းမကြီးလို ဟန်ဟောင်ဆစ်ရောက်အောင် ခေါက်တင်လိုက်သေးသည်။

“ဘာ ... ဒီကောင်ကများ နင့်လက်ကိုဆွဲပြီး မာန်ချီထုတ်ရအောင် အလကားကောင်၊ ဟွန်း ... တွေ့မယ်၊ ငါနဲ့တွေ့မယ်၊ တွေ့လို့ကတော့ ခေါ်နေတဲ့သွား ယိုင်ထွက်သွားအောင် လက်သီးနဲ့ကို လှိမ့်ပိန့်ထိုးလိုက်မယ်”

နမကို ထိတော့မှ ထွန့်ထွန့်လူး ဖြစ်သွားသည့် အယ်ကို အက်စ် မနည်းဘာရိတ်အုပ်လိုက်ရသည်။

“အယ် ... နင် ရမ်းပြီးလည်း လျှောက်မလုပ်နဲ့၊ ဒီတစ်ခါ သူတို့နဲ့ ပြဿနာဖြစ်ရင် ငါတို့ အိမ်ပေါ်ကထွက်ပြေးရမှာနော်၊ မေမေက ဒီတစ်ခါ ငါတို့ကို အလဲအကွဲ ကိုင်တော့မှာ”

“ဘာလဲ၊ နင်က ဒီကောင်မောင်နမကို ကြောက်လို့လား”

“မကြောက်လို့ ငါ ဆော်ပလော်တီးခဲ့တာပေါ့ အယ်ရဲ့”

“ဟင်း ... တွေ့မယ်၊ တွေ့ကိုတွေ့မယ်၊ သူ့နမ ဓီးကွက်မကို လက်ဆွဲပြီး ရည်းစားစကား ပြောကိုပြောဦးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



အမေလောက်ရှိလည်း မှတ်လောက် သားလောက် နှောင်တရသွားအောင် လုပ်ပြဦးမယ်”

အယ်က အက်စ်ကို သဝန်တိုပြီး သူ့နမကို ပြန်ပြီး လက်စားချေပြီး လက်ဆွဲရည်းစားစကားပြောဖို့ ကြိမ်းလိုက်တော့ အက်စ် လန့်ဖျပ်သွားရလေသည်။

“ဟာ ... အယ် ... နင် လျှောက်မလုပ်နဲ့နော်၊ ဇီးကွက်မက လင်လိုချင်နေတာ၊ ဝေါ်ကြာ နင့်ကို အပေါ်ယံပြန်ကြိုက်ပြီး အမိဖမ်းလိုက်မှဖြင့် အကျိုးနည်းဖြစ်မှာ”

“ဟား ဟား ... ရမလားကွ၊ မိန်းမဆိုတာ ယောကျ်ားယူမှ ရတာ၊ ချစ်လှပါရဲ့ ကြိုက်လှပါရဲ့ဆိုပြီး ထိုင်ငိုနေတောင် ငါ့ကို မရဘူး၊ နင်သာ သတိထား၊ ဟိုအစွယ်ငေါငေါကောင်က ရပ်ကွက်ထဲမှာ အလျှုအတန်း ဘမ်းပြပြီး နင့်ကိုတွေ့မှ အရှုးအမဲသား စားရသလို ဖြစ်မယ်၊ နင် သတိထား၊ အဲဒီအကောင်နဲ့ နင် လုံးဝ မပတ်သက်မိစေနဲ့နော်၊ ယောကျ်ားဆိုတဲ့ အမျိုးဟာ ငါလည်းပဲ ကိုယ်တကယ်ချစ်တဲ့ မိန်းမနဲ့တွေ့ရရင် မိုက်မိုက်ကန်းကန်း လုပ်မိရင် လုပ်မိမှာပဲ”





အယ်က ကြောက်စရာရှိတော့လည်း မိန်းကလေးဖြစ်တဲ့ အက်စ် ထက်တောင် ကြောက်နေတာမို့ အက်စ် မျက်စောင်းထိုးလိုက်သည်။

သူ့လက်မောင်းကိုလည်း ဖြန်းခနဲ ပိတ်ရိုက်လိုက်ရင်းက ဟိုမိန်းမကြီးကို သွားမစဖို့ သတိပေးလိုက်မိပြန်သည်။

“အယ်နော်၊ ငါ အတည်ပြောနေတာ၊ နင် ဟိုဇီးကွက်မကြီးကို သွားမစနဲ့နော်၊ စလိုက်တော့ ငါနဲ့အသိပဲ”

အယ်က အက်စ်ကို ဘာမှပြန်မပြောတော့ဘဲ ပခုံးနှစ်ဖက် ပစ်တွန့်လိုက်ရင်းက အက်စ်ကို ကျောခိုင်းကာ သူ့ခုတင်မှာ တုံးလုံးကြီး ပစ်လှဲချလိုက်တော့သည်။

အက်စ်ကိုလည်း မျက်စိတစ်ဖက် မှိတ်ပြရင်း လက်သီးလက်မောင်းထောင် ကြိမ်းသလို လုပ်ပြလာခဲ့တာမို့ အက်စ်လည်း တစ်ဖက်လှည့်ပြီး မျက်စိတွေမှိတ်ကာ အိပ်ပျော်အောင်ကြိုးစားလိုက်ရပါတော့သည်။

အိပ်ပျော်အောင် ကြိုးစားလိုက်သည့် အက်စ်မျက်လုံးထဲမှာ တစ်ဖက်ခြံက ဟိုလူကြီးရဲ့ မျက်နှာတည်ကြီးက တဖွား



www.burmeseclassic.com

www.burmeseclassic.com



ဖွားပေါ်လာပြန်သလို မျက်လုံးကြောင်ကြောင်ကြီးနှင့် ရှုတည်တည်ကြီး ကြည့်ခဲ့သည့် အကြည့်ကြီးတွေက အက်စ်နလုံးသားလေးထဲကို တိုးဝင်မှန်းမသိ တိုးခတ်ဝင်ရောက်သွားခဲ့ရပြန်သည်။

ဟား ...

ဒီလူကြီးကို ငါ ဘာဖြစ်လို့ သတိတရရှိနေပါလိမ့်။

⁂ ❥ ⁂





“ဟင်”

အက်စ် ဝရန်တာကနေ တစ်ဖက် ဝရန်တာကိုလှည့်အကြည့် မထင်မှတ်ဘဲ အငိုက်မိစွာ ခံလိုက်ရပြီမို့ မျက်နှာတစ်ပြင်လုံး ရဲခနဲ နီမြန်းသွားသလို ရင်တွေလည်း တဒိန်းဒိန်းဆောင့်ခုန်သွားတော့သည်။

ကြည့်စမ်းပါဦး။

အတော်ကိုကဲတဲ့ ယောကျ်ား။

သူ့အရွယ် ဘုတ်တိကြီးနှင့် အက်စ်ကိုများ မျက်စိတစ်ဖက် မှိတ်ပြခဲ့တာ အက်စ် ဖျင်းခနဲ ဒေါသတွေ ပေါက်ကွဲမိပြီးမှ သူ့ကို လက်ဝါးထောင်ပြဖို့ သတိရလိုက်သည်။

ဒေါသထွက်လွန်းလို့ မျက်နှာလေး ချာခနဲလှည့်ပိုက်မိပြီးကာမှ ပြန်တွယ်မယ်လို့ မျက်နှာလေးကို ပြန်အလှည့် ...



www.burmeseclassic.com

www.burmeseclassic.com



သူက ဝရန်တာကို လက်နောက်ပစ်ထောက်ပြီး ကျောနိုင်းရပ်လိုက်ပြီမို့ အက်စ် သူ့နောက်ကျောပြင်ကြီးကို တစ်ခုခုနှင့် ပစ်ပေါက်ချင်သည့်စိတ်တွေ ဘယ်လိုမှ ချုပ်ထိန်းလို့မရ ဖြစ်သွားတော့သည်။

ဟင်း ... တွေ့ကြသေးတာပေါ့။

အက်စ်ကို ဒီလို လာစမ်းလို့ကတော့ လန့်ထွက်သွားမယ်မှတ်။

ဝရန်တာကို လက်နောက်ပစ်ထောက်ပြီး ကျောနိုင်းရပ်နေသည့်လူရဲ့ နောက်ကျောပြင်ကို စိုက်ကြည့်ရင်း အက်စ် လွှလွှလေးပြုံးကာ အိပ်ခန်းထဲကို အပြေးလျှောက်လာခဲ့တော့သည်။

လေးနဲ့ကို ပစ်ထည့်ရမည်။

အရှိန်နည်းနည်းလျှော့ပြီး ပစ်ရင်တော့ အထိသက်သာမှာမို့ အက်စ် အပြေးကလေးပင် လေးနဲ့ လေးသီးနှစ်လုံးဆွဲယူလာခဲ့ပြီး ...

အခုထိ ဝရန်တာမှာ မှီကျနေသည့် တစ်ဖက်ခြံက လူပျိုသိုးရဲ့ နောက်ကျောတည့်တည့်ကို လေးနဲ့တည့်တည့်ချိန်လျက် အရှိန်လျှော့ကာ ပစ်ထည့်လိုက်တော့သည်။

"ဘုတ်"





"အား" ခနဲ အော်လိုက်သည့် အသံကြီးက လေးသီးဒဏ်ကို ပြင်းပြင်းခံလိုက်ရမှန်း အက်စ် သဘောကျ နားဝင်ချိုစွာ ကြားလိုက်ရပါသည်။

လေးသီးမှန်သွားသည်နှင့် တစ်ပြိုင်နက် ဒေါသတကြီး လှည့်ကြည့်လာသည့် သူ့ကိုလည်း အက်စ် ပခုံးနှစ်ဖက်တွန့်ကာ အဲဒီလူကို လွှလွှလေးပြုံးပြပြီး လက်ကာနှုတ်ဆက် ကျောနိုင်းလိုက်ပါတော့သည်။

အဲဒီအချိန်အထိ ဟိုလူ အက်စ်တို့အိမ်ကို ကူးလာခဲ့လိမ့်မယ်လို့ အက်စ်က လုံးဝယုံကြည်မထားဘဲ အပြင်က အခုမှ ပြန်လာသည့် အယ်နှင့် အတင်းချ ရယ်သွမ်းသွေးလိုက်ပါတော့သည်။

"အယ်ရဲ့၊ တစ်ဖက်ခြံက ဟိုမျက်ကြောင်နဲ့ကြီးက ငါ့ကို မျက်စိမှိတ်ပြတာနဲ့ ငါလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး ငှက်ပစ်တဲ့လေးနဲ့ ချထည့်တာ၊ အဲဒီလူတော့ ကျောကော့ကျသွားတာပဲ၊ တစ်ခါတည်း မှတ်လောက်သားလောက်ဖြစ်သွားမှာ၊ ဟီး ဟီး ... အီစိမ့်သွားမှာတော့ သေချာပြီ"

"ဟား ဟား ... အဲဒါမှ ငါ့နှမကွ၊ ဒါမှ ငါ့နှမ၊ ချကွာ၊ ဒါမျိုးကတော့ ချထည့်စမ်း၊ ငါ အားပေးတယ်၊ အသာကုန် အားပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲယ်က ဒီတစ်ခါတော့ သဘောအကျကြီးကျသွားကာ လက်ခုပ်တီးပြီး တဟားဟား ထရယ်လိုက်လေသည်။

အက်စ်ကလည်း သဘောကျလျက် မျက်နှာလေးကို ပင့်မော့ကာ တဟီးဟီး ရယ်မောနေသည့် အချိန်မှာပဲ ...

အိမ်ရှေ့ခြံဝန်းဆီသို့ နတ်ပူးသလို ယိမ်းထိုးဝင်လာသည့် တစ်ဖက်ခြံက ငနဲကြီးကို ရုတ်တရက် တွေ့လိုက်ရသဖြင့် မောင်နှမနှစ်ယောက်စလုံး အံ့အားသင့်လျက် ဘာပြောရမှန်းမသိကြရာမရ ဖြစ်သွားချိန်မှာ အက်စ်က လက်ခုပ်တီးပြီး တစ်စခန်းမြန်းလိုက်ပြန်သည်။

"ကိုကြီးကျော်"

"ကိုကြီးကျော်"

"ကိုကြီးကျော်"

"ကိုကြီးကျော်"

"တို့ကိုကြီးကျော်"

"တို့ကိုကြီးကျော်"

"တို့ကိုကြီးကျော်"

"တို့ကိုကြီးကျော်"

"ဟင်"





တစ်ယောက်တစ်ပြန် သံပြိုင်ဟစ်နေသည့် မောင်နှမနှစ်ယောက်ကို ခန့်တည် ဘာပြန်ပြောရမှန်းမသိ ကြောင်အသွားရသည်။

ကိုယ့်ကိုယ်ကိုယ်လည်း အခုမှ သတိထားမိပြီး ပြန်ငုံ့ကြည့်လိုက်သည့်အချိန်မှာ တစ်ကိုယ်လုံး ယိမ်းထိုးကာ ဒေါသထွက်နေတာကို ပြန်သတိရလိုက်သည်။

"ဟော ... မင်း ... မင်း"

ခန့်တည် ဒေါသထွက်လွန်းလို့ ဘာစကားမှမဆိုနိုင်တော့။

အပြောင်အလှောင်လည်း ဖြစ်သည့် ဒီမောင်နှမဆီကို လာမိပြီးကာမှ အရှုံးပေးပြီး လှည့်ပြန်ဖို့ကတော့ ဘယ်တော့မှ မစဉ်းစား။

သူ့မောင် ရှိရုံမက ဘာဖြစ်ဖြစ် သူ မိုက်မိုက်ကန်းကန်းကို ခြံဝန်းထဲ ပြေးဝင်သွားလိုက်သည်။

"မင်း ... မင်း ... အတော်လွန်တဲ့ မိန်းကလေး"

"ဟော့လူ ... ခင်ဗျား ကျုပ်နှမ အသားကို နည်းနည်းမှ မထိနဲ့၊ ထိလို့ကတော့ ဒီတစ်ကြိမ်တော့ ခင်ဗျားကို ကျုပ် အသေအကြေ လုပ်ပစ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ၊ မင်းတို့က မိုက်ရိုင်းလည်း မိုက်ရိုင်းသေးတယ်"

"မိုက်ရိုင်းတာက ရှင်လေ … ရှင်၊ ရှင် မျက်ပိုးထပြီး မျက်စိမှိတ်ပြလို့ ကျွန်မကလည်း လက်ပိုးထပြီး ရှင့်ကို လေးနဲ့ကိုင်လိုက်တာ၊ အဲဒါ ကံကောင်း၊ နောက်စေ့ကိုကိုင် လိုက်ရင် အခုလောက်ဆို ရှင် ဂျောကန်း"

"မင်း"

ဘယ်လိုမှ မျိုသိပ် သည်းခံလို့ မရတော့သည့်အဆုံး အက်စ် ပခုံးနှစ်ဖက်ကို တအားဆွဲကိုင် ခါယမ်းလိုက်ပါတော့သည်။

"ဟာ … ခင်ဗျား အိမ်ပေါ်အထိ လာပြီး စော်စော်ကား ကား၊ ကဲကွာ … စော်ကားဦး"

"ခွပ်"

"ဟင် … မင်း"

ခန့်တည် ဘယ်လိုမှ စိတ်မထိန်းနိုင်အောင် လွှတ် ထွက်သွားခဲ့ရပြီဖြစ်သည်။

နဂိုကတည်းက စိတ်ကြီး ဒေါသကြီးသူပီပီ မောင် နှမနှစ်ယောက် ကိုယ်လုံးတွေကို သိမ်းကျုံးဆောင့်ဆွဲ ခါယမ်းပြီး ကမူးရှူးထိုး ဖြစ်သွားတော့သည်။





သူ တစ်ချက် သတိလွတ်သွားသည်နှင့် တစ်ပြိုင် နက် ခြေထောက်တစ်ဖက်ကို အကောင်တစ်ကောင်က အကြမ်း ပတမ်း အစိမ်းလိုက် ကိုက်ဆွဲလိုက်သဖြင့် တအားနာကျင်စူးရှ သွားကာ "အား"ခနဲ သံကုန်အော်ပြီး ခြေထောက်တစ်ဖက် ကြွ တက်သွားတော့သည်။

"ဟား … ဘာ … ဘာကောင်ကြီးလဲ"

"ဟင် … ကြောင် … ကြောင်ကြီးကိုက်တာ"

"အမယ်လေး … သွေးတွေ၊ သွေးတွေ"

"အဟား … ဟား … ဟား"

"ဟီး … ဟီး … မီးသွေး လိမ့်မှာတယ်၊ လိမ့်မှာတယ်၊ အရမ်းလိမ့်မှာတယ်"

အက်စ် အချစ်ဆုံး ကြောင်ကြီးက အက်စ်တို့ မောင်နှမကို ရန်ရှာ ရန်ပြုလာသည့် တစ်ဖက်ခြံက ဂုမ္ဘာန်ယက္ခကို အားရပါးရကို ကိုက်ထည့်လိုက်ပြီဖြစ်သည်။

ဒီကြောင်ကြီး မသင်ရဘဲ တတ်သည့် အတတ်ပညာ ကတော့- သူ့အရှေ့မှာ သူ့သခင်တွေကို ရန်ကားရန်ပြုနေတယ် ထင်ပြီး သခင်ဘက်မှ တတ်သည့် အတတ်ပညာဖြင့် ဝင်ကိုက် လိုက်ခြင်း ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ ဒီလိုမျိုး မကြုံလည်း မကြုံဖူးခဲ့တာမို့ အက်စ်မှာ သူမကြောင်ကြီး လိမ္မာတာကို သဘောတကျ ဟားတိုက်ရယ်မောရင်း ကြောင်ကိုက်ခံရသည့် လူကိုတောင် လှည့်မကြည့်နိုင်တော့ဘဲ ကြောင်ကြီးအနောက်ကို အပြေးလိုက်သွားလိုက်မိပါတော့သည်။

အဲဒီနောက် လိမ္မာလွန်းသည့် ကြောင်ကြီးကို ကြောင်အိမ်ထဲက ငါးကြင်းလုံးကြော် တစ်ကောင်လုံးကို သဒ္ဓါပိုစွာချကျွေးလိုက်ပါတော့သည်။

“စား ... စား ... မီးသျှောင်၊ တစ်ကောင်လုံးကုန်အောင်စား”

“ဟား ဟား ... အက်စ်၊ နင့်ကြောင့်ကြီးက လိမ္မာလိုက်တာကွာ၊ ဟိုကောင်ကတော့ သွေးစက်လက်နဲ့ ပြန်ဆင်းသွားပြီ၊ အီသွားတာပဲကွာ”

“အဟင်း ဟင်း ... ဒီကောင်ကြီး လိမ္မာလွန်းလို့ ငါးကြော်တစ်ကောင်လုံး ချကျွေးလိုက်တာပေါ့ အယ်ရဲ့”

သူ ပြန်သွားပြီ ဆိုတော့မှ အက်စ်လည်း အယ်နှင့်အတူ လက်ခုပ်လက်ဝါးတီးပြီး လွှတ်လွှတ်ကျွတ်ကျွတ် လျှောင်နိုင် ပြောင်နိုင်သွားတော့သည်။





မှတ်ထား ...။

ရှင့်ကို ကျွန်မရဲ့ကြောင်ကတောင် မုန်းတယ် ဆိုတာရှင် လုံးဝမေ့မထားနဲ့ ကိုခန့်တည်ကြည်။

*❥*



www.burmeseclassic.com

www.burmeseclassic.com



# ၆

"အား ... စပ်တယ်၊ စပ်တယ် မမရဲ့၊ ဖြည်းဖြည်းထည့်ပါဗျာ"

ခန့်တည်မှာ ကြောင်ကြီးကိုက်လိုက်လို့ ပေါက်ပြဲသွားသည့် ခြေထောက်က ဒဏ်ရာအပေါက်ကို ကြည့်ပြီး ငိုအားထက် ရယ်အားသန်သွားရတော့သည်။

မမကတော့ လှပါးဝလွန်းသည့် ဟိုကောင်မလေးကို တဝတပြဲကို ကျိန်ဆဲနေခဲ့ပြီဖြစ်သည်။

"အလကား သေချင်းဆိုးမလေး၊ ငါ့မောင်လေးကို လေးနဲ့လည်းပစ်သေး၊ ကြောင်ကပါ အဆစ်ကိုက်ထည့်လိုက်သေး၊ ခွေးကိုက်တယ် ဆိုတာက ကြားကောင်းသေးတယ်၊ အခု





တော့ ကြား,မကြားဖူးပါဘူး၊ ကြောင်ကိုက်လို့ ဒဏ်ရာရသတဲ့၊ ငါ မကျေနပ်ဘူး၊ သင်းတို့ မောင်နှမကို ငါလုံးဝကြည့်လို့မရတာ ကြာပြီ၊ သီချင်းပြဿနာငြိမ်းလို့ အေးအေးဆေးဆေးများ နေရမလားလို့၊ တကတဲ ပြဿနာကရှည်လိုက်တာ၊ ဒါ မင်းမကောင်းလို့၊ မင်းက ဒီကောင်မလေးကို ဘာသွားလုပ်လို့ ဟိုက မင်းကို လေးနဲ့ပစ်တဲ့အထိ ဖြစ်ရတာလဲ၊ ဟင် ... ခန့်တည်"

မမက ပြောပြောဆိုဆို သူ့ကို ရမ်းလာပြီမို့ သူ့မှာဘာပြန်ပြောရမှန်းမသိ ဖြေရှင်းရ ကျပ်သွားရသည်။

သူ့မှာ လူကြီးမပီသစွာ ကောင်မလေးကို မျက်စိနှိတ်ပြခဲ့သည့် အဖြစ်ကြီးကိုလည်း မမကို ဖွင့်မပြောရဲခဲ့။

ပြောရမှာလည်း သူ့အနေနှင့် အင်မတန် ရှက်ဖို့ကောင်းပါသည်။

"ဟင် ... ခန့်တည်၊ မင်း သူ့ကို ဘာသွားလုပ်လို့ မင်းကို သူက လေးနဲ့ပစ်ရတာလဲဆိုတာ မေးနေတယ်လေ"

"ဟာဗျာ ... မမကလည်း၊ ကျွန်တော်က သူ့ကို ဘာလုပ်ရမှာလဲ၊ သူ့အသက်နဲ့ ကျွန်တော့်အသက်က မရိုးသားစိတ်မွေးစရာလား၊ အသက်က ရှစ်နှစ်လောက် ငယ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှစ်နှစ်ငယ်ငယ်၊ ဆယ့်ရှစ်နှစ်ငယ်ငယ် ယောကျ်ားဆိုတာ ကြိုက်လို့ရတာပဲ၊ အေး ... မင်း ဒီဟာမလေးကို နာဘူးကျဖို့တော့ မပြင်နဲ့နော်၊ တစ်သက်လုံး ကိုယ်သိက္ခာနဲ့ကိုယ် နေလာတာ၊ ဒီလိုဘာမဟုတ်တဲ့ ငါးရံ့ပြာလူးမနဲ့တော့ ငါ သဘောမတူနိုင်ဘူး"

မမစကားကြီးက သူ့ကို ကြက်သီးထသွားရသလို မမလိမ်းပေးသည့် အရက်ပျံနှင့် အနာကျက်လိမ်းဆေးတွေကလည်း သူ့တစ်ကိုယ်လုံးကို ထွန့်ထွန့်လူး ပျာယာခတ်သွားတော့သည်။

"အား ... ဟား ဟား ... စပ်တယ် မမရဲ့၊ နာလည်းနာတယ်"

"အေး ... ဒါ ကြောင်ကိုက်ခံရရုံ ရှိသေးတယ်၊ ကြောင်ကိုက်ခံရတာတောင် ဒီလောက်နာနေတာနော်၊ ခန့်တည်_ မင်း လူကိုက်ခံရအောင်တော့ သွားမရှူးလိုက်ပါနဲ့ ငါမော ရယ်၊ ဆတ်စလူးမလေး ကိုက်ခံရရင် မင်း ဒီထက်ဆ ဆတ်ခါ နာမှာ"

"ဟာဗျာ ... မမကလည်း၊ ဆတ်စလူးမလေးက လူ ဘယ်လိုလုပ် ကိုက်မှာလဲ"





"ဟဲ့ ... မကိုက်ဘဲ နေမလား၊ မင်း ပတ်သက်ဖို့ ကြိုးစားရင် မင်းကိုပဲ ပြန်ထိမဲ့ စကားလုံးကို သွယ်ဝိုက်ပြောတာ"

"မမကလည်း အဲဒီလို ရှင်းရှင်း ပြောစမ်းပါ"

"အေး ... မင်းနော်၊ မင်း အေးသယောင် ရိုးသယောင်နဲ့၊ ခါပြီးတွန်နေတဲ့ ခါတွန်မကိုတော့ သွားချစ်ဖို့ မကြိုးစားနဲ့နော် ခန့်တည်၊ ငါနဲ့ အဲဒီဟာမလေး လုံးဝမဖြစ်ဘူး၊ ငါ အပြတ်ပြောထားရဲ့နဲ့ ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်လာလို့ကတော့ ငါအလွန်မဆိုနဲ့"

အင်း ...

မမနဲ့ ဟိုကောင်မလေးနဲ့ကတော့ ကမ္ဘာ့ရန်သူကြီးတွေ ဖြစ်သွားကြလေပြီ။

မငြိမ်းသောမီးပေါ့။

ဟား ...

"မင်းကို ချစ်ရတာ မလွယ်ပါလား အက်စ်ရယ်"

လို့ သူ စိတ်မကြည်နိုင်သည့်ကြားက ရင်ထဲကနေ တိုးကလေး ညည်းလိုက်မိသေးသည်။

အခုချိန်မှာ အက်စ်ကို မမက လုံးဝကြည့်မရခဲ့ပေမဲ့ ကတော့ ကလေးဆန်လွန်းသည့် မိန်းကလေးကို သဘောအကျ ကျကာ ချစ်မြတ်နိုးသွားရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလေးကို ရင်ထဲက တိတ်တိတ်ကလေး ချစ်နေခဲ့သည့် အချစ်တွေကို ဒီအချိန်မှာ မမကို ဖွင့်ဟ အသိပေးလို့ မဖြစ်သေးသလို ကောင်မလေးကိုလည်း ဖွင့်ပြောဖို့ မဝံ့မရဲ ဖြစ်နေခဲ့တာဟာ တစ်သက်လုံး သတ္တိကြောင်လွန်းသည့် လူရိုးလူအေး ဂုဏ်ပုဒ်ရခဲ့သည့် အရှိန်ကြောင့်ဆိုရင် ထိုအရှိန်တွေကို သူ တိတ်တဆိတ် ခွာချလိုက်မိတော့မည်ဖြစ်သည်။

✳❥✳



တစ်ဖက်အိမ်က ကောင်မလေးကို သူ့နှလုံးသားက လက်ခံလိုက်သည့်အချိန်မှာ ...

သူသည်လည်း ဝရန်တာမှာ အမြဲတမ်းလိုလို ထွက်ရပ်ကြည့်ပြီး မျှော်တော်ယောင်သမား ဖြစ်သွားတော့သည်။

ဒီကနေ့မှာတော့ သူ့မျက်လုံးတွေ ရွှမ်းခနဲ ခဏလွဲမစ်လိုက်မိသည်အထိ နည်းနည်း ရှက်သွားသည့် အကွက်တစ်ခုက ထိထိမိမိ ဝင်ထိလာတော့သည်။

အဲဒါကတော့ ...

တစ်ဖက်ခြံက သူ သဘောကျခဲ့သည့် ကောင်မလေးက သူတို့ခြံထောင့် ရေချိုးကန်မှာ စိတ်လွတ်ကိုယ်လွတ် "တဖြန်းဖြန်း" ရေချိုးနေခြင်းပင်ဖြစ်သည်။

ရေစိုထားသည့် ကိုယ်လုံးသွယ်သွယ်လေးနှင့် ဝင်းနေသည့် အသားအိအိကလေးတွေက တကယ့်ကို ကိုင်ကြည့်

www.burmeseclassic.com



ချင်လောက်အောင် ဝါဂွမ်းလေးလို အိစက်နေတာ သူ ကြည့်ရင်းနှင့် ရင်မောစွာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

လှလိုက်တာကွာ ...။

ဆံပင်လေးကလည်း ကုပ်ထောက် သာသာကို အဖြောင့်ဆွဲထားလို့ အိတုံနေသည်။

မျက်နှာလေးကလည်း အဝေးက လှမ်းကြည့်နေတာတောင် ထင်းခနဲ လှပလွန်းတာ ရင်ခုန်စရာအတိ ဖြစ်ခဲ့သည်။

ဒါလေးကို သူ ဟိုးအစောကတည်းက စိတ်ဝင်စားခဲ့ရင် အခုလောက်ဆိုရင် တော်တော်အရာရောက်ခဲ့ရပြီ ဖြစ်သည်။

အခုတော့ ...

အခုမှပဲ စလုံးရေစ ရှိသေးသည်။

"ဟင် ... မောင်လေး၊ မ ... မင်း ... ဒီမှာ ဘာရပ်လုပ်နေတာလဲ"

အနောက်ဘက်ဆီမှ ကြားလိုက်ရသည့် မမအသံကြီးက သူ့အာရုံကို ဝေဝါးထွေပါး သွားစေတော့သည်။

"အာ ... တိုးတိုး ပြောစမ်းပါ၊ မမကလည်း အာကျယ်ကြီးနဲ့"





"ဟဲ့ ... နင်က ဒီမှာ ဘာရှုစားနေတာလဲ၊ ဘိန်းမေ့မေ့နေလို့ လန့်သွားတာလား"

"ဟာဗျာ ... ခက်လိုက်တာ"

"ခက်တာက မင်း ... မင်း"

"ဟာ ... တိုးတိုး ပြောစမ်းပါဆိုဗျာ"

"ဟင် ... မင်းက ဘယ်သူကြားမှာစိုးလို့ ဒီလောက်ရှက်နေရတာလဲ"

"ဟင်"

တစ်ဖက်အိမ်က အာပေါင်အာရင်းသန်သန်နှင့် ပြောသည့် ဟိုမိန်းမကြီးရဲ့အသံက အက်စ် နားထဲကို အတိုင်းသားကြားလိုက်ရတာမို့ အက်စ် ရေချိုးနေရာမှ တစ်ဖက်ဝရန်တာကို ခနဲ မော့ကြည့်လိုက်မိသွားရသည်။

အဲဒီအချိန်နှင့် တစ်ပြိုင်နက် ...

ခေါ်တော မျက်လုံးကြီးနှင့် ပြူးကြောင်ကြောင်ကြီးအက်စ် ရေချိုးနေတာကို အားမနာ လျှာမကျိုး စိုက်ကြည့်နေသည့်အက်စ်မုန်းသည့် တစ်ဖက်အိမ်က လူကြီးအကြည့်တွေကြောင့်အက်စ် ဘာလုပ်ရမှန်းမသိအောင် ရင်တွေ ပရမ်းပတာ ခုန်မြည်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်တွေ တဒိမ်းဒိန်း ဆောင့်ခုန်သွားသည်အထိ ရှက်မိသွားပြီးမှ ဝရန်တာကနေ လက်ထောက်ကြည့်နေသည့် ဟို မောင်နမကို ဆတ်ခနဲ ကျောခိုင်းပြီး ထဘီတောင် ရေမလဲတော့ဘဲ အနောက်ဘက် အဝင်ဝကနေ ဇွတ်ခနဲ လှမ်းဝင်လိုက်ရပါတော့သည်။

ဟွန်း ... အလကားလူ။

မိန်းကလေးတစ်ယောက် ရေချိုးနေတာကို ဘယ်အချိန်ကများ စောင့်ကြည့်နေတယ်မသိ။

အမယ်လေး ... ရှက်စရာ ကောင်းလိုက်တာ။

မျက်ဝန်းကြောင်ကြောင်ကြီးနှင့် စိုက်ကြည့်နေသည့် မျက်ဝန်းတစ်စုံကို ဖျတ်ခနဲ မြင်ယောင်ရင်း အက်စ် မျက်နှာလေး တစ်ပြင်လုံး ရဲခနဲ နီတက်သွားသည့် ရှက်ရွံ့ရင်ခုန်သွားခဲ့ရသည့် ခံစားမှုတွေကို အက်စ်ကိုယ်အက်စ် အမြင်ကတ် မုန်းတီးသွားရပါသည်။

တစ်ဖက်အိမ်က အိမ်ပေါ်ထပ်ကို ဆောင့်ကြီးအောင့်ကြီး ဘက်သွားသည့် အက်စ် ဒေါသမငြိမ်း ဖြစ်နေသည့် အချိန်မှာ ...





တစ်ဖက်ဝရန်တာကနေ ချာခနဲ လှည့်ထွက်သွားသည့် မောင်ဖြစ်သူကို အစ်မဖြစ်သူက ကလေးလေးတစ်ယောက်လို မြည်တွန်လို့ မဆုံးတော့ချေ။

"ခန့်တည် ... မင်းက ဟိုတစ်ဖက်ခြံက ကောင်မလေး ရေချိုးနေတာကို အားမနာ လျှာမကျိုး ကြည့်နေရအောင် ဟင် ... မင်း ဒီလောက် နှာဘူးကျရလား"

"ဟာ ... မမကလည်းဗျာ၊ ကျွန်တော် ဘယ်မှာ သူ့ကို ကြည့်လို့လဲ၊ ကျွန်တော့်ဘာသာ ဝရန်တာမှာ ထွက်ရပ်နေတာ"

"ဝရန်တာမှာ သူများရေချိုးနေတုန်း မင်း ရပ်စရာလား၊ အမယ်လေး ... ရှက်စရာ ကောင်းလိုက်တာနော်၊ တစ်သက်လုံး သုံးဆယ့်သုံးနှစ်အထိ စောင့်ထိန်းလာတဲ့ မင်းရဲ့သိက္ခာတွေ အဲဒီမောင်နှမရဲ့ အထင်သေးကို ခံနိုင်ပြီပေါ့"

"ဘာဆိုင်လဲဗျာ"

"ဘာမဆိုင်ဘဲ နေမလား၊ ငါ မသိဘူး အောက်မေ့နေလားဟဲ့ ခန့်တည်ရဲ့၊ နင်က နံပြည်စုတ်ကို အမြှောက်နဲ့ ..."

"ဟာ ... မမ၊ မမ စကားကြီးကဗျာ၊ ခက်ပြီ၊ အမြီးအမောက် မလွတ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဒါပဲ အာရုံရောက်နေတာကိုးဟဲ့"

"ဟာ ... မမနော်၊ မမ အရမ်းတပီပီ မလုပ်နဲ့ဗျာ"

"ဟင် ... မင်းက ... မင်းက ငါ့စကားကို နားမဝင်ဘူး၊ နားမတင်ဘူးပေါ့၊ ဟုတ်လား"

"ခက်ရချည်ရဲ့ဗျာ၊ အလကားနေ အလကား လျှောက်ပြီး ရန်စနေသလိုဖြစ်ပြီ"

"အေးဟေ့ ... မင်းဘာသာ ပြောမရနေ၊ အဲဒီဟာမလေး မင်းကို ပြန်ကြိုက်မယ် ဆိုရင်လေ၊ ငါ လည်ပင်းအဖြတ်ခံ ရဲတယ်ဟေ့၊ အဖြတ်ခံရဲတယ် ခန့်တည်ရဲ့"

ဒီလိုမျိုး ပြောလာတော့လည်း သူ လုံးဝမခံချင်။

မခံချင်တိုင်း ပြန်ပြောရရင်လည်း မမက အရှက်မရှိ တစ်ဖက်အိမ်က ကောင်မလေးကြားအောင် သံကုန်ဟစ်ဦးမည်။

စိတ်လျှော့လိုက်တာပဲ ကောင်းပါတယ်။

ဒါမှ လောလောဆယ် နားအေးပါးအေး ဖြစ်သွားရမှာမို့ ...

မမရဲ့စကားတွေကို သူ အရေးစိုက်ပြီး ပြန်မချေပ တော့ဘဲ မမအရှေ့ကနေ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းထွက်လာ ခဲ့ပါတော့သည်။





ရင်ထဲမှာ ဘာကြောင့်ရယ်မှန်းမသိ အမောဆို့သွားသလို၊ ရင်တွေခုန်သွားသလို၊ ရင်အုံတစ်ခုလုံးပူသွားသလို၊ မတည်ငြိမ်သည့် ခံစားမှုအထွေထွေကို ခံစားလိုက်ရတာကိုတော့ သိရှိနားလည်လိုက်ရပါသည်။

* ❥ *



www.burmeseclassic.com

www.burmeseclassic.com

၇

အိမ်ရှေ့ကို ထိုးရပ်လိုက်သည့် ဆိုင်ကယ်ပေါ်မှ လူ သားကို အံ့ဩတွေဝေစွာ ငေးကြည့်နေသည့် အချိန်မှာပဲ ဆိုင်ကယ် အနောက်မှ လိုက်ပါလာသည့် မေမေက လက်ဆွဲခြင်းကြီးဆွဲပြီး ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်လေသည်။

"ဟင်"

ဘယ်လိုကနေ ဘယ်လို မေမေနဲ့ ဒီလူ ရင်းနှီးသွား ရပြီမသိ။

အက်ံစ် စိတ်ထဲကနေ အလိုမကျစွာ မျက်မှောင်လေး ကြုတ်လိုက်သည့် အချိန်မှာ မြင်တွေ့လိုက်ရသည့် မြင်ကွင်းက တကယ့်ကို ဒေါသထွက်စရာ ဖြစ်ခဲ့သည်။





"အန်တီ ပေး၊ ကျွန်တော် လက်ဆွဲခြင်း သယ်လာခဲ့မယ်"

"ရတယ် လူလေး၊ အန်တီ ဆွဲနိုင်ပါတယ်"

"ဟာ ... မဟုတ်တာ၊ အပင်တွေက မြေကြီးတွေပါတော့ လေးတယ် အန်တီရဲ့"

အက်ံစ် မြင်ရတာ မျက်မုန်းကျိုးလွန်းလို့ မျက်နှာ လေးကို ဆတ်ခနဲ လွှဲပစ်လိုက်ပြီး နေကြာစေ့ကိုပဲ လက်သည်း လေးနဲ့ခွာခွာပြီး ဖောက်ဖောက် ဝါးနေလိုက်သည်။

"ထိုင် ... လူလေး"

အမယ်လေး ... နားကြားပြင်း ကတ်လိုက်တာ။

ကိုယ့်သားသမီးတွေကို မကောင်းမြင်နေသည့် မောင် နှမကိုများ ရင်းနှီးကျွမ်းဝင်နေလိုက်တာ။

ဒီလူကလည်း အကျိုးလိုလို့ ညောင်ရေလောင်းတာပဲ ဆိတာကို အက်ံစ် ချက်ချင်းလက်ငင်း သဘောပေါက်လိုက်သည်။

"ဟယ် ... သမီးရယ်၊ ဒီမှာ သမီးအစ်ကိုကြီး လက်ထဲက လက်ဆွဲခြင်းကို ကူသယ်ဦးလေ"

အက်ံစ်က မကြားချင်ယောင်ဆောင်ပြီး အက်ံစ်ကို မျက်ဝန်းတောက်တောက်တွေနှင့် စိုက်ကြည့်နေလောက်ပြီဖြစ်သည့် အဲဒီလူရဲ့မျက်နှာကိုလည်း အထင်သေးစွာ လုံးဝမော့မကြည့်။



www.burmeseclassic.com

www.burmeseclassic.com



နေကြာစေ့ကိုပဲ တဖောက်ဖောက် ခွာစားနေလိုက်သည်။

"သမီးရယ် ... ကလေးမဟုတ် ဘာမဟုတ် နေကြာစေ့ခွံတွေ ရှုပ်ပွနေတာပဲ"

"မေမေက ဘယ်ကပြန်လာတာလဲ"

သူမ မေမေ့မျက်နှာကိုပဲ တစ်ချက်မော့ကြည့်ပြီး ခြေထောက်ချိတ်ထားတာကို နည်းနည်းမှ ရွှေ့ခြင်းမရှိဘဲ ဒီအတိုင်း ချိတ်ထိုင်ရင်းက မေးနေသည့် အက်စ်ကို သူ မျက်မှောင်ကုတ်ကြည့်လိုက်မိသည်။

ဘယ့်နှယ် အမေရှေ့မှာတောင် အပိုးမကျိုးလိုက်တာ။

သူ့ကိုများ မတူသလို မတန်သလို သဘောပိုက်ထားသလား မသိ။

ဒါမှမဟုတ် ...

သူ့ခြေလှမ်းတွေကို ကြိုတင်သိနင့်ပြီး ဖြတ်လမ်းက ရိုက်ချိုးဖို့ ဆုံးဖြတ်ထားသည့် မျက်နှာပေးများလား။

အင်း ...





သူ့မှာ အလိုလိုနေရင်း မိန်းကလေးတစ်ယောက်ရှေ့မှာ ရှုံးပွဲဆင်ခဲ့ရသည့် အဖြစ်ကို ရောက်ခဲ့ရပြီဖြစ်သည်။

အက်စ်ရှေ့မှာ ရှုံးခဲ့ရတာတွေကို တွေးပြီးစိတ်ညစ်စိတ်ပါးနေသည့်ကြားထဲ သမီးဖြစ်သူ အချိုးမပြေတာကို အမျက်ဒေါသဖြင့် စိုက်ကြည့်နေသည့် အန်တီ့ကို ကြည့်ပြီး သူ စိတ်မသက်သာစွာဖြင့် ထပြန်ဖို့ပဲ ဆုံးဖြတ်လိုက်ပါသည်။

အခုချိန်ထိ သူ့ကို လှည့်ကြည့်ဖော်မရသည့် အက်စ်ကိုလည်း ဘာမှမပြောတော့ဘဲ အန်တီ့ကိုပဲ နှုတ်ဆက်လိုက်ရပါသည်။

"အန်တီ ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"အေးကွယ် ... အေး၊ နောက်လည်း အန်တီတို့အိမ်ကို ရင်းရင်းနှီးနှီး ဝင်ပါ ထွက်ပါကွယ်၊ အိမ်နီးချင်းတွေ ခင်ခင်မင်မင် နေတာ အကောင်းဆုံးပါပဲ၊ အန်တီ့သားနဲ့သမီးကြောင့် မင်းတို့မောင်နှမတွေ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရတာတွေလည်း စိတ်ထဲ ဘာမှမထားပါတော့နဲ့လို့ အန်တီကပဲ တောင်းပန်စကား ဆိုပါတယ်"

"ဟာ ... ရပါတယ် အန်တီရဲ့။ သူတို့ ကလေးတွေမသိတတ်လို့ ဆိုးသွမ်းတာကို ကျွန်တော်တို့ မောင်နှမက ဘွေ မယူပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုးသွမ်းတာလဲ၊ ဘယ်သူက ဆိုးသွမ်းတာလဲ"

အခုမှ သူ့ကို ဒေါသမျက်လုံးတွေနှင့် စိုက်ကြည့်ပြီး ရန်တွေ့လာသည့် အက်စ်ကို သူ အမိအရ စိုက်ကြည့်ပြီး သူ့မျက်နှာကြီး ပြုံးစပ်စပ် ဖြစ်သွားရသည်။

စိတ်ဆိုးပြီး မျက်နှာရဲတက်လာသည့် ကောင်မလေးကို ကြည့်ကောင်းကောင်းနှင့် စိုက်ကြည့်နေမိပြီးမှ အန်တီ့ကိုသတိရ၊ အားနာသွားရကာ ခေါင်းတစ်ချက်ညိတ်ပြီး လှည့်ထွက်ဖို့ပြင်လိုက်ရပါသည်။

"အန်တီ အဲဒီပန်းတွေကို စိုက်ပြီးရင် ရေလောင်းပေးလိုက်ပါဦး၊ နှစ်ရက်တစ်ခါပဲ ရေလောင်းနော် အန်တီ၊ နေ့တိုင်းလောင်းတော့ ရေနှာမိပြီး သေသွားမှာစိုးလို့"

"အေးကွယ်၊ ကျေးဇူးပါပဲ သားရယ်၊ အန်တီကလေ ပန်းပင်စိုက်ရပျိုးရတာ အရမ်းဝါသနာပါတာ"

"ဟုတ်ကဲ့ ... ကျွန်တော် ပြန်လိုက်ပါဦးမယ်"

"အေး ... အေး"

အက်စ် မျက်နှာကို တစ်ချက်ကြည့်ပြီး နှုတ်ခမ်းကြီးပြုံးယောင်သမ်းကာ လှည့်ထွက်သွားသည့် သူ့နောက်ကျောပြင်ကြီးကို မုန်းလွန်းစွာ စိုက်ကြည့်ပြီး နှုတ်ခမ်းတစ်ဖက် မဲ့ပစ်လိုက်မိတော့သည်။





"ဟဲ့ ... နှုတ်ခမ်းက ဘာဖြစ်လို့ အလိုလိုနေရင်း အပေါ်ကို မဲ့,မဲ့သွားရတာလဲ"

"ရှုပ်ရှုပ်ယှက်ယှက် မေမေက ဒီလူတွေကို ဘာပတ်သက်ဖို့ ကြိုးစားတာလဲ"

"ဟဲ့ ... အဲဒီလူတွေက လူယဉ်ကျေးတွေ၊ ညည်းသာ မိုက်ရိုင်းတာ၊ မယဉ်ကျေးတာ၊ ဟိုက တကူးတက စကားစပ်မိရင်း ငါ ပန်းပင်စိုက်တာ ဝါသနာပါတာသိလို့ မြို့ပြင်က သူတို့စိုက်ပျိုးရေးခြံကြီးကို ဆိုင်ကယ်နဲ့ ခေါ်သွားတာ၊ အခု ပန်းပင်လည်းပေး၊ ဆိုင်ကယ်နဲ့လည်း ပြန်ပို့၊ ဒါကို ညည်းက ... ညည်းက ရိုင်းရိုင်းပျပျ ရန်တွေ့ချင်ရအောင်"

မေမေက ဟိုလူ့ဘက်က ဆတ်ဆတ်ခါနေပြန်ပြီ။

အဲဒါတွေကို အက်စ်တို့မောင်နှမက ကြည့်မရတာ

ဝင်။

အက်စ်တို့ကိုဆိုရင် ဘယ်တော့မှ အကောင်းမမြင်။

အကောင်းလည်း မပြောတတ်။

အဲဒါကို အက်စ်က ဒေါသထွက်မိတာဖြစ်သည်။

"သူက လူကို ဘာဆိုးသွမ်းတယ်လို့ ပြောရတာလဲ၊ မေမေက သူတော်ကောင်း ထင်နေတာလား၊ သူတော်ကောင်းမဟုတ်ဘူး၊ သူတော်ယောင် ... သူတော်ယောင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြစ်ဖြစ်နဲ့ မေမေ့ကို အော်ပြောလိုက်မိတော့ မေမေက တရှုးရှူး ဒေါသပေါက်ကွဲသွားပြန်သည်။

"ဟင် ... ညည်းဟာ ပြောရင်းဆိုရင်း ရိုင်းပျနေတာ၊ သူကမှ သူတော်ယောင် ဆောင်နိုင်သေးတယ်၊ ငါ့သမီးက တော့ မိန်းမကြမ်း၊ မိန်းမကြမ်းပေါ့"

"ဟုတ်တယ်၊ မိန်းမကြမ်းပဲ၊ မိန်းမကြမ်းဖြစ်လည်း ဘယ်သူ့ဂရုစိုက်စရာရှိလဲ၊ ဒီမောင်နှမများ အရေးစိုက်လို့"

"အမယ်လေး ... ဟိုကလည်း ညည်းလို မိုက်ရိုင်းတဲ့မိန်းကလေးမျိုးကို အရေးမစိုက်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးမနေစမ်းပါနဲ့"

မေမေ့ရှေ့ကနေ လှည့်ထွက်လာခဲ့ပေမဲ့ အနောက်ကနေ အက်စ် နားမခံနိုင်အောင် အက်စ်ကို အပြစ်တင်ပြီး တစ်ဘက်ခြံက မောင်နှမကို အထင်ကြီးတဲ့လေသံနှင့် ပြောကျန်ခဲ့သည့် မေမေ့အသံကို မကြားချင်ဘဲ ကြားလိုက်ရပြန်သည်။

ဘာပြောပြော မေမေ စိတ်ချမ်းသာတယ်ထင်တာ ယုံကြည်တာ မေမေ့ဘာသာပဲ ပြောနေပါစေ၊ အက်စ်ကတော့ လုံးဝနားမဝင် နားမတင်တော့။





ကိုယ့်သားသမီးကိုဆို ဘယ်တော့မှ အကောင်းမပြောသည့် မေမေ့ကို အရွဲ့တိုက်ချင်စိတ်က အက်စ်တစ်ကိုယ်လုံး ပျံ့နှံ့သွားတော့သည်။

❋ ❥ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၈

"အို"

ထက်မွန်ကျော် မျက်လုံးတွေ ဖျတ်ခနဲ စုံလုံးမှိတ် ပစ်လိုက်မိသည်အထိ ရှက်လန့်ထူပူသွားရလေသည်။

အို ... ကြည့်စမ်းပါဦး။

တစ်ဖက်ခြံက ထက်ကို မျက်နှာငယ်လေးဖြင့် တောင်းပန်ခဲ့သည့် အယ် ဆိုတဲ့ ကောင်လေးက ရေချိုးခါနီးတိုင်း သရက်ပင်မှာ သဲအိတ်ကြီး ချိတ်ဆွဲထားတာကို ချွေးတွေဒီးဒီးကျ အောင် အားကစားဘောင်းဘီတိုကလေးတစ်ခုကလွဲပြီး ကျန်တာ ဘာအဝတ်အစားမှ မပါဘဲ အားကောင်းသန်မာစွာ လက်သီးတွေ တစ်လုံးပြီးတစ်လုံး ပစ်သွင်းဆော်ကစားနေလိုက်တာ ဘယ်လို





ကြည့်လို့ကောင်းမှန်းမသိ ခံစားလိုက်ရသလို သူ ကစားနေတာကို ကြည့်ပြီး ထက်ရင်ထဲ နွေးငြိမ့်ငြိမ့်လေး လှုပ်ခတ် ယိမ်းနွဲ့သွားရ လေတော့သည်။

ထက် ဒီလို စိတ်ထားတွေ နူးညံ့ ပျော့ပျောင်းသွား ခဲ့ရတာ ဘာကြောင့်လဲ ဆိုတာ ထက်ကိုယ်ထက် အသိဆုံးဖြစ် သည်။

မနေ့ကမှ ထက်ကို မျက်နှာငယ်လေးနဲ့ တောင်းပန် ဘာသည့် ကောင်လေးတစ်ယောက်ကို တစ်ရက်တည်းနှင့် ရင်ထဲ က မုန်းတီးနေသည့် အမုန်းအမျက်တွေ ပြေလျော့သွားခဲ့ရတာဟာ ကောင်လေးရဲ့ ရုပ်ရည်သန့်သန့်လေးနှင့် ခပ်သွယ်သွယ် ကိုယ်လုံး အဆစ်အပေါက်တွေကို သဘောကျမိတာ စိတ်ကြောင့်ဆိုခဲ့လျှင် ထက် သိပ်ပြီးရှုးသွပ်ရာများ ကျသွားခဲ့ပြီလား။

"မမ"

လို့ မျက်နှာငယ်လေးနဲ့ လမ်းမှာ မျက်နှာချင်းဆိုင် ဆုံတည့် တိုးလာလို့ အခေါ်ခံလိုက်ရတာကို ထက်က အမျက် ချောင်းချောင်း ထနေသည့် မျက်လုံးတွေဖြင့် စိုက်ကြည့်လိုက်တော့ မှ အမုန်းဆုံးကောင်လေး ဖြစ်နေလေသည်။

"မမ"

www.burmeseclassic.com



အံ့သြလွန်းလို့ ထက် ဘာမှပြန်မပြောနိုင်ခင်မှာပဲ အဲဒီကောင်လေးက ထက်နှင့် အသားချင်းထိ ယှဉ်လိုက်လာပြီး ညှိုးငယ်စွာ သူမကို ငုံ့ကြည့်လာခဲ့လေသည်။

အို ...

ကောင်လေး အကြည့်တွေက တောင်းပန်တိုးလျှိုး နေသလို ညှိုးငယ်နေတာ ထက်ရင်ထဲ ဘယ်လိုခံစားလိုက်ရမှန်း မသိ။

ရင်တွေ တဆတ်ဆတ် ခုန်မြည်သွားရသလို အရှုံ နဲ့မမှုအောင်လည်း ခြေဖျားလက်ဖျားတွေ အေးစက်တုန်ယင်သွား ခဲ့လေသည်။

"မမကြီး"

"ဟင် ... နင် ... ဘာလဲ၊ ဘာပြောမလို့လဲ"

ကိုယ့်ထက် အသက်အများကြီးငယ်တဲ့ ကလေးတ ယောက်ကို ဒီလိုမဟောက်သင့်မှန်း နားလည်ပေမဲ့ ထက် ဝိ ဟောက်မိသွားရခြင်းဖြစ်သည်။

ဒီကောင်လေး မောင်နှမကို ထက် သိပ်မုန်းသည်လေ

ဟို ... ဟိုဒင်း"

"ဟဲ့ ... ပြောမှာဖြင့် ပြောစမ်း ကောင်လေး"





တဟိုဟိုနှင့် မရဲတရဲ ကြည့်လာသည့် ကောင်လေး ကို ထက် ထပ်ဆင့်ပိတ်ဟောက်လိုက်ပြန်သည်။

ကောင်လေးက ဒီတစ်ခါတော့ ခေါင်းကလေးငုံ့ကာ ချက်လွှာကလေးချ ငြိမ်သက်သွားလေသည်။

"မင်း ဘာအနှောင့်အယှက် ပေးမလို့လဲ ... အယ် ..."

"ဟင့်အင်း ... မနှောင့်ယှက်ပါဘူး မမကြီး၊ မမကြီးတို့ သူတော်ကောင်းတွေကို ပြစ်မှားခဲ့မိလို့ ကျွန်တော်တို့မောင် နှမ သိပ်ရှက်ရပါတယ်၊ ကျွန်တော်တို့ မောင်နှမကို မှား ခဲ့မိတဲ့ အပြစ်တွေအတွက် ခွင့်လွှတ်နားလည်ပေးပါလို့ မမကြီးကို ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်၊ မမကြီး မကျေနပ်သေးဘူး ဆိုရင်လည်း ကျွန်တော် ... ကျွန်တော် မမကြီးကို ရှိခိုး ..."

ပြောပြောဆိုဆို ထက် အရှေ့မှာ ဆောင့်ကြောင့် ထိုင်ချလိုက်သည့် ကောင်လေးကို ထက်က ကမန်းကတန်း ပခုံး ဆွဲကိုင်ပြီး ထရပ်စေလိုက်သည်။

"ဟဲ့ ... ကောင်လေး၊ လူမြင်မကောင်းတာ မလုပ်စမ်းနဲ့"

"ဒါဆို ကျွန်တော်တို့မောင်နှမကို ခွင့်လွှတ်တယ်လို့ ကတိ ပေးမှ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ပေးတယ်ကွာ၊ မင်းတို့မောင်နှမကို မ
ခွင့်လွှတ်တယ်"

"စိတ်လည်း စိတ်မဆိုးတော့ပါဘူး ပြောပါဦး မမကြီး"

"ဟဲ့ ... ကောင်လေး၊ နင် လူလည်မကျစမ်းနဲ့"

"အဟား ဟား ... မမကြီးက သဘောအရမ်းကောင်းတာ
ပဲ၊ အဲဒါကြောင့်မို့လို့ ကျွန်တော်က သိပ် ... သိပ် ..."

"ဘာလဲ ... ကောင်လေးနော်"

ထက် ဘယ်လိုရင်ခုန်သွားမှန်းမသိ စိတ်တွေအရမ်း
လှုပ်ရှားသွားခဲ့ကာ မျက်လုံးတွေတောင် ပြာဝေမှုးမိုက်သွားတော့
သည်။

ထက်ဘဝမှာ ယောကျ်ားတစ်ယောက်ဆီက ဒီလိုမျိုး
သာယာချိုစကား တစ်ခါမှ မကြားခဲ့ဖူးခဲ့တာမို့ ထက် ရှူးသွပ်သွား
တော့သည်။

"ခင်တာပဲလို့ ပြောတာပါ"

အဆုံးသတ် ပြောချလိုက်သည့် ကောင်လေးစကား
က ထက်ရဲ့ခုန်ပေါက်ပြေးလွှားနေသည့် နှလုံးသားကို တုံ့ခနဲ
တန့်သွားတော့သည်။

ထက်သည်လည်း ...





ရှက်ရမ်းရမ်းကာ ကောင်လေး လက်မောင်းလေးကို
လက်သီးဆုပ်ကလေးဖြင့် ပိတ်ထုလိုက်မိသည်အထိ စိတ်တွေနပ်ပျို
လန်းဆန်းသွားရလေပြီဖြစ်သည်။

"ကောင်လေးနော်၊ မင်း ငါ့ကို မနောက်နဲ့"

"မနောက်ပါဘူး မမကြီးရဲ့၊ ချစ်လို့ကျီစယ်တာပဲ"

ကောင်လေးရဲ့ နောက်ဆုံး အဆုံးသတ်စကားလေးကို
သူမ ရှုးမိုက်စွာ နှလုံးသားထဲ သိမ်းပိုက်သိမ်းဆည်းလိုက်မိပြီဆို
ရင် ...

နောင်ဖြစ်လာမဲ့ ပြဿနာတွေသည် ထက်အတွက်
ပါသေးပါမှား ဘဝအစိတ်အပိုင်း ဖြစ်သွားလေတော့သည်။

❋ ❥ ❋



www.burmeseclassic.com

www.burmeseclassic.com



အခုတလော မမ ဘာစိတ်ကူးတွေ ပေါက်နေသည် မသိ။

တစ်ဖက်အိမ်က မောင်နှမကို စိတ်ကောင်းမွေးပြီး အမြင်ကြည်ကြည် ပြောလာဆိုလာခဲ့တာ သူ တော်တော်အံ့သြသွားရပါသည်။

"ခန့်တည် ဟိုတစ်ဖက်အိမ်က မောင်နှမက တို့အပေါ် ဆိုးသလိုလိုနဲ့ မဆိုးဘူးဟဲ့၊ ကောင်လေးက စိတ်ကောင်းရှိသား၊ ကောင်မလေးလည်း စိတ်ကောင်းရှိမယ့်ပုံပဲ၊ အားလေ ရုပ်ကလေးတွေက ဒီလောက် နုဖပ်ပြီး ချောနေတာ၊ စိတ်လည်းနူးညံ့ပျော့ပျောင်းမှာပေါ့"

"ဟင် ... မမကို သူတို့က ဘာများ ကြိုက်စာကျွေးလိုက်ပြီလဲ"





"ဟဲ့ ... ငါ့ကို ကြိုက်စာကျွေးရအောင် ငါက ကြောင်လား၊ ခွေးလားဟဲ့၊ နင် ပြောလိုက်တဲ့ စကားက အသုံးကိုမကျဘူး၊ အဲဒါကြောင့် ဘယ်မိန်းမကမှ နင့်ကို မကြိုက်တာ"

"ဟင်"

ဒီလိုပြောလာတော့လည်း သူ လုံးဝမခံချင်။

မခံချင်တိုင်း စိတ်ထဲရှိတာ မမကို ပွင့်အန်လို့လည်း မဖြစ်။

သူကလည်း သူပါပဲ။

ဒီအရွယ်ကြီးအထိ ဘယ်မိန်းမကိုမှ ချစ်ခဲ့ကြိုက်ခဲ့ဖူးတာ မရှိတော့လည်း အချင်းချင်း အတူတူ သူ့မှာ လိုမ့်ခံနေရပြီဖြစ်သည်။

"မမ အဲဒီလိုတော့ မပြောနဲ့ဗျာ၊ ကျွန်တော်က ယောကျ်ား၊ ကိုယ်ကြိုက်ချင်တဲ့ မိန်းကလေးကို ခေါင်းခေါက်ရွေးယူလို့ရတယ်၊ ယောကျ်ားတစ်ယောက်မှာ ပိုက်ဆံထောတယ်၊ အရည်အချင်းရှိတယ်၊ မပွေမရှုပ်ဘူးဆိုရင် ဘယ်သူ့သွားပြောပြော ခေါင်းညိတ်လက်ခံမဲ့သူချည်းပဲ"

"အမယ်လေး ... ဟုတ်ပါသတဲ့တော်၊ ဟုတ်ပါသတဲ့၊ မင်း သွားပြောလို့ရတဲ့ မိန်းကလေးထဲမှာတော့ ဟိုမိန်းကလေးတော့ ပါမယ်မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မိန်းကလေးလဲ"

"အက်စ်"

မျက်နှာမူမူအင့်အင့်ကြီးဖြင့် ပြောလာသည့် မမကို လည်း ဘယ်ယောကျ်ားကမှ မကြိုက်ပါဘူးလို့ ပြန်ပြောရင်လည်း မမ ကိုယ်လုံးဝတုတ်တုတ်ကြီးဖြင့် ထခုန်ကဆုန်ပေါက်ဦးမည်။

မမ ကဆုန်ပေါက်မှာစိုးပြီး ရင်ထဲက စကားတွေကို တစ်စွန်းတစ်စတောင် ဖွင့်ဟမပြောဖြစ်ပေမဲ့ မမက သူ့ရင်ထဲက နလုံးသားကို ပါးနပ်စွာ ရိပ်မိနေခဲ့တာကိုပဲ သူ ရင်ခုန်သာယာ သွားတော့သည်။

ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားလိုက်ရသည်အထိ ရင်ခုန်စိတ်လှုပ်ရှားသွားခဲ့ရတာတွေကို မမ မရိပ်မိအောင် ယောင် ယောင်လေးထိန်းပြီး မမစကားကို မကြားယောင်ဆောင်ကာ စက်ရုံထဲကိုပဲသွားဖို့ လှည့်ထွက်လာခဲ့တော့သည်။

အင်း … မမ တစ်ယောက်တော့ ကျားသားမိုးကြိုး တစ်ဖက်အိမ်က မောင်နှမကို ချီးကျူးလာခဲ့တာ သူ ဘယ်လို စဉ်းစားရမှန်းတောင် မသိ။

ကောင်မလေးများ မမကို လမ်းမှာတွေ့လို့ တောင်း ပန်စကား ဆိုလိုက်တာများလား။





အတွေးတစ်ချက်က လှစ်ခနဲ ဝင်သွားသည်နှင့် အရှေ့ဘက်ဆီက ဝူးခနဲ မောင်းထွက်သွားသည့် ဆိုင်ကယ်က သူမလေးဆိုင်ကယ် ဖြစ်နေခဲ့တာက သူ့အတွက် ရင်ခုန်ကဗျာ တစ်ပုဒ် ဖြစ်သွားတော့သည်။

မကြီးမငယ်နှင့် ရှုးတယ်ပဲပြောပြော ပေါတယ်ပဲ ဆိုဆို ချစ်မိပြီဆိုရင်ဖြင့် ရှုးသင့်ရှုးရမှာပဲ ခံယူကာ သူမဆိုင်ကယ် အနောက်ကို ဆိုင်ကယ်တရကြမ်း မောင်းလိုက်သွားပြီး သူမဆိုင် ကယ်အရှေ့မှာ ကားရပ်လိုက်ပါတော့သည်။

"ဟာင်"

ဒီတစ်ခါတော့ အက်စ် ဘယ်လိုမှ သည်းမခံနိုင်တော့။

ဒီလူ နှောင့်ယှက်တာ လွန်လွန်းပြီဖြစ်သည်။

လမ်းမှာတွေ့လိုက်တာနဲ့ သူက ဒီလို သူထင်ရာ သူစိုင်းရအောင် သူက ဘာကောင်မို့လို့လဲ။

"ဒီမှာ"

အက်စစ် ဘယ်လိုမှ သည်းမခံနိုင်သလို ဒေါသက သည်း ပွင့်သွားရပြီဖြစ်သည်။

စူးတောက်သည့် မျက်လုံးတွေက ဒေါသကြောင့် ပြီး စိမ်းလက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြော"

ခေါင်းကို ဆတ်ခနဲညိတ်ပြီး မျက်ကြောင် မျက်လုံး
ကြီးတွေဖြင့် အက်စ်မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေ
တာ အက်စ် ရှုံရှာလွန်းလို့ မျက်နှာလေးကို လွှဲပစ်ချင်ပေမဲ့ သူ့
ကို အရှုံးပေးရာ ရောက်မှာစိုးလို့ မျက်နှာကို လုံးဝမလှည့်တော့
ဘဲ တင်းနေအောင် မော့ထားလိုက်သည်။

"ပြောလေ"

အက်စ် ဘာမှမပြောခဲ့ဘဲ ဆိုင်ကယ်ခရက်ကနေ
သူ့ကို တစ်ချက်တည်တည်ကြည့်ပြီး ပါးစပ်ထဲကို လက်ညှိုးထိုး
ထည့်ကာ ...

"ဝေါ့"ခနဲ ထိုးအန်ပြလိုက်သည်။

"ဟင် ... ဘာဖြစ်တာလဲ"

"ရွံလို့ ... ရွံလို့ပါ၊ ရှင် အရှေ့ကနေ ထွက်သွားပါတော့"

"ဟား ဟား ... မင်းက ကိုယ့်ကို ရွံတာလား"

ကြည့်ပါဦး ...

နည်းနည်းမှ အရှက်မရှိ မျက်နှာက ပြုံတီတီနဲ့ ဖြစ်
နိုင်ရင် ဆွဲလွှဲသာ တီးပစ်လိုက်ချင်တယ်။





ကိုယ့်ထက် အသက်အများကြီး ကြီးနေလို့ မနည်း
ကြိတ်မှိတ်သည်းခံထားရတာဖြစ်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ရှင့်မျက်နှာကြည့်ရတာ ရွံလွန်း
လို့"

"ကိုယ်ကတော့ မင်းမျက်နှာလေး ကြည့်ရတာ သိပ်ချစ်လို့"

"ဘာ"

"ရှင် ... ရှင် အသက်ကြီးပြီး အချိန်မစီး မလုပ်နဲ့"

"အချိန်မစီးမှ အချစ်ကြီးမှာလေ၊ မင်း မကြိုက်ဘူးလား"

အက်စ် ဒီလူ့ရှေ့က ဆိုင်ကယ်မောင်းထွက်ဖို့ ပြင်
ဆင်လိုက်တော့သည်။

ဖြစ်ချင်ရာဖြစ် အရှေ့က မဖယ်ပေးရင်တော့ အက်စ်
ကတော့ အလဲအကွဲ တိုက်ချသွားမှာပဲ။

"ဟာ ... ဟေ့၊ နေဦးလေ"

"ရှင် သေချင်ရင် ရှေ့မှာ ဆက်ရပ်နေလိုက်"

"မသေချင်သေးပါဘူး၊ ကိုယ်ချစ်တဲ့ မိန်းမကို မရမချင်း
မသေနိုင်သေးပါဘူး"

"တောက် ... တဏှာရူး ယောက်ျားတွေ၊ လောကမှာ ရှိ
နေသရွေ့ ဒီကမ္ဘာကြီးမှာ HIV ဆိုတာ ရှိနေဦးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကွေ့ရှောင်ကာ ဆိုင်ကယ်မောင်းထွက်လာခဲ့ပြီး အက်စ် ဘာမှဂရုမစိုက်တော့ဘဲ မြို့ထဲဆိုင်ကိုပဲ ဦးတည်လိုက်တော့သည်။

သူကတော့ အနောက်မှာ ဘယ်လိုပုံစံနှင့် ကျန်ခဲ့တယ် မသိ။

အက်စ်ကတော့ ခြေလှမ်းစိပ်လာပြီဖြစ်တဲ့ ဒီလူ့ခြေလှမ်းတွေအတွက် ရင်မောရမလို ရင်ခုန်ရမလိုနှင့် ဘာမှန်းမသိသည့် ခံစားမှုတွေဖြင့် ခြောက်သွေ့နေသည့် နှုတ်ခမ်းကလေးကို လျှာဖြင့် တစ်ချက်သိမ်းကာ ရင်မောမှန်းမသိ ရင်မောသွားရလေတော့သည်။

❋ ❥ ❋





၉

အခုတလော အယ် တစ်ယောက် ဘာတွေကြံစည်နေ[illegible]ယ် မသိ။ တစ်ယောက်တည်း တိတ်တိတ်ကလေး ကျိတ်ငြိမ်[illegible]ဘတ်သလို၊ တစ်ဖက်ခြံကိုလည်း မကြာခဏ ဆိုသလို ခိုးခိုး[illegible]ည့်တတ်နေခဲ့တာမို့ အက်စ် အယ်ကို မသင်္ကာတော့ချေ။

ယောကျ်ားဆိုတဲ့အမျိုးဟာ ပြောလို့ရတာမဟုတ်။

သနားမိပြီဆိုရင် သူတို့က မိန်းမတစ်ယောက်ကို [illegible]က်ကြီးတယ်၊ ငယ်တယ်၊ ပျိုတယ်၊ အိုတယ်၊ ဆင်းရဲတယ်၊ [illegible]သာတယ်၊ ဝတယ်၊ ပိန်တယ် စဉ်းစား ဆင်ခြင်တော့တာ[illegible]တ်။



www.burmeseclassic.com

www.burmeseclassic.com



အယ်များ ဟိုအိမ်က ဝတုတ်မ ဇီးကွက်ကြီးကို စိတ်ဝင်စားသွားပြီး ချစ်မိသွားရင်ဖြင့် အက်စ်နဲ့ အသေအလဲ လက်သီးထိုးပွဲ ကျင်းပလိုက်မှာပဲ။

အက်စ် အဲဒီလောက်အထိ အဲဒီမိန်းမကြီးကို မုန်းသလို အယ် အတွက်လည်း စိုးရိမ်သွားရသည်။

မိန်းမကြီးက ဘယ်ယောက်ျားကမှ သူ့လာမကြိုက်တော့ ဆွလေးလုပ်သည့် အယ့်ကို အသေအကြေ ကပ်တော့မှာ။

မိန်းမမာယာသဲကိုးဖြာ။

မျက်ရည်တစ်စက် ယောက်ျားအတွက်များ ဖြစ်သွားရင် အဲဒီယောက်ျားထဲမှာ အယ် လုံးဝမပါစေရ။

အခုလည်းကြည့် ...

အယ်က ပြတင်းတံခါးကိုဖွင့်ပြီး တစ်ဖက်ခြံ ဝတုတ်မ ပန်းခြံထဲမှာ ပန်းပင်ရေလောင်းနေတာကို အက်စ် လှမ်းမြင်ပြီး ချောင်းမနေတာ အက်စ် အသည်းထဲ စူးတက်သွားသည် အထိ မနာလိုစိတ် ပြင်းသွားရတော့သည်။

"ဒါ ဘာကြည့်နေတာလဲ အယ်"

"ဟာ ... လန့်လိုက်တာ အက်စ်ရယ်"





"ဘာလဲ ... နင်က ... နင်က ဝတုတ်မကို စိတ်ဝင်စားနေတာလား၊ ဟင် ... ပြောတော့ ဇီးကွက်မ၊ ဇီးကွက်မနဲ့ အဲဒီဇီးကွက်မကို နင် သာယာတွယ်တာနေပြီလား၊ အေး ... အဲဒါဆိုရင်တော့ ငါနဲ့အတွေ့ပဲ၊ ကိုယ့်အသက်အရွယ်နဲ့ မမျှအောင် ပဲပေးနေတဲ့ ဇီးကွက်မကို လည်ပင်းသွားညှစ်ဦးမယ်၊ ကြည့်နေ"

"ဟာ ... မလုပ်လိုက်ပါနဲ့"

"ဘာမလုပ်ရမှာလဲ၊ လုပ်မယ်၊ လုပ်မယ်၊ ဒီမောင်နှမညာဏ်များနေတာကို ဆုံးမရမှာပဲ"

"သူ့မောင်က နင့်ကို ဘာလုပ်လိုက်ပြန်ပြီလဲ"

"ဘာလုပ်ရမလဲ၊ ရည်းစားစကား ပြောပြီလေ၊ အသက်ကကြီး၊ မိန်းမက လိုချင်၊ ကြိုက်စရာက ဘယ်သူမှမရှိ၊ သူ့လည်း ဘယ်သူမှ ပြန်မကြိုက်ဆိုတော့ နီးစပ်ရာကိုပဲ ကပ်ပြီး ရိုတ်တော့တာပေါ့"

"ဟင် ... ဟင် ... ဒီကောင်က ရာရာစစ နင့်ကို၊ အေး ... အဲဒါကြောင့်မို့ ငါကလည်း သူ့နှမကို အချဉ်ဖမ်းပြီး အေးအေးဆေးဆေး ဖမ်းစားလိုက်ဦးမယ်၊ ငါ အမြတ်ထုတ်မှာနော် အက်စ်၊ ယောက်ျားဆိုတာ မရှုံးဘူးကွ၊ နင်ကတော့



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ဟိုကောင်ကြီးနဲ့လွတ်အောင် ရှောင်ပေတော့၊ ငါ အဲဒီကောင်ကြီးကို ယောက်ဖမတော်နိုင်ဘူး၊ လုံး၀ နင်နဲ့ သဘောမတူဘူး၊ ငါ့နှမကို အချောစားယောကျ်ား ဟိုင်း ဘော့စ်နဲ့ပဲ သဘောတူနိုင်မယ်"

"အေး ... ငါလည်း နင့်ကို ဇီးကွက်မနဲ့ လုံး၀မငြိစေချင် ဘူး၊ တော်ကြာ နင် ဇီးကွက်မ ကွန်ယက်ထဲက မလွတ် နိုင်မှ ငါ ရင်ခွဲမှာနော်၊ အယ် အပျက် အပျက်နဲ့ နှာခေါင်း သွေး ထွက်နေမယ်၊ ကြည့်လုပ်"

"မထွက်ပါဘူးဟာ၊ ယောကျ်ားပဲ၊ မိန်းမမှ မာယာကြွယ် တာ မဟုတ်ဘူး၊ ယောကျ်ားလည်း မိန်းမမာယာထက် ကြွယ်လို့ရပါတယ်"

"ကြည့်လည်း လုပ်ပါဦး အယ်ရယ်၊ နင့်ကြောင့် တော်ကြာ ငါ လျောင်ပိတ်မိနေပါဦးမယ်၊ ဟိုလူကနော် ပိုက်ဆံရှိတယ်၊ ပိုက်ဆံရှိတဲ့ယောကျ်ားက ဉာဏ်ပါးတယ်နော်၊ တော်ကြာ သူ့နှမကိုထိလို့ဆိုပြီး နင့်နှမဖြစ်တဲ့ ငါ့ဘက်ကို ရမ်းကားလာ ပြီဆိုရင်တော့ ငါကတော့ ဆော်ထည့်မှာပဲ၊ ဒီတစ်ခါတော့ သူ့ကို ခေါင်းရိုက်ပစ်မှာနော်"

"ရိုက်ကွာ ဘာဖြစ်လဲ၊ ထောင်ထဲဝင်မှုးတာပေါ့"





အက်စ်က တကယ်မရိုက်ဘူးဆိုတာ သိသည့် အယ်ကလည်း မြှောက်ထိုးပင့်ကော်ပြောပြီး သဘောကျကာ တဟားဟား အော်ရယ်ပစ်လိုက်ပါတော့သည်။

အက်စ်ကိုလည်း ခေါင်းကလေးဆွဲနှိမ်ပြီး လက်ဖြင့် တစ်ချက်ရိုက်ပစ်ကာ စလိုက်သေးသည်။

"အဲဒီလိုတော့ သွားမလုပ်နဲ့နော်၊ တော်ကြာ လူဆိုးတွေ ထိန်းတဲ့ထောင် မကျဘဲ အိမ်ထိန်းတဲ့ထောင် ကျသွားမှဖြင့်"

"အယ်နော် ... ငါ မကြိုက်ဘူး၊ ဒီလူနဲ့မစနဲ့"

အက်စ် ဘယ်လိုရှက်သွားမှန်းမသိ ခံစားလိုက်ရကာ မျက်နှာတစ်ပြင်လုံး နွေးထုံသွားတော့သည်။

"အေးပါ၊ နင်မှ မကြိုက်တာ မဟုတ်ဘူး၊ ငါလည်းမကြိုက် ပါဘူး၊ ဒီလူ့လည်း ယောက်ဖမတော်နိုင်ပါဘူးကွာ"

"ဟင်း"

ဒီတစ်ကြိမ်မှာတော့ အယ်ရဲ့ ဒီလူ့လည်း ယောက်ဖ မတော်နိုင်ပါဘူးကွာ ဆိုတဲ့ စကားကြီးကို အက်စ် ရင်ခုန်စိတ် လှုပ်ရှားစွာ နားထောင်လိုက်မိတာကိုတော့ ကိုယ့်ဘာသာကိုယ်ပဲ သိလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲရှိတဲ့ ခံစားချက်တွေကို အယ်ကို ဖွင့်ပြောခဲ့လျှင်လည်း အယ်က စိတ်ဆိုးဦးမည်လား မသိ။

မပြောတာဘဲ အကောင်းဆုံးဟု ခံယူကာ အက်စ်တစ်ယောက် သူ့ကို စိတ်ဝင်စားမှုန်း မသိ၊ သဘောကျမှုန်းမသိ ခံစားမှု အတွေ့တွေ့ဖြင့် ခံစားလိုက်ရပါတော့သည်။

❋ ❥ ❋





"ဟင်"

စတီးချိုင့် လေးဆင့်ချိုင့်ကြီးဆွဲပြီး အိမ်ထဲကို အိပက်အိပက် လှမ်းဝင်လာသည့် ဟိုမိန်းမကြီးကို မြင်လိုက်တာနှင့် အက်စ်ကလည်း လှည့်နေသည့် မျက်နှာကို အနောက်ကို ပြန်လှည့်ပြီး ကျောခိုင်းပြီးသား ဖြစ်သွားရသည်။

"ထက် ... သမီး၊ ချိုင့်ကြီးဆွဲပြီး ဘာတွေလာပို့တာလဲကွယ်"

ဆိုတဲ့ မေမေ့အသံကလည်း အက်စ် နားထဲမှာ အလောစွာ ဝင်ရောက်လာခဲ့သည်။

ဟင်း ... ဒီမိန်းမကြီး အရှက်မရှိ အခုကျတော့လည်း အက်စ်တို့အိမ်ကို ဝင်ထွက်နေပြန်ပြီ။

အကျိုးရှိလို့ အကြောင်းတရား ရောက်လာတာဆိုတာလည်း အက်စ်သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအကောင် အယ်ကလည်း ကိုယ့်အမေလောက်

တဲ့ မိန်းမကြီးကို ဘယ်အထိ ဝင်ဖမ်းသွားခဲ့ပြီမသိ။

သိပ်မကြာသည့် အချိန်မှာ ရုပ်တန်းကရုပ်မိုင်းတော

မှပဲ။

ဒီအတိုင်း ဆက်လျှောက်လို့ မဖြစ်တော့။

"သမီးရယ် အားနာစရာကွယ်"

"အားမနာပါနဲ့ အန်တီရယ်၊ အိမ်နီးချင်းတွေပဲ၊ ထက်တ

မုန့်လုပ်စားတော့ အန်တီတို့ကိုလည်း သတိရတာနဲ့ ပေ

ပေါများများ လုပ်လိုက်တာပါ၊ ဒါနဲ့ကလေးတွေရော အသ

မကြားမိပါလား"

"သားကတော့ သူ့သူငယ်ချင်းတွေနဲ့ အပြင်ထွက်သွားတယ်

သမီးကတော့ အိမ်ထဲမှာ ရှိတယ်ထင်တယ်"

ရှိပါတယ်၊ ရှိပါတယ်၊ မကြားလောက်ဘူးထင်ပြ

သားသမီးအတင်းကို ဘာမကောင်းကြောင်း ပြောဦးမလဲ။

အက်စ် စိတ်ထဲကနေ မေမေ့ကို မကျေနပ်နိုင်ဘ

ခံပြောနေလိုက်သည်။

ထင်သည့်အတိုင်းပင် မေမေက အသံကိုနှိမ့်ပြ

အက်စ်နဲ့ အယ် ဆိုးကြောင်းတွေကို တစ်ဖက်အိမ်က မိန်းမကြ

ကို အတင်းအုပ်တော့သည်။





"အန်တီ့ သားသမီးတွေ ဆိုးခဲ့တာတွေကို အန်တီ အရမ်း အားနာတယ် ထက်ရယ်၊ သားနဲ့သမီး မလိမ္မာတာတွေ့ရင်လည်း အန်တီ့ကို ပြန်ပြောပါကွယ်"

"မဆိုးပါဘူး အန်တီရဲ့၊ အန်တီ့သားရော သမီးပါ တကယ် ရင်းရင်းနှီးနှီး စကားပြောကြည့်တော့ မဆိုးပါဘူး၊ လိမ္မာပါတယ်၊ ခေတ်လူငယ်တွေဆိုတော့ နည်းနည်း ဆောင့်ကြွားကြွား ဖြစ်တာကလွဲပြီး စိတ်ဓာတ်ကလေးတွေ ယဉ်ကျေးသလို နှစ်ယောက်စလုံး လိမ္မာကြပါတယ်"

"အေး ... ဟုတ်မယ်၊ ဟုတ်မယ်"

တစ်ဖက်က လိမ္မာပါတယ်လို့ ထောက်ခံတာတောင် အခုထိ လိမ္မာပါတယ်လို့ မသတ်မှတ်ချင်ဘဲ ...

"အေး ... ဟုတ်မယ်၊ ဟုတ်မယ်"

လို့ မတင်မကျကြီး ထောက်ခံလိုက်ရသည့် မေမေ့ကိုလည်း အက်စ် တော်တော်စိတ်ဆိုးသွားရပါသည်။

မေမေ့မှာတော့ အက်စ်တို့မောင်နှမ မလိမ္မာကြောင်း ပြောရတာ လျှာအရသာများ ရှိသလားမသိ။

ကိုယ့်သားသမီးကို လိမ္မာပါတယ်လို့ ပြောလိုက်ရရင် ရှက်စရာစကားများ ကြားလိုက်ရတယ်လို့များ ခံယူထားသလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်။

အက်စ်တို့မောင်နှမကလည်း မေမေ မလိမ္မာဘူးလို့ သတ်မှတ်ထားသည့် သတ်မှတ်ချက်အတိုင်း ဟိုမောင်နှမကို ဘုကန်လန့်တိုက်ဖို့ပဲ ဆုံးဖြတ်ထားတော့သည်။

အခုလို အက်စ်တို့မောင်နှမ ဆိုးရတာ မေမေ သင်ခဲ့တာပဲ မေမေလို့ ဆိုပြီး တစ်နေ့ အခွင့်အရေးရရင် ပြန်ဟစ်လိုက်ချင်ပါသေးသည်။

မေမေကတော့ အက်စ်နဲ့ အယ်ကို မိန်းမဆိုး လူဆိုးတွေအဖြစ် နှလုံးသားမှာ သွင်းပိုက်ထားခဲ့လေပြီဖြစ်သည်။

အဲဒီအတွက် အက်စ် ဝမ်းမနည်းပါ။

ပိုပြီးတော့ပဲ အရွဲ့တိုက်ချင်ပါသည်။

❋ ❥ ❋





၁၀

အိမ်မှာ အဝင်အထွက် ခြေလှမ်းစိပ်လာသည့် တစ်ဖက်အိမ်က လူကြီးကို အက်စ်တို့မောင်နှမ မျက်မုန်းကျိုးခဲ့ပေမဲ့ ...

မေမေကတော့ အားကိုးစရာ သိကြားမင်းကြီးရောက်လာသလို ဝမ်းသာအယ်လဲ ဖြစ်လို့ကို မဆုံးတော့။

မဟုတ်မှလွဲရော အက်စ်ကို ဟိုလူကြီး သဘောကျနေတာသိလို့ သမက်ကောင်း သမက်လောင်းကြီးဆိုပြီး စိတ်ကူးဖြင့် ကျေနပ်နေသည်လား မသိ။

မေမေ ဘယ်လောက် ကျေနပ် ကျေနပ် အက်စ်ကတော့ ခေါင်းခါယမ်းသလို မျက်စိစုံမှိတ်ပြီး ထပ်ဆင့်ခါယမ်းလိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရင်ထဲက စိတ်ဝင်စားခဲ့ပေမဲ့ ...

တကယ့်လက်တွေ့ကျ မုန်းလှပါသည်။

"ချပ်"

"ဟင်"

အတွေးတွေဖြင့် တစ်ယောက်တည်း စိတ်မကြည်ဖြစ်နေသည့် အက်စ် မျက်နှာတည့်တည့်ရှေ့မှာ လက်ခန်ဖြစ်သွားသလို ဘေးတစ်ဖက်ကို ဖျတ်ခနဲလှည့်အကြည့် ...

"ဟင်"

ကင်မရာကိုင်လျက် အက်စ်ကို ပြုံးတော့မယောင်တည်တော့မယောင် မနေတတ် မထိုင်တတ် မျက်နှာကြီးကို စူးခနဲ တစ်ချက်ကြည့်လိုက်မိသည်။

"ရှင် အခု ကျွန်မပုံတွေကို ဖျက်လိုက်"

"လိုချင်လို့ ဖြောင်တင်ရိုက်တာပဲ ဘာလို့ဖျက်ပစ်ရမှာလဲ"

သူက လေကလေးတောင် တစ်ချက်ချွန်လိုက်သေးသည်။

သူ့ရဲ့ အဲဒီလို မတုန်မလှုပ်ပုံစံကြီးကို အရမ်းမုန်းသွားခဲ့ရကာ အက်စ် သူ့လက်ထဲက ကင်မရာကို ဆွဲလုပစ်လိုက်တော့သည်။





"ဟာ ... မော့ ... မင်း ... ဒါ ..."

"ပေး ... ပေး ... ဖျက်ပစ်မယ်"

Digital ကင်မရာကို သူ့လက်ထဲကနေ မရ,ရအောင်လုယူလိုက်သည့် အချိန်မှာပဲ အက်စ် အငိုက်မိစွာ သူ့ရင်ခွင်ထဲသွင်းပိုက်ခံလိုက်ရတော့သည်။

တင်းကျပ်စွာ သိုင်းဖက်လိုက်သည့် လက်အစုံကိုတွေ့လိုက်တော့မှ ဒေါသတွေ မိုးမွှန်သွားတာကို သိလိုက်ရပြီး ရှက်ကြောက်တုန်လှုပ်စွာ မျက်နှာကလေး မော့အကြည့် ဖြန်းခနဲ ပြွတ်သွားသည့် သူ့အနမ်းတွေကို ရင်ခုန်အငိုက်မိသွားတော့သည်။

"မင်းကို ကိုယ် သိပ်ချစ်တယ် အက်စ်၊ ကိုယ့်ကို လက်ထပ်ခွင့်ပြုပါနော်၊ ကိုယ် မင်းကို လက်ထပ်ချင်တယ်"

"ဟင့်အင်း ... ဟင့်အင်း ... ရှင် ... ရှင်"

"အငြင်းစကား တစ်ခွန်းမှ မဆိုနဲ့"

အက်စ် ရှက်လွန်းလို့ နှုတ်ခမ်းတစ်စုံ စွန့်အသွားရပြီဖြစ်သည်။

ယောကျ်ားတစ်ယောက်ရဲ့ အထိအတွေ့ ကြားမှာလည်း ရင်ခုန်ကြောက်လန့်သွားရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ အယ်များ ပြန်လာရင်ဆိုသည့် အတွေး တစ်ခုက အက်စ် နှလုံးသားလေးကို ပူလောင်ခါးသက်သွားစေတော့ သည်။

"ရှင် ... ရှင် ... အယ် လာပြီ"

"ဘယ်မှာလဲ၊ ဘယ်သူမှ မရှိဘူး၊ ဘယ်သူ့မှ မရှိတဲ့အချိန် ကိုယ် ချောင်းပြီးမှ လာခဲ့တာ"

ဆင့်ကဲသော အနမ်းများက အက်စ် နှလုံးသားကို အကြမ်းပတမ်း တဒိန်းဒိန်း ပြိုစီးသွားရလေတော့သည်။

အို ...

အက်စ် ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ...

ယောကျာ်းတစ်ယောက်ရဲ့ အထိအတွေ့အောက်က ရုန်းမထွက်နိုင်ဘဲ ပျော်ဝင်ပေးဆပ်လိုက်ရသည့် မိန်းမအဖြစ် ကျရှုံးသွားတာကို အက်စ်ကိုယ်အက်စ် ရက်မိတာပင် ဖြစ်သည်။

"ပြော ... ကိုယ့်ကို ချစ်ပါတယ်လို့ အဖြေပေး၊ မင်း အဖြေမပေးမချင်း ကိုယ် ဒီအတိုင်းပဲ အမိခံမှာ"

"ဟင်"





အမိခံမှာဆိုသည့် စကားကြီးက အက်စ်ကို ပိုပြီး ရူးမျှသွားစေတော့သည်။

ပြောလို့ရမှာမဟုတ်။

ဒီလူက အရှက်ရှိတာမဟုတ်။

အခုလို ပန်းခြံထဲက လှမြင်ကွင်း တစ်နေရာမှာ တောင် ဒီလောက် အတင့်ရဲနေတာ၊ မေမေတို့ အယ်တို့ ပြန်လာ တဲ့အထိများ ဒီအတိုင်းကြီး လွှတ်မပေးရင်ဖြင့်။ အက်စ် မျက်လုံး စုံမှိတ်ကာ မျက်ရည်တစ်ပေါက်ပေါက် စီးကျသွားသည်အထိ ရှက်ကြောက်သွားတော့သည်။

သူ ပွေ့ဖက်ထားသည့် လက်တွေကိုလည်း ရုန်းကယ်ရင်း မျက်နှာလေးကို တိမ်းရှောင်လျက် အက်စ် သူ့ကို အသနားခံလိုက်ပါသည်။

"ဟို ... ကို ..."

"ဟင် ... ဟင် ... ဘယ်လိုခေါ်တယ်"

"အက်စ် ... အက်စ် အဖြေပေးပါမယ်၊ ဒီအတိုင်းကြီးတော့ မနေနေပါနဲ့နော်၊ အက်စ် မနေတတ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ဘာမှမဖြစ်ဘူး၊ အေးဆေး အဖြေပေးလိုက်ရုံပဲဟာ၊ အက်စ်ကလည်းကွာ"

"ဟင့်အင်း ... ဟင့်အင်း ... အဲဒါဆိုရင် အက်စ် အဖြေမပေးဘူး"

ရင်ခွင်ထဲကနေ ခေါင်းကလေးမော့ပြီး ငြင်းသလိုကလေး ဆိုလာသည့် ချစ်ရသူလေးစကားကို ယုံစားစွာဖြင့် သူမလေးကို ပွေ့ဖက်ထားသည့် လက်နှစ်ဖက်က ဖြေချမိရက်သားဖြစ်သွားရသည်။

"ကဲ ... ကဲ ... ပေး၊ အဖြေပေးတော့"

"ဟာ ... လက်ကြီးက ပခုံးကို ကိုင်မထားနဲ့လေ၊ လမ်းသွားလမ်းလာလူတွေ မြင်သွားမှဖြင့်"

"မမြင်ပါဘူးကွာ၊ ပန်းချုံဒီလောက်ကွယ်နေတာ"

"ဘယ်မှာ ပန်းချုံက ဒီလောက်ကွယ်လို့လဲ"

"ကဲ ... ကဲ ... မအက်စ်ဆန်းဂျင်၊ ခင်ဗျားအလိုကျ သဘောတော်အတိုင်းပဲ၊ ကဲ ... လွှတ်ပြီ၊ ကိုယ့်ကိုအဖြေပေးတော့ကွာ ... နော်၊ ဒီမှာ ကိုယ် ရင်ခုန်လွန်းလို့ နှလုံးသားတွေပြုတ် ..."





"ဟင်"

သူမ ပခုံးလေးကို ဆုပ်ကိုင်ထားရာမှ လွှတ်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် သူ့ကို ထိုင်နေသည့်တန်းပေါ်ကနေ တွန်းပြီး ပန်းခြံထဲမှ ပြေးထွက်သွားသည့် အက်စ်ကို သူ ဘာပြောရမှန်းမသိ စွံ့အသွားသလို သူမ တွန်းချလိုက်သည့်အရှိန်နှင့် မြေပြင်ပေါ်သို့ ဖင်ထိုင်လျက် ကျသွားသည့် အဖြစ်ကိုလည်း အရှက်ကြီး ရှက်သွားရပါတော့သည်။

အဲဒီအချိန်မှာ သူ့ကို ဆောင့်တွန်းပြီး အပြေးလှည့်ထွက်သွားသည့် သူချစ်သည့် ချစ်သူလေးကတော့ အိမ်ထဲဝင်ကာ အချိန်ရောက်မှ သူ့ကိုလှည့်ကြည့်ကာ ...

"ဒီမှာ ... ရှင့်ကို ကျွန်မ သေတောင်မချစ်ဘူးဆိုတာ ရှင်နားလည်ထားလိုက်စမ်းပါနော်၊ ရှုးလည်း ရှုးပါ့ရှင်၊ ကိုယ့်ရုပ်အင်္ကျီရုပ်လည်း ပြန်ကြည့်စမ်းပါဦး၊ နောက်တစ်ခါ ဒီလိုမျိုး စော်ကား မော်ကား ရမ်းကားလို့ကတော့ ရှင့်ကို ရိုက်ပြီးမှ ကျွန်မ ထောင်ကျခံမယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို တည့်တည့်ကြည့်ပြီး လှည့်ပြော
သည့် အက်စ်ကို သူ မယုံနိုင်လွန်းစွာ ငေးရီရီကြီး စိုက်ကြည့်
ရင်းမှ ခေါင်းကြီးငိုက်စိုက်ချ ငြိမ်ကျသွားတော့သည်။

နှလုံးသားမှ ...

ယိုထွက်လာသည့် စကားတွေကိုလည်း သူမ
မကြားနိုင်မှန်း သိသိကြီးနှင့် တိုးဖွဖွကြီး ရေရွတ်လိုက်မိလေ
သည်။

"မင်း ငါ့ကို ရိုက်ရဲရင် ငါ့ ခေါင်းငုံ့ ကျောခင်းခံရဲ
အက်စ်၊ မင်း ကြိုက်သလိုလုပ်၊ ကိုယ်ကတော့ မင်းကို
မိတဲ့ အချိန်ကတည်းက ဘယ်တော့မှနောက်ဆုတ်ဖို့ မ
ဖြတ်တော့ဘူး"

တကယ်တော့ ...

အချစ်ဆိုတာ နှလုံးသားက လာတယ်လို့ပဲ

အမြဲတစေ ယုံကြည်ထားခဲ့ပေမဲ့ ...

တစ်ခါ တခါ အထိအတွေ့ကပဲ အချစ်ဖြ
ဖြစ်သွားတတ်ကြတာပါပဲ။





အခုချိန်မှာ အချစ်ဆိုတဲ့ ခံစားမှုကို သိရှိလိုက်ရတော့
မှ သူ နောက်ဆုတ် အရှုံးပေးဖို့ဆိုတာ အသက်သာ အသေခံရင်
ခံသွားမယ်။

အက်စ်ကို မေ့နိုင်ဖို့ဆိုတာ အက်စ် ရိုက်သတ်လို့
သေသွားမှသာ မေ့ရင် မေ့သွားမှာ ဖြစ်တော့သည်။

"အဲဒီလောက်အထိ ကိုယ် မင်းကို အရူးအမူး ချစ်သွားရပြီ
အက်စ်"



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"အက်စ် … ဒီမှာ ကြည့်စမ်း"

"ဟင်"

အယ် ပြလာသည့် တစ်လုံးစိန်နားကပ်ကလေးကို အက်စ် မျက်လုံးကလေး အဝိုင်းသားဖြင့် စိုက်ကြည့်လိုက်သည်။

အရောင်တဖျပ်ဖျပ် လက်နေသည့် အယ့်လက်ထဲက စိန်နားကပ်ကလေးက စိန်အစစ်တော့ မဟုတ်နိုင်။

"စိန်နားကပ်"

"ဟင် … အဲဒီစိန်နားကပ်က ရုရှားစိန်ကြီး မဟုတ်လား"

"ဖွီး … မဟုတ်တာရတ်၊ ငါ့ကို ဟိုမိန်းမကြီး လက်ဆောင်ပေးတာ၊ တစ်ဖက်တည်းနဲ့ သိန်းလေးဆယ်"





"ဘယ်လို"

"အဲဒီမိန်းမကြီးကို နဂိုကတည်းက ငါ အချဉ်ဖမ်းမယ်လို့ ပြောထားတယ်မို့လား၊ အခု အဲဒါ အချဉ်ဖမ်းလိုက်တာလေ၊ ကဲ … ဘယ့်နှယ်လဲ အက်စ်"

"ဟာ … မဟုတ်တာ၊ နင် … နင် ပြန်ပေးလိုက်၊ ဒီလောက်တန်ဖိုးကြီးတာကြီးကို နင် လက်ခံတော့ နင်က ချူစိဖြစ်သွားမှာပေါ့၊ ငါ လက်မခံဘူး၊ ငါ ကြိုက်လည်းမကြိုက်ဘူး၊ မေမေ သိရင် နင် သေမှာ၊ နောက်ပြီး သူ့မောင်သိသွားရင်လည်း ငါတို့မောင်နှမကို အထင်သေးသွားမှာ"

အက်စ်က ကြောက်လန့်တုန်လှုပ်စွာဖြင့် အယ့်ပခုံးကို တဖတ်ဖတ်ရိုက်ပြီး ပြောလိုက်တော့ အယ်က မခိုးမခန့် မျက်ခုံးပင့်လျှက် ပြုံးလိုက်သည်။

အကြောက်အလန့် ရှိသလို အရှက်မရှိလှသည့် အယ့်လုပ်ရပ်ကို အက်စ် ဘယ်လိုမှ လက်ခံကျေနပ်လို့မရ။

"သူ အထင်သေးတာကို နင်က ကြောက်တာလား"

"ဘာဆိုင်လို့ ငါက ကြောက်ရမှာလဲ၊ မဖြစ်သင့်လို့ ငါ ပြောပြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဖြစ်သင့်ရမှာလဲ၊ ဖြစ်သင့်လို့ ငါလုပ်တာ၊ တော်ပါပြီ၊ ဟာ ... အဲဒီမိန်းမကြီးကို သနားလို့ ငါအဆက်ဖြတ်တော့မယ်၊ နင် ငါ့အတွက် ဘာမှ စိတ်မပူနဲ့၊ ငါ့မှာ ချစ်သူလှလှလေး ရှိတယ်၊ အဲဒီချစ်သူလေးက ငါနဲ့သက်တူ ရွယ်တူ အချောအလှလေး တစ်ဦးတည်းသော သူဌေးမလေး တကယ့်အမိုက်စား"

အယ့်ကို အက်စ် ဘာမှ ပြောချင်စိတ် မရှိတော့တာမို့ အက်စ် သူ့အရှေ့ကနေ လှည့်ထွက်လာခဲ့သည်။

"အက်စ် ဒီအကြောင်းတွေကို သူ့မောင်ကို နင် သွားကုန်းမချောနဲ့နော်၊ ငါ လိမ့်လို့ရလို့ လိမ့်တာ၊ ဒါမှ ဒီမောင်နှမ မှတ်လောက်သားလောက် ဖြစ်သွားမှာ၊ ဟဲ ... ဟဲ ... ငါ့ရဲ့ဆုံးမနည်းလေး မကောင်းဘူးလား၊ ကိုယ့်အသက်မှကိုယ် ဘာတဲ့ အပျိုကြီးမောင်နှမကို ငါ ဒီနည်းနဲ့ ပညာပေးလိုက်ရတာ ဝမ်းသာလိုက်တာ"

အနောက်ဘက်ဆီမှ ကိုယ့်လုပ်ရပ်ကိုယ် ကိုယ်သဘောကျပြီး ဟားတိုက်ရယ်မော ကျန်ခဲ့သည့် အယ်ကိုလည်း အက်စ် တုပြီး ဘာမှမပြောချင်တော့။

ဖြစ်သမျှအကြောင်းပဲ။





ဒီအကြောင်းတွေကိုသာ ဟိုလူကြီး သိသွားရင်ဆိုအတွေးတစ်ချက်က အက်စ်နှလုံးသားကို ပူခနဲ စီးဆင်းသွားဘောသည်။

အယ် လည်လွန်းတာကိုလည်း မယုံသလို ဖြစ်သွားသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ...

ပြဿနာ ဖြစ်လာလိမ့်မှာ အသေအချာဆိုတာ [illegible] နှလုံးသားက သိရှိနားလည်လိုက်ရပါတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ တစ်နေ့ အယ့် လုပ်ရပ်တွေ ဘယ်ေ
ပေါ်မလဲ ပေါ်မလဲ ဆိုတာကို ရင်တထိတ်ထိတ် ကြောက်လန့်
ခဲ့ရသူက အက်စ်ပင်ဖြစ်သည်။

အယ်ကတော့ စိန်နားကပ်တစ်ဖက်ဖြင့် အေးေ
ပင်။

အက်စ်မှာသာ မမြင်ရသေးသည့် ပြဿနာအတွ
ရင်တထိတ်ထိတ် ဖြစ်နေရသလို ဟိုလူ တိတ်တဆိတ် ချောင်း
တာကိုလည်း တိတ်တိတ်ကလေး ရှောင်နေခဲ့ရတော့သည်။

လူကသာ မာနစိတ်ဖြင့် တင်းခံပြီး သူ့ကို မေ
နိုင်အောင် ကွင်းရှောင်နေခဲ့ရပေမဲ့ အက်စ်ရဲ့မသိစိတ်ကေ
သူ့ကို တိတ်တိတ်ကလေး ကျိတ်သတိရနေခဲ့ရလေသည်။

အမှတ်မထင် ဖြစ်ပျက်ခဲ့ကြသည့် ...





အဖြစ်အပျက်ကလေးတွေက အက်စ်ကို နွေးထွေး လုံခြုံခဲ့ရသည်လို့ ဝန်ခံရင် အက်စ်သည် သူ့ကို တိတ်တိတ်ကလေး ချစ်နေရသည့် မိန်းမတစ်ယောက် ဖြစ်သွားတော့သည်။

နွေးထွေး လုံခြုံမှုကြောင့် ...
သူ့ကို ရင်ထဲက တိတ်တိတ်ကလေး ...
ချစ်သွားခဲ့ရတယ်ဆိုရင် ...
အဲဒီနွေးထွေးလုံခြုံမှုကို ...
အဲဒီလူဆီကပဲ အမြဲတမ်း ရယူချင်ပါတယ်။

အက်စ် တစ်ယောက်တည်း အယ့်ကိုလည်း ဘာမှ ရင်မဖွင့်တော့။ တကယ်တမ်း ချစ်မိလာခဲ့ပြီ ဆိုရင်ဖြင့် အရင်းနှီးဆုံး အယ်ကိုတောင် ရင်မဖွင့်နိုင်တော့ဘဲ တိတ်တိတ်ကလေး အိပ်ရာထဲမှာ ခွေလှဲရင်း တစ်ဖက်အိမ်က သူ့ရဲ့ခပ်ကျယ်ကျယ် ပြောတတ်သည့် အသံကိုပဲ နားစွင့်နေလိုက်သည်။

သူ့အသံကို အက်စ် တိတ်တဆိတ် နားစွင့်နေသည့် အချိန်မှာပဲ ...

မထင်မှတ်ဘဲ ကြားလိုက်ရသည့် သူ့အသံသြရှရှ ကြီးက အပေါ်ထပ် ညှိခန်းဆီက ထွက်လာခဲ့တာဖြစ်သည်။

"အက်စ် မတွေ့မိပါလား အန်တီ၊ ဘယ်သွားလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ရှိတယ်၊ ရှိတယ်၊ အခုတလော အက်စ်တစ်ယောက်လည်း ဘာဖြစ်နေမှန်း မသိပါဘူးကွယ်၊ အိပ်ရာထဲမှာပဲ အခုလည်း အိပ်နေတယ်ထင်တယ်၊ လူလေး ဘာပြောစရာရှိလို့လဲ"

"ဩော် ... သူ့ဆီမှာ ဟိုတစ်နေ့က ကျွန်တော် ကင်မရာလေး ကျန်ခဲ့လို့ပါ အန်တီ၊ အဲဒါ သူနဲ့ ခဏတွေ့ချင်လို့ပါ"

စောစောစီးစီး မှသာဝါဒီတွေ သုံးနေသည့် ထိုလူကြီးအသံ ကြားရပြန်တော့လည်း ဟိုတစ်နေ့က အဖြစ်တွေကို တွေးပြီး မျက်နှာတစ်ပြင်လုံး ရဲခနဲ ဖြစ်သွားရပြန်သည်။

ဘယ်ကင်မရာမှလဲ အက်စ်ဆီမှာ မကျန်ခဲ့ဘဲနဲ့ အက်စ်ကို တွေ့ချင်လို့ အကြံအဖန် လာလုပ်တာ၊ မေမေ့အရှေ့မှာ မဟုတ်ပါဘူးလို့ ငြင်းရလျှင်လည်း မကောင်း။

"အက်စ်ရေ ... သမီး"

အတွေးပေါင်းစုံနှင့် အက်စ် ယောက်ယက်ခတ်တွေဝေနေချိန်မှာပဲ မေမေ့ခေါ်သံကို ကြားလိုက်ရသဖြင့် အက်စ် ဆတ်ခနဲ တုန်သွားရသည်။





"အက်စ် ဒီမှာ အိမ်ရှေ့မှာ မောင်ခန့်တည်ကြည် ရောက်နေတယ်၊ သူ့ကင်မရာ သမီးဆီမှာ ကျန်ခဲ့လို့တဲ့၊ ထွက်တွေ့လိုက်ပါဦး"

အက်စ် မတွေ့ဘူးဆိုရင်လည်း ဒီလူက အက်စ်မ
ွ.မချင်း ပြန်မယ့်ပုံမပေါ်။

အခုမှ အက်စ်မှာ မဟာဒုက္ခ ပတ်ခဲ့ရပြီဖြစ်သည်။

"ထွက်တွေ့လိုက်နော် အက်စ်"

မေမေကလည်း လှစ်လှစ်ကလေး။

လူငယ်တွေ ခံစားချက်ကို မျက်လုံးကတစ်ဆင့်
ဲ့ခိန်နေခဲ့သည့် မေမေ့အရှေ့မှာ ဒီလူကို ထွက်တွေ့ရမှာလည်း
က်စ် မဖြစ်လွန်းလို့သာ ထွက်တွေ့လိုက်ရတာဖြစ်သည်။

မဖြစ်မနေ ထွက်တွေ့လိုက်တော့လည်း ဒီလူက
ယ်လိုသတ်မှတ်ဦးမလဲမသိ။

ဘာပဲဖြစ်ဖြစ် အက်စ် သူ့ကို မတွေ့ရတာလည်း
တ်နိုးနိုး ရှိခဲ့ပြီမို့ တုံးလုံးကလေး လှဲနေရာမှ ဆတ်ခနဲကုန်း
ပြီး ဆံပင်ကလေးကို မပွအောင် သပ်သပ်ရပ်ရပ် လက်ဖြင့်
ပြီး ဧည့်ခန်းဆီကို လျှောက်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းဆီကို လျှောက်လာရင်းက အက်စ် နှုတ်ခမ်းကလေး တင်းခနဲ စေ့လိုက်တာကို မေမေက တစ်ဖက်လှည့်ပြုံးလိုက်ပြီး အဲဒီလူကို အပြုံးမျက်နှာဖြင့်ပင် ...

"ကဲ ... သားရေ၊ အန်တီလည်း ဆိုင်ထွက်တော့မယ် သွားလိုက်ဦးမယ်၊ သမီး အဲဒီမှာ ထမင်းတစ်အိုးပဲ တည်စရာရှိတော့တယ်၊ အဲဒါ တည်ထားလိုက်နော်၊ မေမေသွားတော့မယ်"

"အက်စ် ဆိုင်ကယ်နဲ့ လိုက်ပို့မယ်"

"မေမေ့ဘာသာပဲ စီးသွားမယ်၊ ထမင်းလည်း လာမပို့နဲ့ မေမေ ပြန်စားမယ်"

ပြောပြောဆိုဆို မေမေက ဆွဲခြင်းတစ်လုံးဖြင့် အိမ်ပေါ်ကနေ ဆင်းသွားပြီမို့ အက်စ်လည်း သူ့အရှေ့က ထိုင်ခုံမှာ ထိုင်နေရာမှ ဆတ်ခနဲ မတ်တတ်ထရပ်ပြီးသား ဖြစ်သွားရသည်။

အဲဒီအချိန်အထိ အက်စ်တို့သားအမိ စကားဝိုင်းကို ခပ်ငြိမ်ငြိမ်လေး စိုက်ကြည့်နေသည့်သူက အေးအေးဆေးဆေးပင်။

မေမေ လှေကားအောက်ထစ်ကို တစ်လှမ်းချင်း ဆင်းသွားတော့မှပင် သူက လှည့်ထွက်လိုက်သည့် အက်စ်လက်ကလေးကို ဖျတ်ခနဲ ဆွဲကိုင်လိုက်လေသည်။





"အက်စ် ဒီလိုလုပ်လို့ ရကြေးလား"

"ဟင် ... မရ့,ရအောင် ဒီမှာ လူကြီးဖြစ်ပြီး အရှက်မရှိ လိမ်ပတ်ပြီး ပြောမနေနဲ့၊ မရှက်ဘူးလား၊ ဘာကင်မရာ ကျန်ခဲ့တာလဲ၊ အရှက်မရှိလိုက်တာ"

"အဲ့ဒီလို အရှက်မရှိ ပြောင်တင် ညာတတ် လိမ်တတ်မှ မင်းနဲ့တွေ့ခွင့်ရမှာ မဟုတ်လား၊ ကဲ ... ပြော၊ မင်း ဘာဖြစ်လို့ ကိုယ့်ကို သက်သက်ရှောင်နေတာလဲ"

"သမီးရေ ... အက်စ်"

"ဟင်"

ဆိုမြည်သွားသည့် အာမေဋိတ်သံတွေက သုံးသံ ...က်သွားရလေသည်။

အက်စ်မေမေက သူ ဆုပ်ကိုင်ထားသည့် သူ့သမီး ...က်မောင်းကို မျက်လုံးကြီး အပြူးသားဖြင့် စိုက်ကြည့်နေသည့် ...ချိန်မှာပဲ သူ သတိတရ ဖြစ်သွားရကာ အက်စ် လက်ကလေး ... ဆုပ်ကိုင်ထားရာမှ ဖြေလွှတ်ပေးမိပြီးသား ဖြစ်သွားရသည်။

"ဩော် ... ဟော် ... အဟွန်း ... အန်တီ"

"... ... ..."



www.burmeseclassic.com

www.burmeseclassic.com



အန်တီက ဘာမှမပြောဘဲ မျက်နှာတစ်ချက် တည
သွားလေသည်။

စဉ်းစားသလိုဖြင့် မျက်နှာတည်သွားသည့် အန်
ကို သူ အနူးအညွတ် တောင်းပန်မှ သူ့ကို ခွင့်လွှတ်နားလည
မည် ဖြစ်သည်။

သူမကြီးသမီး လက်ကလေးကို သူမကြီး ကွယ်သွ
တာနှင့် မဖွယ်မရာ ပြုလိုက်သည့် သူ့ကိုယ်သူလည်း ရှက်မိသ
မတော်ရသေးသည့် ယောက္ခမလောင်းကြီး အထင်သေးမှာကိုလည
စိုးရိမ်သွားရသည်။

"အန်တီ ... ကျွန်တော် ... ကျွန်တော်"

အထစ်ထစ် အငေါ့ငေါ့ဖြင့် တောင်းပန်ဖို့ မဝံ့
ပါးစပ်တပြင်ပြင် ဖြစ်နေသည့် အချိန်မှာပဲ အန်တီက မျက်
တစ်ဖက် လှည့်သွားပြန်သဖြင့် သူ ပိုပြီး အရှက်ရသွားရ
သည်။

ရင်ထဲမှာ ဘယ်လိုကြီး ရှက်သွားမှန်း မသိသ
မျက်နှာတစ်ပြင်လုံးလည်း ထူအမ်းလျက် နီတက်လာကာ အ
ကို လက်အုပ်ချီလျက် တောင်းပန်လိုက်မိသွားရပြန်သည်။





"အန်တီ ... ဟို ... ကန်တော့ ... ကန်တော့နော်"

"ဘာကို ကန်တော့တာလဲ မောင်ခန့်တည်ရဲ့"

"ဟို ... သူ့ ... သူ့လက် ... လက်ကို ဆွဲမိ ..."

"ကိုခန့်တည်ကြည်"

ရူးခနဲ ထွက်လာသည့် အသံရှင်လေး မျက်နှာကို
သူ လှည့်ကြည့်လိုက်မိပြန်သည်။

ဒေါသသွေးကြောင့်လား ရှက်သွေးကြောင့်လား မသိ။
အက်စ် မျက်နှာလေးက သူ့မျက်နှာကြီးနှင့် တသွင်တည်း တစ်
ထပ်တည်း ရဲရဲနီမြန်းလျက် ရှိနေတာ သူ ကြည်နူးသာယာစွာ
ခံစားလိုက်မိသေးသည်။

"ကျွန်တော် ပြန်တော့မယ် အန်တီ၊ နော် ... အက်စ်၊
နောက်နေ့မှပဲ ကင်မရာ ယူတော့မယ်၊ ကိုယ် သွားလိုက်
ဦးမယ်၊ အန်တီ ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေး ... အေး"

"အေး ... အေး"လို့ ခွင့်ပြုလိုက်သည့် အန်တီ့အသံ
ကိုတောင် ဆုံးအောင် နားမထောင်မိတော့ဘဲ သူ အက်စ်မျက်နှာ
လေးကိုတောင် တစ်ချက်မှ လှည့်မကြည့်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ နားရွက်တောင် မလှုပ်ရဲအောင် မျက်နှာပိုး သတ်ပြီး ယောက္ခမလောင်းကြီး အရှေ့ကနေ မျက်နှာပုပုဖြင့် ခေါင်းငုံ့ကာ ထွက်လာခဲ့မိတော့သည်။

သူ ကွယ်တာနှင့် သူမတို့သားအမိတွေကတော့ ဘယ်လိုစကားများကြဦးမည်မသိ။

*❥*





၁၂

ထက်ကို အဆက်အသွယ် မလုပ်ဘဲ အစိမ်းလိုက် ဖြတ်တောက်ပစ်ရက်သည့် ကောင်လေးကို ဒီနေ့မှာတော့ အပြတ် ရှင်းဖို့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ချိန်းလိုက်သည်။

သိန်းလေးဆယ်တန် စိန်နားကပ် ပေးပြီးသွားတာ နှင့် အခုလိုကြီး မထင်မှတ်စွာကျောခိုင်းခဲ့လိုက်ရသဖြင့် သူမရင် ထဲမှာ ဆတ်ဆတ်ခါ နာနေသလို ဒီကောင်လေး သူမကို တကယ် ချစ်တာမှ ဟုတ်ရဲ့လားဆိုတဲ့ သံသယ အတွေးကလည်း ရင်မှ ထွားရသည်။

ထက်တစ်ယောက် ကြေရာမရ ဝမ်းနည်းစိတ်တွေဖြင့် အသောခံက ဖြစ်နေသည့် အချိန်မှာပဲ ထက် ထိုင်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဘေးခွဲရှေ့သို့ ကောင်လေးက ခပ်သွက်သွက် ရောက်ရှိလာခဲ့သေ
သည်။

"ဒေါ်ထက်မွန်ကျော် ဘာပြောချင်လို့လဲ၊ ပြောစရာရှိ
အမြန်ပြော၊ ကျွန်တော့်အတွက် လက်ဖက်ရည် မမှာ
နဲ့"

"ဘာကွ ... မင်း"

သိန်းလေးဆယ်တန် စိန်နားကပ် ရတုန်းက မျက်
နဲ့ ဘာမှမဆိုင်အောင် တင်းမာသွားသည့် အယ်ကို ထက်ကလ
အောက်ကျနောက်ကျ အနှုံးပေး မျက်ရည်ခံထိုးဖို့ ဘယ်တော့
မစဉ်းစား။

နဂိုကတည်းက ပစ္စည်းဥစ္စာ ဟနဲဖြင့် မော်ကြွား
သည့် သူမကို ဒီကောင်လေး တကယ်မချစ်ဘူးဆိုတာကိုပဲ
ချမှ စားပြဖြစ်မှန်း သိလိုက်ရတော့သည်။

"မင်းက ... မင်းက ..."

"အချိန်မရဘူးဗျာ၊ ပြောမှာဖြင့် ပြော၊ ကျွန်တော် ကျွန်တော်
ချစ်သူကို ဒီနေ့ ဘုရားလိုက်ပို့ဖို့ ချိန်းထားတယ်"

"ဟင်"

ဇော်ကားလိုက်တာ။





သူပဲ ထက်ကို ချစ်လှချည်ရဲ့ ကြိုက်လှချည်ရဲ့၊
အချစ်က အသက်ကြီးတာနဲ့ မဆိုင်ဘူး၊ ဝတာနဲ့မဆိုင်ဘူး၊ အရုပ်
ဆိုးတာနှင့် မဆိုင်ဘူးဆိုပြီး အခုတော့ ဖြောင်ပင် ခါချနေခဲ့ပြီမို့
သူမကလည်း သူမရဲ့ သိန်းလေးဆယ်တန် စိန်နားကပ်ကို တစ်ခါ
တည်းတောင်းဖို့ ဆုံးဖြတ်လိုက်သည်။

"အေး ... မင်းက ငါ့ကို အရေးမစိုက်လို့ ဒီစကားတွေ
လာပြောပြီ ဆိုတော့လည်း ငါကလည်း အဖြတ်ပဲ၊ ငါ့ရဲ့
သိန်းလေးဆယ်တန် စိန်နားကပ်ကိုပဲ မင်း ပြန်ပေး၊ အေး
ရှုရှားစိန်နဲ့လဲပြီး ပြန်ပေးလို့ကတော့ မင်းတို့ တစ်မိသားစု
လုံး အရှက်ကွဲသွားမယ်မှတ်"

"ဟာဗျာ၊ ဒါတော့ လွန်ပြီဗျာ မမကြီး"

ကောင်လေးက အကြောက်အလန့်မရှိ ပခုံးနှစ်ဖက်
ခါရင်း ထက်ကို ပြုံးစိစိ စိုက်ကြည့်လာသည်။

"မမကြီးဘာသာ မမကြီးပဲ ကျွန်တော့်ကို ပိုးကြေးပန်းကြေး
သိန်းလေးဆယ်တန် လုပ်ပေးတာ၊ ကျွန်တော် ပူဆာတာမှ
မဟုတ်တာ၊ လုပ်စမ်းဗျာ၊ ဘာလဲ ခင်ဗျားက တရားစွဲဦး
မလို့လား၊ ရတယ်ဗျာ မမကြီး"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း၊ မင်း ငါ့ကို မမကြီးလို့ မခေါ်စမ်းနဲ့၊ ငါ့နားကပ် ပြန်ပေး"

"ဟာဗျာ၊ မမကြီးကလည်း၊ အသက်ပဲ လေးဆယ်နီးနေပြီ၊ လေးနှစ်သမီးလေး ကျနေတာပဲ၊ စိတ်ဆိုးတာနဲ့ ငါ့အိုးပုတ်ခွက် ပြန်ပေးလုပ်လို့ ဘယ်ရမလဲ"

"ဟင် ... မင်း ... မင်း ... မောင်လေးနဲ့ ပြဿနာဖြစ်ချင်ပြီလား"

"ခင်ဗျားလား၊ ခင်ဗျားမောင်ကို ပိုးကြေးပန်းကြေးပေးထားတာ ပြောရဲမှာ"

"မင်း ... မင်း လူမဟုတ်ဘူး"

"လူစစ်စစ်ပါဗျာ၊ လူတောင် သာမန် ရှက်ကြမ်းရေကျို လူမဟုတ်ဘူး၊ အတိတ်ကံကောင်းလို့ ချောတဲ့ လှတဲ့လူဖြစ်ခဲ့တာပဲ"

"မင်း ... မင်း ... ဒါ ငါ့ကို စော်ကားတာ၊ မောင်လေးသာသိရင် မင်းတို့မောင်နှမကို ဟိုက နည်းနည်းမှ အရေးလုပ်လိမ့်မယ် မထင်နဲ့၊ ဒီမှာ မင်း ... မင်းနှမနဲ့ ငါ့မောင်ကြိုက်နေကြတာကိုလည်း ငါက မောင်ရှင် ချက်ချင်းအဆက်ဖြတ်ခိုင်းမှာပဲ၊ ငါ့မောင်ကို မင်းနှမလို ကလိန်ကကျစ်ကျတဲ့





မိန်းမနဲ့လည်း လုံးဝ လုံးဝ သဘောမတူဘူး၊ ဒီအကြောင်းတွေကို မောင်လေးကို ဖွင့်ပြောမယ်"

ထက် မနိုင်နိုင်ရာ ပိုင်းပြောလိုက်တော့သည်။

တကယ်တော့ ထက် ဒီအကြောင်းတွေကို မောင်လေးသာသိရင် ထက် အရိုက်ခံရမှာ ကျိန်းသေသည်။

"ဟား ဟား ... ခင်ဗျား ... ခင်ဗျားမောင်ကို တကယ်ဖွင့်ပြောရဲမှာ မဟုတ်ပါဘူး၊ လျှောက်ဖြီးမနေစမ်းပါနဲ့ဗျာ၊ ရှက်စရာကြီး၊ ခင်ဗျား ပြောခဲ့ရင်တောင် ဒီစကားကြီးကို မပြောရဲပါဘူး၊ ပြောမယ်ဆိုရင်လေ ခင်ဗျားမောင်က ခင်ဗျားကို တုတ်ကြီးကြီးနဲ့ အိမ်ပေါ်ကတောင် ရိုက်ချဦးမှာ၊ ကလေးကို မုန့်ပေးကြိုက်ရကောင်းလားဆိုပြီး"

"မင်း ... မင်း ငါ့ကို မစော်ကားနဲ့၊ နှမချင်း ကိုယ်ချင်းစာပြီး စကားပြော"

"ဟာ ... နှမချင်း စာနာပါတယ်၊ နှမချင်း စာနာလို့ ခင်ဗျားပါးပြင်ကြီးကို ကျွန်တော် တစ်ချက်တောင် နမ်းခဲ့ဖူးလို့လား ... ဟား ဟား"

"ဟင် ... မင်း ... မင်း စော်ကားလိုက်တာ၊ စော်ကားလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ထက် စိတ်လွတ် ကိုယ်လွတ် ပေါက်ကွဲသွားပါတော့သည်။

သူ့လက်မောင်းကို ဆွဲကိုင်ပြီး ဆိုင်ထဲမှာ မရှက်နိုင်တော့ဘဲ တပြန်းပြန်း ရိုက်ချပစ်လိုက်သည်။

"ဟာ ... မမကြီး ... မမကြီး လူတွေ တစ်မျိုးမြင်ကုန်မယ်၊ အားနွဲ့တဲ့ ယောကျ်ားလေးကို လက်ကိုဆွဲပြီး ..."

"ဒါ ဘာဖြစ်နေကြတာလဲ"

"မောင် ... မောင်လေး"

"အေး ... မောင်လေး၊ မောင်လေးပဲ၊ မမက အယ်ကို ဘာလုပ်တာလဲ၊ အရှက်မရှိ ဆိုင်ထဲမှာ"

မြင်တွေ့လိုက်ရသည့် မြင်ကွင်းက သူ့ကို တကယ် အရှက်[illegible]သည်။

မျက်နှာကြီး တစ်ခုလုံးလည်း ရဲရဲ နီမြန်းသွားသည်။

မမတစ်ယောက် အသက်ကြီးကာမှ ဘာတွေဖြစ်နေပါလိမ့်။

ရှက်ဖို့ ကောင်းလိုက်တာ။

"ဒီမှာ ... ဒီမှာ ... အစ်ကို ... ကျွန်မ ... ကျွန်မကို သူ အတင်းလက်ဆွဲပြီး ..."





"တော်စမ်း ဟိတ်ကောင်၊ မင်း အခြောက်ယောင်ယောင် ဂန်ဒူးယောင်ယောင် ပုံမခင်းနဲ့၊ မင်း ထွက်သွားစမ်း"

သူ ရှက်ရမ်း ရမ်းလိုက်တာဖြစ်သည်။

သူ့ကို မိန်းကလေး လေသံကလေးဖြင့် သူ့လက်[illegible]မောင်းကြီးကို ဆုပ်ကိုင်ပြီး ခေါင်းက သူ့ရင်ခွင်ထဲ တိုးဝင်မတတ်[illegible]နွဲ့ကလျ ပြောလာသည့် အယ်ကို သူ ခပ်ကြမ်းကြမ်း တွန်းပစ်[illegible]ိုက်သည်။

အဲဒီနောက် ...

အစ်မဖြစ်သူကို ဆိုင်ထဲကနေ ခပ်ကြမ်းကြမ်း ဆွဲ[illegible]တ်လာပြီး ဆိုင်ကယ်ပေါ်မှ ခွထိုင်လိုက်တော့သည်။

အနောက်မှာ မမထက် ထိုင်လိုက်သည်နှင့် တစ်[illegible]ိုင်နက် သူ ဆိုင်ကယ်ကို ဒေါသဖြင့် တစ်ရှိန်ထိုး မောင်းထွက်[illegible]က်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

အယ်ကတော့ အိမ်ပြန်ရောက်ရောက်ချင်း နှမ
ဟိုမိန်းမကြီး အပြောဖြင့် စွတ်ကောပစ်လိုက်ပါတော့သည်။

အိပ်ခန်းထဲမှ တစ်ဖက်အိမ်က တိုးတိုးကျိတ်ကျိ
ဆူသံပူသံကို နားစွင့်နေသည့် အက်စ် ပခုံးနှစ်ဖက်ကို အယ်
ခပ်ကြမ်းကြမ်း ဆုပ်ကိုင်ကာ ယမ်းပြီး ရင်ထဲက နှမကို သဝန်
စိတ်တွေ ကြီးကြီးမားမား ပွင့်အန် ပေါက်ကွဲသွားရပါတော့
သည်။

"အက်စ် ... နင်က ဘာလဲ၊ ငါ့ကိုပြောတော့ ဟိုအကော
ကို မကြိုက်ပါဘူး၊ မချစ်ပါဘူး။ ရုပ်ကြီးက ဘယ်လ





နာမ်ကြီးက ဘယ်ညာနဲ့ အမျိုးမျိုး ရှုံ့ချပြီး အဲဒီဟာကြီး
ကို အခု နင်က ကြိုက်နေတာ၊ နင် အရှုးမ၊ အရူးမ၊ ငါ
ဒီကောင်နဲ့ လုံးဝသဘောမတူဘူး"

"ဟင် ... နင် ဘာပြောတာလဲ၊ အသာနေစမ်း၊ အသာ
နေစမ်း၊ ဟိုတစ်ဖက်အိမ်က မောင်နှမ တိုးတိုးကျိတ်ကျိတ်
ရန်ဖြစ်နေကြတာနဲ့ တူတယ်၊ ထူးဆန်းလိုက်တာ၊ တစ်ခါမှ
ရန်မဖြစ်ဘူးတဲ့ မောင်နှမ ရန်ဖြစ်တာ နားထောင်ရအောင်
နင် အသာနေစမ်း၊ ရန်ဖြစ်ဖို့ မကြိုးစားစမ်းနဲ့၊ ငါတို့က
ဖြစ်နေကျ ရိုးနေပြီ ... ဟဲ ဟဲ"

"အရူးမထစမ်းနဲ့၊ ဘာမှမကြားရဘူး၊ ငါ ဟိုမိန်းမကြီးကို
အဆက်ဖြတ်လိုက်လို့ ဟိုမိန်းမကြီး ရှက်ရမ်းရမ်းပြီး ငါ့
ကို ဆိုင်ထဲမှာ လက်ဆွဲတောင်းပန်ခံနေတုန်း သူ့မောင်နဲ့တိုး
သွားလို့ သူ့မောင် ပေါက်ကွဲသွားတာ"

"ဟင် ... ဟင် ... ဒီလိုဆို နင့်စိန်နားကပ်အကြောင်းကို
ဟိုလူ ... ဟိုလူ သိသွားပြီပေါ့"

"ဘာ ... ဟိုလူလဲ၊ ဟိုလူတွေ ဒီလူတွေ လုပ်မနေစမ်းပါနဲ့
နားခါးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ သိသွားပြီလားလို့ မေးနေတယ်နော် အယ်"

"ဒီမိန်းမကြီးက သူ ပိုးကြေးပန်းကြေး ပေးထားတဲ့ လက်ဆောင်ကို သူ့မောင်ကို ဖွင့်ပြောရဲမလားဟ၊ ဖွင့်ပြောရင် သူ သေမှာသိလို့လေ"

"ဟား ... အယ်ရယ်၊ နှင် ... နှင် နောက်တစ်ခါ အဲဒီလို မလုပ်ပါနဲ့၊ အခု ဆူဆူ ဆူဆူနဲ့က ဘာဖြစ်ကြတာလဲ၊ ဟိုဘက်အိမ်က"

နှမဖြစ်သူ အမေးစကားကို အယ် ဘာမှမဖြေသေးဘဲ အက်စ် မျက်နှာလှလှလေးကိုပဲ သံသယမကင်းစွာ စိုက်ကြည့်နေလိုက်သည်။

"အယ် မေးနေတယ်လေ"

အက်စ်က စိတ်မရှည်သလို သူ့ပခုံးကို တစ်ချက်ပုတ်ပြီး ပြောလာတော့မှ အယ် မျက်မှောင်ကြီး ကုတ်ပစ်လိုက်သည်။

"အဲဒါ နှင် စိတ်ဝင်စားစရာ မလိုပါဘူး၊ ငါမေးတာသာ ဖြေ၊ နှင်နဲ့ အဲဒီလူနဲ့ ကြိုက်နေပြီလား"





"ဟာ ... ကြိုက်မလား ကိုပေါ်ရဲ့၊ ငါက သူ့ကိုကြိုက်ရအောင် ကြိုက်စရာလား၊ ဒီရုပ်ကြီးကို"

အက်စ် ဘယ်လိုမှ သည်းမခံနိုင်တော့၍ ကုန်းအော်က်တာပင်။

စိတ်ထဲကတော့ သိပ်မလုံလှ။

သူ့ကို စိတ်ထဲကနေ စိတ်ဝင်စားပြီး ချစ်နေခဲ့ပြီတာကို ကိုယ့်ကိုယ်ကိုယ် ဝန်ခံပြီးသား ဖြစ်နေရတာမို့ အက်စ်ည်တည်နဲ့ လိမ့်နေရသည့် စကားတွေအတွက် နောက်ကျောလုံ ဖြစ်သွားခဲ့သည်။

"အေး ... ပြောတော့ မိုးလားကဲလား ဒီရုပ်ကြီး ဒီပုံကြီးနဲ့ ငါ သဘောမတူလို့ ခိုးရာလိုက်ပြေးဖို့တော့ မစဉ်းစားနဲ့နော်၊ ခိုးရာလိုက်ပြေးလို့ကတော့ နှင့်ကို ငါ သတ်ပစ်မှာ"

"ဟင် ... နှင် ... နှင် ... ငါမကြိုက်ပါဘူးလို့ အတန်တန်ပြောထားတဲ့ကြားက နှင်က ဒီလိုပြောရအောင် ငါက နှင့်လို အမေလောက်ရှိတဲ့ မိန်းမကြီးကို တက်မှန်းထားတဲ့လူ မဟုတ်ဘူး"

"ဒါကတော့ ယောက်ျားပဲ၊ အပျော်အပျင်းပြေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... အပျော် အပျင်းပြေနဲ့ အမေလောက် ရှိတာကြီးကိုတော့ အပျင်းမပြေနိုင်ပါဘူး၊ ရင်မခုန်တတ် လိုက်တာ"

"ငါကလည်း ရင်မခုန်ပါဘူး၊ အခု ဒီမိန်းမကြီးကို ငါ ဖြတ်ပစ်လိုက်ပြီလေ၊ ကျောင်းသွားပြီ၊ ငါက တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်တာ၊ နင့်ကို တစ်ဖက်သတ် ကြိုက်နေ တဲ့ အဖေအရွယ်ကြီးကိုလည်း မှတ်သားအောင် ဆုံးမပေး တာလေ၊ သိန်းလေးဆယ်၊ သိန်းလေးဆယ် ... အဟွန်း ဟွန်း"

အက်စ် မခံချင်အောင် တမင် ပခုံးနှစ်ဖက်တွန့် ရင်ဘတ်ကြီးကို ပုတ်ပြပြီး အခန်းထဲက လှည့်ထွက်သွားသည့် အယ်ကို အက်စ် ဒေါသမျက်လုံးတွေဖြင့်သာ စိုက်ကြည့်လိုက် သည်။

ဘာစကားမှ အထွေအထူးလည်း ပြောစရာ မရှိတော့

ရင်ထဲမှာတော့ ...

သူ့ကိုပေးထားသည့် စိန်နားကပ်ကိုစွက် ဟိုလူ မထားတာကိုပဲ ကျိတ်ဝမ်းသာသွားရသည်။





ဒီအကြောင်းတွေကို အဲဒီလူသာ သိသွားခဲ့မယ်ဆို ရင်ဖြင့် သူမကို ပက်ပက်စက်စက် အထင်သေးသွားတော့မည် ဖြစ်သည်။

* ❥ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

အသက်ကြီးမှ အရွယ်ထသည့် မမကို သူ အရမ်းလည်း မသူမပူချင်လှသဖြင့် တိုးတိုးကျိတ်ကျိတ်ပြောစရာရှိတာ ပွင့်ပွင့် လင်းလင်းပြောပြီး အခုတော့လည်း ဘာမှမဟုတ်သလို သူ တည် တည်မှန်မှန်နှင့်နေလိုက်တော့ မမကလည်း သူ့ကို အစကသာ ရက်နေခဲ့ပြီး နောက်တော့လည်း တစ်အိမ်လုံးမှာ နှစ်ယောက်တည်း ရှိသည့် မောင်နှမ သင့်မြတ်သွားကြသည်။

မသင့်မြတ်တော့တာ တစ်ဖက်အိမ်က သူ သိပ်ချစ်သည့် အက်စ်နှင့် သူ့မောင်ကိုပဲဖြစ်သည်။

ဟား ... တစ်ရက် တစ်ရက်နှင့် ...



ရက်မှလသို့ ကူးပြောင်းလာခဲ့တော့ သူ့မှာ အက်စ်ကို မျက်နှာချင်းဆိုင်တွေ့ခွင့်ရအောင် တစ်နည်းနည်းနဲ့ ကြိုးစားဖို့ ဆုံးဖြတ်လိုက်သည်။

သူမတို့အိမ်ကို သွားဖို့ဆိုတာကတော့ ဘယ်လိုမှ ဖြစ်နိုင်ခဲ့ပြီမို့ လမ်းမှာပဲ သူမအိမ်ကအထွက်ကို သူ စက်ရုံမသွား ခဲ့ဘဲ မျက်စိအားကုန်ပြကာ တစ်ဖက်ခြံအပေါက်ဝကို ချောင်းပွဲ ကျင်းပလိုက်ပါတော့သည်။

အဲဒီလို တစ်ဖက်ခြံပေါက်ဝကို သူ အသည်းအသန် ချောင်းနေသည့်အချိန်မှာ မိုးက တဖြောက်ဖြောက်ရွာချလိုက်လေ သည်။

မိုးကလေးတွေ တစ်ဖြောက်ဖြောက်ရွာနေသည့်ကြား က မိုးဖွားလေးတွေကို ရွှေရောင်ထီးကလေးဖြင့် အကာအကွယ် ယူလျက် ခြံထဲကနေ သွက်သွက်ကလေး လှမ်းထွက်လာသည့် အက်စ်ကို ရုတ်တရက်တွေ့လိုက်ရသဖြင့် သူ ကမန်းကတန်း မိုးရွာထဲ ပြေးထွက်လိုက်လာခဲ့တော့သည်။

"ဟင် ... မောင်လေး မိုးဖွဲတွေကျနေတယ်၊ ထီး ... ထီးယူ သွားလေ၊ နေဦး မမ ထီးယူ ... ဟဲ့ ... ကလေးမဟုတ် သူငယ်မဟုတ် ပြောနေရင်းက လှည့်ထွက်သွားတယ် ကြည့်"

www.burmeseclassic.com

www.burmeseclassic.com



အနောက်ကနေ ဗျစ်တောက်ဗျစ်တောက် ပြောကျန်ခဲ့သည့် မမကို သူ ဘာမှ ပြန်မပြောဘဲ ကောင်မလေးကိုသာ အမီလိုက်ဖို့ ခြေကုန်သုတ်လိုက်သည်။

"ဗျတ်"

"အမေ့"

အနောက်ဘက်ဆီက လူတစ်ယောက်က အက်ဲစ်ဖိနပ်ကို မိမိရရ တက်နင်းလိုက်တာမို့ ဖိနပ်သဲကြိုးက မပြတ်ဘဲ ဗျစ်ခနဲမြည်သွားရလေသည်။ သဲကြိုးမပြတ်ပြတ်အောင် တမင်တက်နင်းလိုက်တာ ဘယ်သူမှန်းမသိခင် အက်ဲစ် ဒေါသက ထောင်းခနဲဖြစ်သွားတော့သည်။

"ဒီမှာ"

ရန်တွေ့မလို့ မျက်နှာကိုအလှည့် ဟင်ခနဲအသံထွက်သွားသည်အထိ အက်ဲစ် အံ့ဩထိတ်လန့်သွားရသည်။

"အင်း ... ကိုယ် ထီးအောက်ဝင်မယ်"

ပြောပြောဆိုဆို သူက အက်ဲစ် ထီးအောက်ကို ဝင်ပြီး အက်ဲစ်နှင့် ပခုံးချင်းထိ၍ကာ အက်ဲစ်ကိုင်ထားသည့် ထီးကလေးကို အက်ဲစ်လက်ကို အုပ်ကိုင်ပြီးမှ ဆွဲယူလိုက်လေသည်။

"ဟင် ... ဒါ ... ဒါ ဘာလုပ်တာလဲ ရှင်"





"ယောကျ်ားက ဦးဆောင်ပြီး ထီးကိုင်ရတယ်လေ"

"ရှင် အသားယူပြီး စကားမပြောနဲ့"

"အသားလည်းမယူရပါဘူး၊ အရိုးလေးတော့ နည်းနည်းယူရကောင်းမလားပဲ၊ မင်းလက်ကလေး ကိုင်ချင်တယ်၊ စက္ကန့်လောက်တော့ခွင့်ပြု"

"ဖယ် ... ထီးပေး၊ ပေး ရှင် ထီးကို ကိုင်စရာမလိုဘူး"

"မရက်စက်နဲ့ကွာ၊ အက်ဲစ် ဒီမှာ ကိုယ် မင်းကိုမတွေ့ရလို့ ရင့်ထဲမှာ နေထိပန်းလို ညှိုးနွမ်းနေတာ မင်းက ကိုယ်ချင်းမစာဘူး"

"ဟင် ... ဘာဆိုင်လို့ ကိုယ်ချင်းစာရမှာလဲ၊ ရှင်နဲ့ ကျွန်မ ဘာမှ မဟုတ်"

"အမေ့"

အက်ဲစ်က ဒေါသဖြင့် သူ့လက်ထဲကထီးကို ဆွဲယူ
က်ချိန်မှာ သူက ရုတ်တရက် ထီးကွယ်ပြီး အက်ဲစ်ပခုံးကိုပွေ့
အက်ဲစ်ပါးပြင်ကို နှုတ်ခမ်းဖြင့် မထိတထိ ရှပ်တိုက်လိုက်တာ
အက်ဲစ် ထိတ်လန့်ကြောက်အားပိုသွားရကာ လမ်းမကြီးမှာ
နံ့ပေါက် ထနှံပေါက်ကွဲသွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ... ရိုးသလို အသလိုနဲ့ မိန်းကလေးတစ်ယောက်
ကို ..."

"အက်စ်ရယ်"

"ဖယ် ... ကျွန်မကနော် ဒီတစ်ခါ သည်းခံမှာမဟုတ်ဘူး
ကိုယ့်ထက်အသက်ကြီးလည်း မရှောင်ရှင် ပါးကိုရိုက်ပစ်
မှာ"

"ဟား ... ခံစားရတယ်ကွာ"

အက်စ် ဒီတစ်ခါတော့ ရှက်လည်းရှက်မနေနိုင်တော့

သူ့လက်ထဲကထီးကိုလည်း တအားဆွဲယူလိုက်ပြ
သူနှင့် ကိုယ်လုံးချင်းဝေးသွားအောင် ခြေလှမ်းကို အားကုန်ပြေ
သလိုအလှည့် ...

"ဝုန်း"

"အား ... သေပါပြီ"

အက်စ် အရှေ့တည့်တည့်ကို ပြေးဝင်လာသည်
စက်ဘီးက အက်စ် ပေါင်တည့်တည့်ကို ပစ်ဝင်သွားသည့်အချိန်
အက်စ် ရှက်လွန်းလို့ ရှန်တွေ့နိုင်အားမရှိတော့ဘဲ မျက်စိစုံမှိ
ချလိုက်ရတော့သည်။

အမယ်လေး ... ရှက်ဖို့ကောင်းလိုက်တာ။





သေသာသေချင်တယ်။

စက်ဘီးက ဘယ်ကဘယ်လို အက်စ်အရှေ့ ပေါင်
တည့်တည့်ကို ဝင်တိုးခဲ့ရတယ်မသိ။

ဘယ်ခွေးသူခိုးကများ ဒီလို တိုးမိအောင် တမင်လုပ်
ခဲ့လဲမသိ။

"အက်စ် ... အက်စ် ... ဟာ ... ထပါဦး၊ ဒီမှာ မင်း ...
မင်း ငါတို့နှစ်ယောက်ကို မမြင်နိုင်ဘဲ ရှေ့တည့်တည့်ကနေ
ဝင်တိုက်ရအောင် ငါ့ချစ်သူသာ တစ်ခုခုထိသွားရင် မင်း
မလွယ်ဘူး"

"ဟင်"

အရေးထဲ အက်စ်ကို သူ့ချစ်သူပါလို့ ပါးစပ်အရသာ
ပြောလိုက်သည့် သူ့ကို ဆတ်ခနဲဒေါသဖြင့် မော့ကြည့်လိုက်မိ
သမယ့် ဘာရန်တွေ့စကားမှ မဆိုနိုင်ခဲ့။

"တောင်းပန်ပါတယ် အစ်ကိုရယ်၊ အစ်ကို့ချစ်သူက ကျွန်
တော် စီးလာတဲ့လမ်းဘက် ဖွတ်ပြေးလာတော့ ကျွန်တော်
လည်း ဘရိတ်မအုပ်မိဖြစ်သွားတာ၊ တောင်းပန်ပါတယ်ဗျာ၊
ဘယ်လိုမှ မထင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးနဲ့ဝင်တိုက်တဲ့ကောင်လေးကလည်း တောင်းတောင်းပန်ပန် ပြေးပြေး နင်းပြေးသွားခဲ့ပြီမို့ အက်ခ်ိစ် ရှက်ရှက်နှင့် ဟင့်ခနဲ ငိုချလိုက်တော့သည်။

အဲဒီအချိန်မှာ မိုးကလည်း သည်းခနဲ ရွာလာခဲ့တာမို့ သူက အက်ခ်ိစ်ကို ထီးမိုးပေးရင်းက ပခုံးတစ်ဖက်ကို ကိုင်ကာ ချော့မော့လာခဲ့သည်။

တကယ်လည်းပဲ သူက ကိုယ့်ချစ်သူတကယ်မဟုတ်သေးဘဲနဲ့ အခုလို ချော့ချော့မော့မော့ နှစ်သိမ့်လာတော့ အက်ခ်ိစ် ပိုပြီး ရှက်လည်းရှက်၊ ဝမ်းလည်းဝမ်းနည်းသွားရပါသည်။

"အက်ခ်ိစ် ... ဟော့ ... ကောင်မလေး ... နာသွားတာလား"

အဆက်အစပ်မရှိ မေးလာသည့် စကားက ရှက်နေတဲ့ အက်ခ်ိစ်ကို ပိုပြီးအရှက်ရသွားရပြန်သည်။

"ဘာကိုနာရမှာလဲ"

စိတ်တိုစွာဖြင့် တအားပိတ်အော်ပြီး ဟောက်လိုက်တော့ သူက သဘောပေါက်စွာ ဟီးခနဲ ရယ်လိုက်သေးသည်။

သူရယ်ကာမှ အက်ခ်ိစ် မျက်နှာလေး ဖြန်းခနဲရဲတက်သွားသည်အထိ မျက်နှာတစ်ပြင်လုံး ထူထုံသွားသည်။





"ဟာ ... မဟုတ်ဘူးလေ၊ ကိုယ်ပြောတာက ဒီလို ... ဒီလိုပါ"

"အသုံးကျအောင် စကားမပြောတတ်ဘဲနဲ့ မပြောနဲ့၊ မပြောနဲ့"

"ဟာ ... ဘယ်သူက အသုံးမကျတာလဲ အက်ခ်ိစ်ကလည်း ကွာ"

"ဟော့ ... ဒါ ...ဒါက ဘာပုံတွေလဲ၊ ဘာဖြစ်နေကြတာလဲ"

"ဟင်"

မုဆိုးဒူးထောက်ထိုင်ပြီး လက်တစ်ဖက်က ထီးကိုင်မိုးပေးရင်း လက်တစ်ဖက်က အက်ခ်ိစ် ပခုံးလေးကို ကိုင်ပြီး အက်ခ်ိစ် စိတ်ပြေအောင် ချော့မော့နေသည့် ခန့်တည်မှာ အနားကပ်ပြီး ကပ်ခေါ်လိုက်သည့် ကြောက်စရာအသံကြီးကြောင့် မော့ကြည့်...

"ဟင် ... အယ်"

"ခင်ဗျား ... ခင်ဗျား ကြောင်သူတော်ကြွက်သူခိုး၊ ကျုပ်နှမကို ခင်ဗျား ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟာ ... ဘာမှမလုပ်ရပါဘူး"

အထစ်ထစ် အငေါ့ငေါ့ဖြင့် သူ အယ့်ကို ရှင်းပြမလို့ ပြင်နေချိန် အယ်က ရိုင်းပျစွာဖြင့် သူ့ပခုံးကို ဆုပ်ကိုင်ခါယမ်းလိုက်သည်။

"ဒီမှာ ကျုပ်နှမကို ခင်ဗျား ဘာမှ အောက်ကျနောက်ကျ တောင်းပန်ပြီး ကျုံးသွင်းနေစရာမလိုဘူး၊ အက်စ် ထစမ်း နင် ဘာဖြစ်တာလဲ၊ ငါ့ကို အခုရှင်းပြ၊ ဒီလူ နင့်ကိုနှောင့်ယှက်နေတာဆိုရင်လည်း ငါ တစ်ခါတည်း ရိုက်ပစ်မယ်၊ ရိုက်ပြီးမှ ထောင်ကျခံမယ်၊ ဟွန်း ... ကိုယ့်အသက် ကိုယ့်အရွယ် ကိုယ့်ရုပ်ကိုယ့်ရည်ကိုမှ အားမနာ ကျုပ်နှမလို မိန်းကလေးကိုများ"

"... ဟုတ်ပါဘူး အယ်ရာ၊ မင်းနဲ့ ငါနဲ့က အိမ်နီးချင်းတွေလေ၊ မင်း မရိုင်းပျချင်စမ်းနဲ့"

"ရိုင်းပျတာက ခင်ဗျား"

"ဟာ ... မဟုတ်သေးပါဘူးကွာ"

"ဟာ ... တော်ကြပါတော့ ဒီမှာ စက်ဘီးနဲ့အတိုက်ခံရလို့ နာရတဲ့ကြားထဲ သူတို့ကတစ်မျိုး"





"ဘာကွ နင့်ကို ဒီလိုလူစားနဲ့ လမ်းမှာ ခဏတစ်ဖြုတ်တောင် မဆုံစေချင်လို့ နင့်ကို ငါ ပြောထားတာ၊ နင် နားလည်တယ် နော် အက်စ်၊ ကိုယ့်ရုပ်ကိုယ့်ရည်နဲ့ ဒီလိုလူစားကို လုံးဝ အဖက်လုပ်စရာ မလိုဘူး"

သူ့ကို ရုပ်ရည်မွဲပါတယ်လို့ နှစ်ပြားမတန်အောင် ပြောင်ပြောင်ပြောလာသည့် မတော်ရသေးသည့် ယောက်ဖကို သူ တော်တော်မျက်မှန်းကျိုးသွားရပါသည်။

ရင်ထဲကမာနတွေကလည်း ဆောင်းထောင်ကြွတက်သွားရသည်။

"နေစမ်းပါဦး အက်စ်က ငါ့ကို ဘာမှမပြောရဘူး၊ မင်းက ကြားထဲကဝင်ပါရအောင် အက်စ်နဲ့ ငါနဲ့က ..."

"ကိုခန့်တည်ကြည်"

အက်စ်က အယ့်ရှေ့မှာ ပိတ်ကာရပ်ပြီး သူ့ကို ဝင်တန့်လိုက်ပြီမို့ သူလည်း ရှေ့ဆက်မယ့်စကားတွေ လည်ဝမှာတင် တစ်ဆို့သွားရသည်။

"ဘာဖြစ်လဲ ဆက်ပြောစမ်း အက်စ်နဲ့ ခင်ဗျား"

"ဘာမှမဟုတ်ဘူး"

သူ အလျှော့ပေးပြီး အယ့်ကို ကျောခိုင်းလိုက်တာပဲ ကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စကားဖြတ်ပြီး အက်စ်ရဲ့စိတ်ရှုပ်ထွေးကာ အလိုမကျ ဖြစ်နေသည့် မျက်နှာလေးကို တစ်ချက် ရီရီစိုက်ကြည့်ကာ သူ ကျောခိုင်းပစ်လိုက်သည်။

ကျောခိုင်းလှည့်ထွက်လိုက်တာနှင့် တစ်ပြိုင်နက် ကြားလိုက်ရသည့် အယ်အသံက သူ့ကို သည်းခံလို့မရအောင် ခြေလှမ်းတွေ တုံ့ခနဲရပ်တန့်သွားရတော့သည်။

“နင်က ဒီအစွယ်ငေါငေါထွက်နေတဲ့ အကောင်ရဲ့စကားကို ယုံကြည်ကိုးကွယ်နေပြီပေါ့ ဟုတ်လား အက်စ်”

“ဟော့ ... ဒီမှာ ဘာစကားပြောတာလဲ”

“ဗမာစကားပြောတာ”

“မင်းက အိုးကမပူစလောင်းကပူ လုပ်မနေစမ်းပါနဲ့၊ ငါ့ရုပ် ဘယ်လောက်အကျည်းတန်နေလို့ မင်းက အပုပ်ချရတာလဲ မင်းနမက်ရော ဘာဒီလောက်ချောနေလို့လဲ”

“ဟား ဟား ... မချောဘဲနေမလားဗျာ၊ ဟောဒီတစ်မြို့လုံး ထဲမှာ အချောဆုံးအလှဆုံး ရှာမှရှားတဲ့ ကျွန်တော့်နမလို ရုပ်မျိုးနဲ့ ခင်ဗျားလိုရွက်ကြမ်းရေကျိုလူနဲ့ လုံးသဘောမတူ နိုင်ဘူး၊ တန်လည်းမတန်ဘူး”

“မင်းမတန်ပေမယ့် သူ တန်တယ်ကွာ”





ဒီလောက်အထိ နမခုတ်လွန်းသည့်ကောင်ကို အနိုင် ပိုင်းကာ လှည့်ထွက်လာခဲ့သည်။

အနောက်ဘက်ဆီက မတော်ရသေးသည့် ယောက်ဖ ရဲ့ ရိုင်းပျစော်ကားစကားသံကိုလည်း လျစ်လျူရှုလိုက်ရသည်။

“တောက် ... ပိုက်ဆံချမ်းသာတယ်ဆိုပြီး မောက်မာနေတာ၊ အနောက်ကနေ ခဲနဲ့ကောက်ထုလိုက်လို့ ငါ့နမတောင် တစ်ဖက်သတ်ချစ်စရာ နှလုံးသားမရှိဘဲ နေသွားမယ်”

ဆိုတဲ့စကားကို လျစ်လျူရှုရင်းက ပြုံးတောင်ပြုံး လိုက်မိသေးသည်။

“ဩော် ... ဟော် ... နမကို ခုတ်လည်း ခုတ်နိုင်လွန်းတဲ့ မောင်ပါလား”

✳ ❥ ✳



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

"တစ်ဖက်အိမ်က ထက်တို့မောင်နှမတောင် မေမေတို့အိမ်ကိုမလာတာ နှစ်လကျော်သွားပြီ၊ အက်စ် ညည်းနဲ့ မောင်ခန့်တည် ဘာဖြစ်ကြလဲ၊ ရန်ဖြစ်သေးလား"

မေမေ ဦးတည်ချင်တာက သူမကိုပင်ဖြစ်သည်။

ထမင်းစားပွဲမှာ စတင်လိုက်သည့် မေမေ့စကားက တစ်ဖက်အိမ်က မောင်နှမလို့ ဦးတည်လိုက်ပေမယ့် တကယ်တမ်း ဦးတည်တာက ဟိုလူကြီးကို ဦးတည်တာပင်ဖြစ်သည်။

"ဟာ ... ဘာဆိုင်လို့ သူနဲ့ ရန်ဖြစ်ကြရအောင်"

အက်စ် မျက်နှာလေး မနေတတ်သလို မေမေ့ကို ဆင်ခြေပေးလိုက်တော့ အယ်က မကျေနပ်သလို မျက်လုံးပင့်ပြီး အက်စ်ကို တစ်ချက်မော့ကြည့်လာသည်။





"အေး ... ဘာမှမဆိုင်ဘူး၊ ဘာမှမဆိုင်ဘူး၊ နင်နဲ့ အဲဒီလူ လမ်းမှာတောင် ပခုံးဖက်လားယက်လားလုပ်ရအောင် နင်က ချစ်သူမဟုတ်ဘူး မဟုတ်ဘူးနဲ့ ငြိမ်ခံနေတာ ဘာသဘော လဲ"

"ဘယ်မှာငြိမ်ခံနေလို့လဲ၊ အယ်နော် နင် ငါ့ကို အပုပ်မချနဲ့"

အက်စ် ထမင်းလုတ်တောင် ဖြောင့်ဖြောင့်မသွင်းနိုင်ဘဲ မျက်နှာလေး တစ်ဖက်လွှဲကာ အယ့်ကို ပြန်အော်လိုက်သည်။

မေမေကတော့ ခေါင်းတညိတ်ညိတ်နှင့် ဘာကို သုံးသပ်နေသည်မသိ။

"နေစမ်းပါဦး သမီးနဲ့ မောင်ခန့်တည်က ချစ်သူ မဖြစ်ကြသေးဘူးလား"

"အက်စ်မှ သူ့ကို မချစ်တာ"

"မချစ်လည်း ခပ်တည်တည် ခပ်မှန်မှန်နေပါတော့လား၊ အခုတော့ အတို့အထိ ပလို့ဂျိလုပ်နေတာ၊ ကြာရင် ဒီလူ နင့်လက်ကို ကိုင်ကိုင်ဆွဲနေတာနဲ့တင် နင် သာယာရာကနေ တွယ်တာသွားမှာ သိလား အက်စ်၊ အနေအထိုင်ဆင်ခြင်"

မေမေ့ရှေ့မှာ အခုလို အပြောခံလိုက်ရသဖြင့် အက်စ် မျက်နှာတစ်ပြင်လုံး မီးအကင်ခံလိုက်ရသလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနေအထိုင် မဆင်ခြင်ရအောင် ငါက သူ့ကို မျက်စပစ်ပြနေလို့လား အယ်ရဲ့"

"မျက်စပစ်မှ ဒီလူရဲတာမဟုတ်ဘူး၊ နင့်ဘက်က လိုလားရိပ်ရှိလို့ ဒီလူနင့်ကို အရဲကိုးတာပေါ့၊ မေမေ့သမီးကို ကြည့်ပြောထား၊ ကျွန်တော်နဲ့ အဲဒီလူ ပြဿနာဖြစ်မှာ"

"ဟင် ... အယ်နော် ... ငါက ဘာဖြစ်နေလို့လဲ၊ ဟိုက ငါ့ကို တစ်ဖက်သတ်ဖြစ်နေတာ နင် သိသားပဲ"

"ကဲ ... အမေရှေ့မှာ ဘာစကားတွေ လာပြောနေတာလဲ၊ အရှက်မရှိကြဘူး၊ နင်တို့တွေ အရှက်ကိုကမ်းကုန်နေပြီ"

မေမေ ထဆူလိုက်တော့မှ အယ်ကလည်း ငြိမ်ပြီး ထမင်းကိုပဲ စားလိုက်တော့သည်။

အက်စ်ကတော့ ဆွလေးလုပ်သည့် အယ့်ကို လုံး၀ မကျေနပ်။

အဲဒီလို မကျေနပ်ခဲ့ပေမယ့် သူ့ကို ပြန်ပြီးချေပနိုင်သည့်အခွင့်အရေးလည်း အက်စ်မှာ မရှိခဲ့ချေ။

ထမင်းစားဝိုင်းမှာ ခဏတိတ်ဆိတ်ငြိမ်သက်ကျသွားချိန်မှာ မေမေပြောလိုက်သည့် စကားတွေက အက်စ်ရဲ့ ပရမ်းပ





တာဖြစ်နေသည့် နှလုံးသားလေးကို ပိုပြီး ခန့်မြည်လှုပ်ရှားသွားပါတော့သည်။

"အယ် ... မင်းနဲ့မကို လူတော်လူကောင်းနဲ့တိုးတာ မေမေ သဘောတူတယ်၊ မင်းအရှေ့ကနေ ကာဆီးကာဆီးလုပ်ပြီး အဖျက်တိုက်မနေနဲ့ အယ်၊ ငါကတော့ ငါ့သမီးကို မောင်ခန့်တည်နဲ့ပဲ လက်ထပ်ပေးမှာပဲ၊ သူလာတောင်းရင် ငါက အဆင်သင့်ခေါင်းညိတ်မှာပဲ၊ အက်စ် ချစ်ချစ် မချစ်ချစ် ငါကတော့ ခန့်တည်လို သမက်မျိုးကို အလွတ်မခံနိုင်ဘူး"

"ဟင်"

အက်စ် ဘာမှ ပြန်မပြောနိုင်အောင် ရှက်စိတ်တွေ လွှမ်းသွားသည့်အချိန်မှာပဲ အယ်ရဲ့ ဝူးဝူးဝါးဝါးအသံကို ကြားလိုက်ရပြန်သည်။

"သဘောမတူဘူး၊ လုံး၀သဘောမတူဘူး၊ ဒီကောင်ကြီးနဲ့ သဘောတူမယ့်အစား ခွေးအမြီးပြတ်နဲ့ပဲ သဘောတူမယ်"

"အမယ်လေးလေ ... မင်းနဲ့သူက ဘာရန်ငြိုးရန်စတွေရှိထားလို့ ဒီလောက် မင်းက ခါးသီးနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခါးသီးတယ်၊ သူတော်ကောင်း အရေခြုံထားလို့ ပိုပြီး ခါးသီးတာ၊ လုံးဝပဲ၊ ကျွန်တော်ကတော့ မေမေနဲ့ မေမေ့ သမီး တည်မယ့်ပွဲတော်ကို ဖျက်မှာပဲ၊ အေး ... အက်စ်နော် ငါ ပြောထားတဲ့ကြားက နင် ဒီလူနောက်ကို နိုးရာလိုက် သွားလို့ကတော့ ငါက တုတ်နဲ့ကို လိုက်ရိုက်ပစ်မှာပဲ၊ မလုပ်ရဲဘူးမထင်နဲ့"

ပြောချင်ရာပြောပြီး ထမင်းစားပွဲမှ ဝုန်းခနဲထထွက် သွားသည့် အယ်ရဲ့အငြိုးအတေးတွေကို အက်စ် မယုံနိုင်အောင် အံ့သြမှင်တက်မိသွားရလေ့သည်။

ရင်ထဲမှာလည်း ဝမ်းနည်းစိတ်ဖြင့် ငိုချင်သွားရသည်။

မေမေကတော့ အယ် ကွယ်သွားသည်နှင့် သူမကို ချော့မော့နှစ်သိမ့်သလိုနှင့် ဆုံးမစကားဆိုလာခဲ့လေသည်။

"သမီး အယ်၊ သမီးကို သဝန်တိုပြီး ရမ်းနေတဲ့စကားတွေ ကို အဟုတ်ထင်ပြီး စိတ်ထဲ ဘာမှမထားနဲ့၊ သမီးလည်း အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်ပြီ၊ ခန့်တည် လက်ထပ် ခွင့်တောင်းရင် လက်ခံလိုက် သမီး"

"ဟာ ... အက်စ်မှ သူ့ကိုမကြိုက်တာ၊ ဒက္ခပဲ အလိုလို နေရင်း အက်စ်က ယောကျ်ားယူရအောင်"





မေမေ့စကားတွေကြောင့် ရင်တွေ တဒိန်းဒိန်းဆောင့် ခုန်သွားသည်အထိ စိတ်လှုပ်ရှားသွားခဲ့တာတွေကို ဟန်ဆောင်ပြီး ရှက်ရမ်းရမ်း ပြောခဲ့ကာ အက်စ်လည်း ထမင်းစားပြီးတာနှင့် ထထွက်လာခဲ့မိတော့သည်။

* ❥ *



www.burmeseclassic.com

## ၁၆

ဘယ်လိုမှ ဆက်စပ်လို့ မရတော့သည့် ချစ်ရသူလေးကို သူ လွမ်းစိတ်တမ်းတစိတ်ဖြင့် ကြာရင် သူ ရူးများရူးသွားမည်လားမသိ။

ရင်ထဲမှာတော့ ရူးနေရပြီဖြစ်သည်။

အပြင်မှာ ဟန်ဆောင်ပန်ဆောင် သွားလာလှုပ်ရှားနိုင်ခဲ့ပေမယ့် ရင်ထဲမှာတော့ နွမ်းခိုက်နေရလေပြီ။

သူ ဘာလုပ်ရမလဲ ...။

ဘာလုပ်သင့်သလဲ အကြိမ်ကြိမ် စဉ်းစားသည်။

အန်တီ့ကို တောင်းပန်ပြီး သမီးတောင်းပွဲလုပ်ရင်လည်း ဟိုအဖျက်သမားက လက်ခံမှာမဟုတ်။





အိမ်နီးနားချင်း ဘာမဟုတ်သည့်ပြဿနာမှအစပြု...း အခုလို ရန်သူကြီးတွေဖြစ်သွားကြတော့ သူ့မှာ အခုတော့ ...သူလေးကို ချစ်မယ်ကြံတုန်းရှိသေး ပွဲက ပြီးခဲ့ပြီဖြစ်သည်။

ဒီတစ်ခါတော့ အဆုံးသတ်ပွဲတစ်ခုကို သူ ကျင်းပဆုံးဖြတ်လိုက်တော့သည်။

အခုချိန်မှာတော့ ...

အက်စ်ရဲ့ဓာတ်ပုံလှလှလေးကို တိတ်တိတ်ကလေး ...ရင်း ကျေနပ်ခဲ့ရသည့် အချစ်ရူးရူးနေသည့် လူသားဖြစ်ခဲ့သည်။

"အက်စ်ရယ် ... မင်းကို ကိုယ် သိပ်ချစ်တယ်၊ သိပ်ချစ်တယ်ကွာ၊ ငါ မင်းကို ဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး၊ မင်းမောင် ကဖျက်ယဖျက်လုပ်လည်း ငါကတော့ မင်းကို ရအောင်လက်ထပ်ယူမှာပဲ၊ မင်းကရော၊ မင်း ငါ့ကို ချစ်နေတယ်မဟုတ်လား၊ ချစ်နေရက်နဲ့ မညာချင်စမ်းနဲ့ ကလေးရယ်"

အက်စ်ရဲ့ စူတင်းတင်း မျက်နှာလှလှလေးကို သူ ...နှာကြီးပွေ့အပ်ပြီး ဓာတ်ပုံနှင့် စကားပြောနေလိုက်သည်။

အခုဆိုရင် အက်စ်ကို မတွေ့ရတာ နှစ်ပတ်ကျော် ...ခဲ့ပြီ။

www.burmeseclassic.com



ဒီနှစ်ပတ်ကျော်ကာလလေးမှာ သူ အရှုံးအမှုး ဓာ
ပုံလေးဖြင့်သာ အလွမ်းဖြေခဲ့ရသည်။

မမကိုလည်း သိပ်ပြီး စကားဟက်ဟက်ပက်ပ
မပြောမိတော့။

ကိုယ့်အတွေး ကိုယ့်အကြံနှင့် ဘာလုပ်ရင်အဆင်ပြေ
ပါ့မလဲဆိုတာကို အကြံထုတ်ပြီး အိပ်ရာထဲမှာ နဖူးပေါ်လက်တ
ကာ စဉ်းစားခန်းထုတ်လိုက်သည်။

ရက်ကြာကြာစဉ်းစားခန်းထုတ်လာတော့လည်
အကြံကောင်းဉာဏ်ကောင်းလေးက သူ့ရဲ့ရွှေဦးနှောက်ထဲကို လ
ခနဲ ဝင်ရောက်လာခဲ့တော့သည်။

"ဟား ... ဟုတ်ပြီ၊ အဲဒါ အကောင်းဆုံးအကြံပဲ၊ ဒ
ငါနဲ့ အက်စ် ချက်ချင်းလက်ငင်း လက်ထပ်ရမှာ"

ရသွားသည့်အတွေးတစ်ချက်က သူ့အတွက် က
သစ်တစ်ခုတွေ့လိုက်သလို အလွှက်လှဲဆုံး ပျော်မြူးသွားရ
သည်။

"အိုကေ"

ခုတင်ပေါ်မှာ ညှိုးငယ်စွာ တုံးလုံးကြီးလှဲအိပ်နေ
မှ ဝေါက်ခနဲထထိုင်ပြီး လက်ဖျစ်တွက်လိုက်သည်။





"ဟား ... ရွှေဦးနှောက်၊ ရွှေဦးနှောက်၊ ကောင်းလိုက်တဲ့
ရွှေဦးနှောက်၊ ဆန်းသစ်တဲ့ အကြံဉာဏ်တွေ ထွက်တတ်
လိုက်တာ၊ ပျော်လိုက်တာကွာ"

ရှုံးတယ်ပဲပြောပြော ပေါတယ်ပဲပြောပြော သူတစ်
ယောက်တည်း မနေနိုင်မထိုင်နိုင် စကားတွေပြောလိုက်သည်။

အဲဒီနောက် စိတ်ဂနာမငြိမ်စွာ ထိုင်နေရာကနေ
ပြန်တုံးလုံးလှဲလိုက်။ ပြီးတော့ တုံးလုံးလှဲနေရာကနေ ပြန်ထိုင်
လိုက်။ လက်တွေက အငြိမ်မနေဘဲ ဓာတ်ပုံကနေ ပိုစတာလုပ်
ထားသည့် အက်စ်ရဲ့မျက်နှာလှလှလေးကို လက်ဖဝါးဖြင့် ဖွဖွ
လေးပွတ်လိုက်ဖြင့် သူ့မှာ မျောက် အုန်းသီးရသလို ဖြစ်နေရသည်။

အင်း ... ဘာလိုလိုနှင့် ...

အက်စ်နဲ့သူ ရက်ပိုင်းအတွင်းမှာပဲ အကြင်လင်မယား
ဘဝကို ရောက်တော့မှာပါလား။

ရင်ခုန်စရာကြီးပါလား။

အက်စ်ကတော့ သူ့ကို လျစ်လျူရှု ကျောခိုင်းပြီး
ဒီအတိုင်း လက်ပိုက်ကြည့်နေမှာမဟုတ်။

"ဒေါက် ... ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

တစ်ယောက်တည်း ဆန်းသစ်သည့်အတွေးတွေဖြင့် ငြိမ်နေသည့်အချိန်မှာပဲ တံခါးခေါက်သံက သူ့အတွေးကမ္ဘာကို ဖျက်ဆီးဝင်ရောက်လာခဲ့သည်။

"မောင်လေး တံခါးဖွင့်ဦး"

ဆိုတဲ့ မမရဲ့အသံကို ကြားလိုက်တော့မှ သူ စောင်ကြီးကို ဆွဲယူပြီး ခေါင်းမြီးပိတ်ခြုံလိုက်လေသည်။

ဟန်ဆောင်တယ်ဆိုတာ ပီပီရိရိ အစမပေါ်အောင် ဟန်ဆောင်မှ။

"ခေါက် ... ခေါက် ... မောင်လေး တံခါးဖွင့်စမ်း၊ မင်း မနက်ကလည်း ထမင်းမစားဘူး"

အပျိုကြီးပီပီ တပီပီ လုပ်လာပြီဖြစ်သည့် မမကို စောင်ခြုံထဲကနေ သူ ညှိုးဖျော့စွာဖြင့် လှမ်းပြောလိုက်ပါသည်။

"မမ တံခါးဖွင့်ဝင်ခဲ့ရင်ဝင်ခဲ့၊ ကျွန်တော် ဖျားနေသလား မသိဘူး"

"ဟင် ... ဖျားနေတယ် ဟုတ်လား၊ ဘုရားရေ ... မင်းဖျားရင် ငှက်ဖျားများပြန်ဝင်ပြီလား၊ ကြည့်လုပ်ဦး ခန့်တည်"





ကိုယ့်အကွက်ထဲကို အမိအရ ဝင်လာပြီဖြစ်တဲ့ မမကို ဒီတစ်ခါတော့ သူ အတိုက်အခံ လုပ်ရတော့မည်ဖြစ်သည်။

"ဟင် ... စောင်ကြီးခြုံထားတယ်၊ အဖျားတက်ချင်လို့လား ခန့်တည်၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါ ဆရာဝန်ကို ဖုန်းဆက်လိုက်မယ်"

"ဟင့်အင်း ... ကျွန်တော် ဘာမှ မဖြစ်ဘူး၊ ဆရာဝန်လည်း ခေါ်မနေပါနဲ့ မမ"

"မှန်း"

မမက သူ့နဖူးကို လက်ဖဝါးဖြင့် ဖွဖွလေးစမ်းလိုက်သည်။

"အပူတော့ မရှိသလိုပဲ"

"အပူမရှိပါဘူး၊ ရင်ထဲမှာပဲ အပူရှိတယ်"

"ဟင် ... ရင်ထဲမှာ အပူရှိရင် တငွေ့ငွေ့နဲ့ ငှက်ဖျားပိုးဦးနှောက်ထဲဝင်သွားမှ မင်း ... မင်း ဒုက္ခရောက်မှာ၊ ငါ ဆရာဝန်ကို အခုချက်ချင်း ဖုန်းဆက်မယ်"

ပြောပြောဆိုဆို လှည့်ထွက်လိုက်သည့် မမလက်ကို သူ ဆတ်ခနဲဖမ်းဆွဲထားလိုက်ပြီး မျက်ဝန်းတွေကို ပြည်းပြည်းချင်း မှိတ်ချကာ ရင်ထဲကစကားတွေကို ဖွင့်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ရင်ထဲက အပူက ဆရာဝန်လည်းကုရမှာမဟုတ်ဘူး၊ ကျွန်တော်ချစ်တဲ့ မိန်းကလေး အက်စ် ကုမှရမှာ၊ ကျွန်တော် ဒီမှာနေရတာ မပျော်ဘူး မမ၊ မမကလည်း၊ အက်စ်ကို ခါးခါးသီးသီး ဟိုတစ်ဖက်က အက်စ်မောင်လေးကလည်း ကျွန်တော့်ကို ခါးခါးသီးသီးဖြစ်နေတော့ ကျွန်တော် လောကကြီးမှာတောင် ဆက်မနေချင်တော့ဘူးဗျာ၊ အက်စ်နဲ့ နီးတဲ့နေရာမှာလည်း ကျွန်တော် မနေချင်ဘူး"

"ဟင် ... မင်းက ဒါဆို ဘယ်သွားမှာလဲ"

"အက်စ်နဲ့ဝေးတဲ့ ဖာထီးတို့ရွာပဲ၊ ငှက်ပစ်ထွက်မယ်၊ စိတ်ပြေလက်ပျောက် ငှက်ပစ်ပြီး ငှက်တွေကင်စားမယ်"

"... မင်း မသွားရပါဘူး၊ မင်း အဲဒီတောင်ပေါ်ဒေသကနေ ဒီငှက်ဖျားရခဲ့တာ၊ မင်း ငှက်များတဲ့တောထဲ သွားငှက်ပစ်ရင်းနဲ့ ငှက်ဖျားဖြစ်ခဲ့တာ မသေရုံလေ၊ မင်း မသွားရဘူး"

"သွားမယ်၊ ကျွန်တော် ငှက်ဖျားရပြီးသေလည်း အေးတာပဲ၊ မိန်းမလေးတစ်ယောက်ကို ချစ်မိပါတယ်၊ အစ်မက သဘော





မတူလိုက်၊ ဟိုဘက်ကမောင်က သဘောမတူလိုက်နဲ့ လူ့ဘဝမှာမနေချင်ဘူး၊ နေလည်း စိတ်သေနေတာ"

"ခက်လိုက်တာ · ခန့်တည်"

မမ ကြံရာမရ တစ်ချက်တွေဝေသွားပြီးမှ စိတ်လျှော့က်သလို ဟင်းခနဲ သက်ပြင်းချလိုက်သည်။

"မင်းကို ငါ အဲဒီဟာမလေးနဲ့ သဘောတူတယ်၊ သဘောတူတယ်၊ မင်း အဲဒီနေရာကို မသွားတော့နဲ့"

"သွားမှာပဲ၊ သူ့မောင်က ကျွန်တော့်ကို လုံးဝသဘောမတူဘူး"

"ဟဲ့ ... ခန့်တည်၊ နင် ကလေးမဟုတ်တော့ဘူးနော်၊ ငါ အတန်တန်တားနေတဲ့ကြားက ငှက်ဖျားပေါတဲ့ ဧသမင်းပြည်ကို သွားချင်သွား မင်းအကြောင်း၊ ဒီတစ်ခါတော့ ငါ မင်းနောက်ကို လိုက်လာလိမ့်မယ်မထင်နဲ့"

သူ့ကို ဘယ်လိုမှ ပြောမရတော့သည့်အဆုံး မမ က်ဆိုးမာန်ဆိုးဖြင့် သူ့အခန်းထဲက လှည့်ထွက်သွားတော့မှ ခြ ားသည့်စောင်ကြီးကို ခွာချပြီး သူ တိတ်တဆိတ် ပြုံးလိုက်မိပါ ည်။



www.burmeseclassic.com

www.burmeseclassic.com



မမ ...

မမ ... ...

ကျွန်တော့်လှည့်ကွက်ကို မသိရင် ခပ်ငြိမ်ငြိမ်
ဒေါသထွက် စိတ်ဆိုးလည်းရတယ်။

✳ ❥ ✳





## ၁၇

"အက်စ် ... အက်စ် ညီမလေး"

တိုက်ထဲကို အရှုံးမီးဝိုင်း အပြေးတစ်ပိုင်းဝင်လာသည့် တစ်ဖက်အိမ်က အက်စ် သိပ်မုန်းသည့် မိန်းမကြီးက အက်စ်ကို တကြော်ကြော်ခေါ်ပြီး ဝင်လာသဖြင့် အက်စ်နဲ့ မမေ စကားပြော နေရာမှ ရပ်လျက် သူမကို ခပ်တည်တည်စိုက်ကြည့်လိုက်သည်။

မေမေကတော့ နဂိုကတည်းက သူမကြီးကို လိုလား နှစ်သက်နေသူပီပီ မျက်နှာကြီး ကြည်လင်ဝင်းပသွားကာ ...

"သမီး ... ထက်၊ ဘာများအရေးကြီးလို့လဲကွယ်၊ အလော တကြီး"

"အန်တီ ... အန်တီ ... ထက်ရဲ့မောင်လေးကို ကယ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မကြီးမငယ်ကြီးဖြင့် မျက်ရည်ပေါက်ပေါက်ကျကာ မေမေ့လက်မောင်းကြီးကို ဆွဲကိုင်ပြီး ဟီးခနဲ ငိုချလိုက်သည့် မမထက်ကို ကြည့်ပြီး အက်စ် ရင်ထဲ မှုခနဲ ထိတ်လန့်သွားရပါသည်။

သူများ ဘာများဖြစ်လို့ပါလိမ့်။

"မမ သူ ... သူ ဘာဖြစ်လို့လဲ"

"မောင်လေး တောင်ပေါ်ဒေသကရွာကို စိတ်ပြေလက်ပျောက်ဆိုပြီး အလည်သွားရင်း အခု ငှက်ဖျားမိလို့ အသည်းအသန် ဖြစ်နေတယ်၊ ဆေးရုံတက်မယ်ဆိုလည်း မတက်ဘူး ခေါင်းမာနေတယ်၊ အက်စ် လိုက်လာမှ သူ ဆေးရုံတက်မယ်တဲ့၊ အက်စ် ညီမလေး၊ မမရဲ့မောင်လေးကို ကယ်ပါဦး၊ အက်စ်လိုက်လာမှ မောင်လေးက ဆေးရုံတက်မယ်ဆိုတော့ မမတို့ကို ကူညီပါဦး၊ အန်တီ မောင်လေးရဲ့အသက်ကိုကယ်ပါဦး"

"အေး ... အေး၊ တောင်ပေါ်ဒေသကရွာက ဘယ်လောက်ဝေးလဲ၊ ကွယ် ... အန်တီကလည်း ဆိုင်တစ်ဖက်ဆိုတော့ မလိုက်နိုင်ဘူး၊ သမီးတစ်ယောက်တည်းပဲ ထည့်ရမှာ"





"မြို့နဲ့ရွာက တော်တော်လှမ်းတယ်၊ မြင်းလှည်းနဲ့ မြို့ကနေ အဲဒီရွာခြေကိုသွားရတာ တော်တော်ကြာပါတယ်၊ အသွားအပြန် သုံးရက်လောက်ကြာမယ်၊ အန်တီ့သမီးကို အစစအရာရာစိတ်ချပါ၊ ထက် ပါပါတယ်၊ အန်တီရယ် ဒီကနေ အခုပဲ အန်တီ ခွင့်ပြုမယ်ဆိုရင် ထက်တို့ ကားနဲ့ သွားပါတော့မယ်"

အတော့်ကို အရေးကြီးသုတ်ပျာဖြစ်နေပုံအရ သူ့မှာ သရေးရှင်ရေး ဖြစ်နေပြီဆိုတာကို အက်စ် မျက်နှာပျက်ပျက်ဖြင့် င် စိတ်တွေ ထူပူသွားရတော့သည်။

မေမေ ခွင့်ပြုလိုက်တာတောင် အက်စ်မှာ ဘာလုပ် န်းမသိအောင် ယောင်ယောင်ကန်းကန်းကြီးဖြစ်ပြီး ထိုင်နေရာ မရွေ့မိသေး။

"သမီး အက်စ် လုပ်လေ၊ ညည်းမောင်မလာခင် လိုက်သွားရမှာ၊ ဟိုက လာရင် သက်သက်နှောင့်နှေးနေဦးမယ်"

"ဟို ... မေမေ ... မေမေပါလိုက်လို့မရဘူးလားဟင်"

"မေမေက ဒီမှာ ဆိုင်တစ်ဖက်နဲ့လေ သမီးရဲ့၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အသွားအပြန်မှ နှစ်ရက်သုံးရက်ပဲကြာမှာပါ၊ အိမ်နီးနားချင်းတွေ ကူညီကောင်းပါတယ် သမီးရယ်



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ညီမလေးရယ်"

"ကျွန်မ မကူညီချင်လို့ပြောတာ မဟုတ်ပါဘူး မမထက်ရဲ့"

အက်စ်ကလည်း ကတုန်ကယင် ဖြစ်နေသည့်ကြာက ဒီမိန်းမကြီးကို မျက်မုန်းကျိုးစွာ လှမ်းပြောလိုက်မိသေးသည်

"သမီး အဝတ်အစားတွေထည့်ပြီး ကျောပိုးအိတ်နဲ့ အလွယ်သာသယ်သွား၊ သွား ... မြန်မြန်လုပ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

အက်စ်လည်း ကမန်းကတန်း အိမ်ပေါ်ထပ်ကို ပြေးတက်ခဲ့ပြီး အခန်းထဲဝင်ကာ တန်းပေါ်မှာ အလွယ်တင်ထားသည့် အင်္ကျီတွေနှင့် ဘောင်းဘီရှည်ကိုပဲ သုံးစုံထည့်ကာ ကျောပိုးအိတ်လွယ်လျက် အောက်ထပ်ကို ပြန်ဆင်းလာခဲ့သည်။

အက်စ်အလာကို မျှော်လင့်ကြီးစွာဖြင့် မျှော်နေသည့် မမထက်ကို အက်စ်ကလည်း မျက်လုံးအကြောင်သားဖြင့် လှမ်းကြည့်လိုက်မိသည်။

"အက်စ် ... လာ ညီမလေး၊ မမတို့အိမ်ရှေ့မှာ ကားဆိုက်ထားတယ်၊ မမတို့ကားနဲ့ပဲသွားမှာ"





"ဟုတ်ကဲ့ ဒါဆို သွားကြတာပေါ့၊ မေမေ အက်စ်လိုက်သွားလိုက်ဦးမယ်နော်၊ အယ် ပြန်လာရင်လည်း သင့်သလိုသာ ကြည့်ပြောလိုက်ပါ မေမေ"

"အေး အေး ... သမီး၊ တောင်ပေါ်ဒေသမှာ ရေချိုးမမှားစေနဲ့၊ ခြင်မကိုက်စေနဲ့ ငှက်ဖျားဝင်မယ်နော်"

"ဟုတ်ကဲ့ မေမေ၊ ပိုက်ဆံ ... ပိုက်ဆံ၊ အက်စ်သုံးဖို့ ပိုက်ဆံပေးဦး"

"အေး ... ဟုတ်သား"

သားအမိနှစ်ယောက် ကိုယ်နှင့်သက်ဆိုင်ထားသူလိုတို့မောင်အတွက် ပျာယာခတ် စိတ်ပူနေတာကို ဟိုမိန်းမကြီးကမျက်ရည်များကြားက ကဲ့ရဲ့နေမည်လားမသိ။

သူမ တိတ်တိတ်ကလေး ဒီအတွေးဝင်သွားသည်ကိုမိန်းမကြီးက ရိပ်မိသွားတာလားမသိ။ အက်စ်ပြောတာကိုချင်းခါကန့်ကွက်လိုက်လေသည်။

"ဟာ ... မဟုတ်တာ၊ မမဆီမှာ အားလုံးအပြည့်အစုံပါပါတယ်၊ မုန့်ဘူးတွေရော ရေသန့်ဘူးတွေရော အားလုံးအပြည့်အစုံပါတယ်၊ လမ်းမှာ ဘာမှ ဝယ်စားစရာမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း သွားကြမယ်"

သူမက ဂျင်းကျောပိုးအိတ်ကလေးကိုလွယ်ပြီး သွက်သွက်ကလေးပင် အိမ်ထဲက ထွက်လာခဲ့ပါတော့သည်။

သူမကြီးကတော့ အက်စ်နောက်က လိုက်ပါလာသည်။

* ❥ *





၁၈

မမနှင့်အက်စ် သူ့ဆီကို ကားနဲ့လိုက်လာပြီဆိုတာကို သိလိုက်ရသည်နှင့် သူ အပျော်လွန်ကာ အဲဒီတစ်နေ့လုံး တောင်ပေါ်ကိုတက်ပြီး ငှက်ပစ်မလိုက်တော့ဘဲ ဖာထီးတို့အိမ်ကလေးမှာပဲ ငှက်ဖျားတက်ချင်ဟန်ဆောင်ရတော့သည်။

သိပ်မကြာခင်မှာ မြင်းလှည်းဖြင့်ရောက်လာတော့မည့် ချစ်သူလေးယုံအောင် ကိုယ်ပူရှိန် အလိုလိုနေရင်းတက်လာအောင် မနက်ကတည်းက ကြက်သွန်နီကို အနံ့ခံပြီး ချိုင်းကြားထဲညှပ်ထားရတာ အခုဆိုရင် စောင်ခြုံနှင့်ကွေးထားသည့် သူ့တစ်ကိုယ်လုံး တရှိန်ရှိန် ပူနေခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဖာထီး တောင်ပေါ်သို့ ထင်းခုတ်တက်ရင်း ငှက်ပစ်ပြီးပြန်လာမယ့်အချိန် ညအချိန်ရောက်ရင် သူ စီစဉ်အကွက်ရိုက်ထားသလို ဖာထီး ဖန်တီးပေးမယ့် အရာတွေက သူ့ရင်ခုန်သံတွေကို ပြုတ်ထွက်မတတ် ခုန်မြည်ခဲ့ရသလို စိတ်ထဲမှာလည်း ဘယ်လိုကျေနပ်မိမှန်းမသိ ဖြစ်ခဲ့ရသည်။

"ခွပ် ... ခွပ် ... ခွပ်"

"ဟော"

အိမ်လေးထဲက ကွပ်ပျစ်ပေါ်မှာ ဝွမ်းစောင်ကြီးခြုံပြီး တဟီးဟီးဟန်ဆောင်အဖျားတက်ဖို့ အချိန်ရောက်လာရပြီဖြစ်သည်။

ဒီမြင်းလှည်းက မမနှင့် အက်စ်တို့ပါလာသည့်မြင်းလှည်းဆိုတာကို ရင်ခုန်နှုန်းမြန်စွာ စောင့်ဆိုင်းရင်း အသံကို နားစွင့်လိုက်သည်။

"လာ ညီမလေး၊ အိမ်ထဲဝင်ကြစို့၊ ဒီမှာ အိမ်သားတွေ ဘယ်သူမှ မရှိကြဘူးလား မောင်လေး"

သူ ပိုက်ဆံများများပေးပြီး သွားကြိုခိုင်းသည့် ဟိုဘက်အိမ်က ကောင်လေးကလည်း သူစီစဉ်ထားတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာခဲ့သည်။





"ဖာထီးက တောင်ပေါ်တက်ပြီး ထင်းခုတ်ရင်း ငှက်ပစ်တယ်၊ မမရဲ့မောင် အစ်ကိုလေးကတော့ အိပ်ရာထဲမှာ ရှိပါတယ်"

"ဟင် ... ဒီမှာ ... ဒီမှာ ဆရာ့ကို ခေါ်မပင့်ထားဘူးလား၊ ငှက်ဖျားက လွယ်တာမဟုတ်ဘူး၊ ကမ္ဘာပေါ်မှာ ငှက်ဖျားကြောင့်"

"မမလေးတို့ လာ ... လာ အစ်ကိုလေး အခန်းထဲမှာ အိပ်နေတယ်၊ တစ်နေ့ကတော့ တော်တော်ဆိုးတာ၊ အခုရွာထဲက အရပ်ဆရာက ငှက်ဖျားဖြတ်ဆေး ဗမာဆေးပေါ့ဗျာ၊ အဲဒါ တစ်ခွက်တည်းသောက်လိုက်တာနဲ့ တော်တော်ဟုတ်သွားပြီ"

"ဟင် ... ဒါဆို ကောင်းသွားပြီလား"

အပြင်ကနေ ဝမ်းသာအားရမေးလိုက်သည့် အက်စ်အသံလေးကိုလည်း အတိုင်းသားကြားလိုက်ရသဖြင့် သူ သဘောကျစွာပြုံးလိုက်မိသည်။

"ကောင်းတော့မကောင်းသေးဘူးပေါ့ဗျာ၊ သက်သာသွားတာကိုပြောတာ၊ နောက်နှစ်ရက်သုံးရက်ဆို ကင်းကင်းပျောက်



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့၊ ဆေးရုံဆေးခန်း သွားစရာမလိုဘူးလို့တော့ ပြောတာပဲ”

စံဖောအသံက သူ့အခန်းဆီသို့ နီးလာပြီမို့ သူကျောချမ်းသလို တွန့်တက်သွားရသည်။

“အစ်ကိုလေး ... အစ်ကိုလေး၊ နိုးနေပြီလား”

ဆိုတဲ့ စံဖောကို သူ ဘယ်လိုကျေးဇူးတင်မှန်းမသိရင်ထဲ လှိမ့်တက်သွားရကာ အသံကို လူနာသံပေါက်အောင် ညှောင်းနာနာလုပ်လိုက်သည်။

“အေး ... စံဖော၊ မမတို့ ရောက်ပြီလား၊ အခန်းထဲကိုဝင်ခဲ့လေ”

တံခါးတွန်းဖွင့်သံနှင့်အတူ ခြေစုံသုံးစုံအနက်မှ တစ်စုံသောခြေသံကလေးကို သူ နားဖြင့်ဖိကပ်ပြီး အားစိုက်နားထောင်လိုက်သည်။

“မောင်လေး”

“ကိုခန့်တည်”

အသံနှစ်ခုက ငိုသံလေးတွေစွက်နေတာမို့ သူ ပိုပြီးဟန်ဆောင်ပိုင်နိုင်မှ ဖြစ်တော့မည်။





“ဟင် ... မမ ... အကဲ်စိ”

“ကိုခန့်တည်”

ကွပ်ပျစ်အနားမှာ မတ်တတ်ရပ်လျက် ရှိထားသည့် သူ့ဖွမ်းစောင်ကြီးကို ခေါင်းကနေဆွဲခွာရင်း သူ့နဖူးပေါ်လက်တင်မိမ်းလိုက်သည့် အကဲ်စိလက်ကလေးကို သူ မမရှေ့မှာပင် မရှက်မကြောက်ဘဲ လွှမ်းခဲ့ရသမျှ အလွမ်းပြေ ထပ်ဆုပ်ကိုင်လိုက်သည်။

“အို ... ကိုယ်တွေ ခြစ်ခြစ်တောက်ပူနေပါလား မမယက်စမ်းကြည့်ပါဦး”

“ဟင် ... မောင်လေး ဟုတ်တယ် မဖြစ်ဘူး ... မဖြစ်ဘူး၊ အခုပဲ ဆေးခန်းဖြစ်ဖြစ် နီးစပ်ရာဆေးရုံဖြစ်ဖြစ် သွားရမယ်”

“ဟာ ... မဖြစ်ဘူး မမလေးတို့ရဲ့၊ အခုလို နေ့လယ်ပိုင်းဆို အစ်ကိုလေး ငှက်ဖျားတက်လာပြီ၊ တောင်ပေါ်ကို ဖာထီး ဆေးမြစ်တူးရင်း တောင်ပေါ်ငှက်ဖျားဆရာကို ဒီနေ့ ပင့်လာခဲ့မယ်တဲ့၊ ကျွန်တော် ဖာထီးနောက်ကို အခုပဲ လိုက်သွားလိုက်ဦးမယ်၊ အစ်ကိုလေး မကြာပါဘူး”

“အေး အေး ... ငါ့မှာလည်း သောက်ဖို့ဆေးနည်းနည်းကျန်သေးပါတယ်၊ အဖျားတက်လာရင် အဲဒီဆေးသောက်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်၊ မမနဲ့ အက်စ် ဘာမှ စိတ်မပူနဲ့၊ ကျွန်တော ဒီတစ်ရက်ပဲ ငှက်ဖျားတက်ရက် ကျန်တော့တယ်၊ ဗမာဆေ ကနေ အင်္ဂလိပ်ဆေးပြောင်းလို့လည်း မရဘူးဇော်"

"မြန်မာဆေးက ကောင်းရောကောင်းရဲ့လား မောင်လေ ရယ်"

"ကောင်းပါတယ် မမရဲ့"

"ကိုခန့်တည်နော် ရှင် သိပ်ခေါင်းမမာနဲ့ သေသွားချင် လား"

"ဟား … အက်စ်လိုက်လာတာ ကိုယ် ဝမ်းသာလိုက်တာ"

သူ ဟန်မဆောင်နိုင်တော့ဘဲ စောင်ကြီးကို ခွာ လိုက်ကာ ငုတ်တုတ်ထထိုင်ပြီး သူ့အတွက် အရမ်းစိုးရိမ်နေသ မျက်နှာလေးကို စိုက်ကြည့်ပြီး လက်ကလေးကို တစ်ချက်တင်တ ဖျစ်ဆုပ်လိုက်သည်။

"ကိုယ့်အတွက် စိုးရိမ်တယ်ပေါ့"

"အစ်ကိုလေး၊ မမ၊ မမလေး ကျွန်တော်နဲ့ ရွာထဲက ငှ ဖျားကုတတ်တဲ့ဆရာအိမ်ကို ကျွန်တော် ပြခဲ့မယ်၊ လိ မယ်ရ အစ်ကိုလေး အဖျားတက်ရင် ဒီရွာထဲက ဆ အရင်ကုရအောင်"





တပည့်ကလည်း အားကိုးရကျိုးနပ်သည်။

အလိမ္မာနည်းဖြင့် သူနှင့် အက်စ် နှစ်ယောက်တည်း နေကျန်ခဲ့ရအောင် အကွက်ဆင်လိုက်တာကို သူ့အတွက် မ်ကြီးနေသည့် အက်စ်က ဘာမှနားမလည်ဘဲ သူ့အတွက် မ်စွာဖြင့်ပင် ချက်ချင်းကြီး တပည့်ဖြစ်သူနှင့် ထလိုက်သွားတော့ ည်။

"အေး … အေး … ဒီလိုဆိုလည်း မောင်လေး မမ လိုက်သွားလိုက်ဦးမယ်၊ အက်စ် မမ လိုက်သွားလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့"

မျက်နှာလေးတစ်ချက်မော့ပြီး မျက်လွှာပြန်ချသွား ည် သူ့အသည်းနှင့်အောင်ချစ်ရသည့် ချစ်သူလေးကို မမတို့ ာတို့ အိမ်ပေါ်ကဆင်းသွားသည့်ခြေသံကြားတာနှင့် တင်းခနဲ ပက်ပြီး လွမ်းခဲ့ရသမျှ အနမ်းမိုးတွေ သွန်ဖြိုးလိုက်ပါတော့ ည်။

"ကိုခန့်တည် ရှင် … ရှင် … ဘာဖြစ်နေတာလဲ၊ ငှက်ဖျားဝင်ပြီး ရူးသွားပြီလား"

"အချစ်ရူးရူးနေတာ အချစ်ကလေးရဲ့၊ အချစ်ကလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ချစ်သူလေး ဘာပြောပြော ဂရုမစိုက်တော့ဘဲ စောစောကဟန်ဆောင်ပန်ဆောင် အဖျားတက်ချင်သည့် အဖျားဘက်စိတ်တွေကိုမေ့ပစ်ကာ ချစ်သူလေးကို အတိုးချ ချစ်ပစ်လိုက်ပါတော့သည်။

"အို ... ကိုခန့်တည်နော် ရှင့်တစ်ကိုယ်လုံး ပူခြစ်နေတာ ရှင် နေမကောင်းနေတာနော်၊ ကျွန်မ ... ကျွန်မကို ကိုယ်ပူကူးကုန်မယ်"

"ကိုယ်ပူကူးတယ်ဆိုတာ ရှိလို့လား အချစ်ကလေးရဲ့"

ခန့်တည်မှာ သူ့လုပ်ဇာတ်ခင်းထားသည်အကွက်ထဲကို ချစ်သူလေး မိမိရရဝင်လာခဲ့ပြီမို့ အပျော်လွန်ကာ ချစ်ရသူလေးကို အချစ်ကလေးချင်း မိုးမွှန်အောင် ခေါ်ပစ်လိုက်တော့သည်။

အား ... ပျော်လိုက်တာကွာ။

ကောင်းလိုက်တဲ့ ငါ့အကြံ။

ဒီညမှာပဲ အက်စ်ကလေးက သူ့ရဲ့ဇနီးကလေး ဖြစ်တော့မည်။

ဖြစ်အောင်လည်း သူ ဖာထီးကို အကူအညီတောင်းပြီးသား ဖြစ်ခဲ့ရသည်။





ဖာထီးကိုတင်မက တပည့်ဖြစ်သူ စဲဖောရယ်၊ ငှက်များကုတဲ့ ဆရာရယ်ကိုပါ သူ အကူအညီတောင်းပြီးသားပင်။

"ပြောမရဘူးလား ကိုခန့်တည် !"

"ဟင် ... ဘာပြောတာလဲ"

"သူများကို ကိုယ်ပူကူးမယ်လို့ ပြောနေတာ၊ ဟင်း ... ရှင့်ကိုယ်ကြီးက ချိုင်းအောက်က ဘာစော်ကြီးနံမှန်းလဲ မသိဘူး၊ ချိုင်းနှစ်ဖက်စလုံး နံလိုက်တာ၊ ဘာစော်ကြီးလဲ၊ လက်ပတ်စော်ကြီး၊ ရှင် ... ရှင် ... ယောကျ်ားဖြစ်ပြီး ရေလေးငါးရက်မချိုးတာနဲ့ လက်ပတ်စော် နံရတယ်လို့၊ ရွံတယ် ... ရွံတယ် ... ဝေါ့ ... ဝေါ့"

"ဟင်"

အခုမှ သူ ငိုရမလို ရယ်ရမလို ဖြစ်သွားရသည်။

ကိုယ်အပူရှိန်တက်အောင် ချိုင်းကြားထဲကို ကြက်သွန်နီဥညှပ်မိကာမှ ချစ်သူရဲ့ အထင်သေးခြင်းကို ခံလိုက်ရလေသည်။

သူ့မှာ အောင့်သီးအောင့်သက်ကြီးဖြင့် ဘာပြန်ပြောရမှန်းမသိ။ ကြံရာမရ ဖြစ်သွားသည့်အချိန် အိမ်ရှေ့ဆီက မမေ အသံနှင့် ငှက်ဖျားကုတဲ့ အရပ်ဆရာအသံ။ ဖာထီးအသံကိုကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် ထွင်ထားသည့်အကွက်အတိုင်း သူ့ပါးစပ်က မေးရိုးတွေ ရိုက်မတတ် ချက်ချင်း ငှက်ဖျားတက်ဟန် ဆောင်လိုက်ရတော့သည်။

"ဟီး … ဟီး … ခတ် … ခတ်"

"ဟင် … ကိုခန့်တည်၊ ဘာ … ဘာဖြစ် …"

"ကိုယ် ငှက်ဖျားတက်လာပြီ"

"ဟင် … ဟုတ်လား၊ ဒါဆို ဆေး … ဆေးသောက်"

"ဆေးက ခုနကမှ သောက်ထားတာ၊ ထပ်သောက်လို့မဖြစ်သေးဘူး၊ ဆေးပြင်းရင် ကြွသွားမှာ၊ ကိုယ့်ကို စောင်ခြုံ … စောင်ခြုံပေးပါကွာ"

"ဟုတ် … ဟုတ်ကဲ့"

သူက အစီအစဉ်အတိုင်း ကွပ်ပျစ်ပေါ် အကြမ်းပတမ်း တုံးလုံးလှဲချလိုက်သည်။

"အား … မျက်လုံးတွေ ပူလိုက်တာ၊ ချမ်းလိုက်တာ"

"ဟင် … ဒီမှာ စောင်ခြုံလိုက်ပြီ၊ စောင်ကြီးက အထူကြီး"

ဘာမှမသိသေးသည့် ချစ်သူလေးကို သူ အချိန်မပေးနိုင်တော့ဘဲ ဖျတ်ခနဲ ဆွဲဖက်ပြီး သူမလေးကို သူ့ကိုယ်လုံးကြီး တစ်ကိုယ်လုံး တုန်ယင်နေတာကို သိုင်းဖက်ခိုင်းလိုက်တော့သည်။





"ကိုယ့်ကိုယ်လုံးကို ဖက်ထားပါ၊ မင်း ကိုယ်လုံးလေးနဲ့လည်း ဖိထား၊ ကိုယ်က ငှက်တက်ကြမ်းလာပြီဆိုရင် တွန့်လိမ် မြောက်တက် အား … ပြောရင်း ဆိုရင်း …"

"အို … အို … ကို … ကိုခန့်တည်၊ ဒုက္ခပါပဲ၊ သိပ်ချမ်းသလားဟင်"

သူ့ကိုယ်လုံးကြီးကို စောင်ခြုံထဲကနေ တင်းတင်းသားဖက်ပြီး သတိပေးလာသည့် ချစ်သူလေးမျက်နှာကို အဖျားတက်ချင်ဟန်ဆောင်ထားလို့ မနမ်းမိအောင် စိတ်တွေတင်းကာ မျက်ကြောထောင်တက်အောင် အံကြိတ်ထားရသည်။

"ဟီး … ဟီး … ဟီး … ခတ် … ခတ်"

"ဇော် … ခန့်တည်၊ အဖျားတက်နေပြီလားဟေ့၊ ငါတို့လာပြီဟေ့"

"ဟင် … သူတို့တွေလာပြီ ကိုခန့်တည်၊ ကျွန်မ … ကျွန်မကို လွှတ်ပါဦး၊ ဒုက္ခ … ဒုက္ခပါပဲရှင်"

"ချမ်းတယ် အက်စ်ရယ်"

"ဒုက္ခပါပဲ၊ လွှတ်ပါဦး၊ ကို ပြောနေတယ်၊ ကျွန်မ … ကျွန်မက ရှင့်စောင်ခြုံထဲ ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



အက်စ်က သူတို့မလာခင် သူ့ရင်ခွင်ထဲမှ အတင်းရုန်းထွက်လိုက်ပေမဲ့ သူက သန်မာသည့် လက်တွေဖြင့် အက်စ်ကို တင်းတင်းကြီး ဖက်ထားရာမှ ဖြေလွှတ်မပေးဘဲ ပါးစပ်ကတတွတ်တွတ် ကယောင်ချောက်ချား ပြောလာသေးသည်။

"ချမ်းတယ် အက်စ်ရယ်"

"ကို"

"လွမ်းတယ် အက်စ်ရယ်"

"ကို သူတို့တွေရောက်ပြီ၊ ပြောမရဘူးလား"

"နမ်းတယ် အက်စ်ရယ်"

"ဟာ ... ဟော့ ... ဟော့ ... ဟာ ... လူနာ ဘယ်လိုဖြစ်တာလဲ၊ ဟား ... ပျော်စရာ မင်္ဂလာတစ်ပါးဟော့၊ မင်္ဂလာတစ်ပါးပဲ"

အာပေါင်အာရင်းသန်သန်ဖြင့် မပီတပီ အသံကျယ်ကြီးဖြင့်ပြောပြီး အိမ်ရှေ့ဘက်ဆီသို့ တဝုန်းဝုန်း ပြေးထွက်သွားသည့် ခြေသံတွေက သူ့ရဲ့နှလုံးသားလေးကို လှုပ်လှုပ်ခါယမ်းမြည်ဟည်းသွားရပါတော့သည်။

တဝုန်းဝုန်း လှုပ်ရှားနေသည့် နှလုံးသားနှင့် စောင်ထဲကနေ သူမပါးပြင်ကလေးကို ညင်သာစွာ မွှေးကြူရင်း မျက်လုံးကြီး စုံလုံးမှိတ်ရင်းက အော်လိုက်ပြန်သည်။





"လန်းတယ် အက်စ်ရယ်၊ ကိုယ်တော့ ချမ်းလည်း ချမ်းတယ်၊ လွမ်းလည်း လွမ်းတယ်၊ နမ်းလည်းနမ်းတယ်၊ လန်းလည်း လန်းတယ်ကွာ၊ ကိုယ် ငှက်ဖျားပျောက်သွားပြီ၊ မတက်တော့ဘူး၊ ကိုယ့်အချစ်ကလေးက ကုပေးလို့ကိုယ် ပျောက်သွားပြီ"

ဟန့်ဆောင်ခြင်းတွေ နွှာချပြီး ပြောလာသည့် သူ့အသံက အက်စ် မျက်လုံးတွေကို ပြာဝေမှုးမိုက်သွားသည်အထိ မှောင်မိုက်တိတ်ဆိတ်သွားတော့သည်။

အက်စ် အလိမ်ခံ အညာခံလိုက်ရသည့် အဖြစ်ကို ရှက်လွန်းလို့ သူ့ရင်ခွင်ထဲမှာ မျက်နှာလေးမှောက်ပြီး ငိုလိုက်မိပါတော့သည်။

သူကတော့ ချော့တေးဆိုရင်း အခွင့်အရေး တစ်ခုပြီးတစ်ခု ရသွားရပြန်သည်။

* ❥ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

"ကိုယ်တို့တော့ မထင်မှတ်ဘဲ လက်ထပ်ရမဲ့ဘဝ ရောက်ပြီ၊ အဟွန်း ဟွန်း ... ကိုယ်ကတော့ ရေငတ်တာနဲ့ ရေတွင်းထဲကျတာနဲ့ အတော်ဖြစ်သွားပြီ"

"ဟင် ... ဘာ ... ဘာလို့ လက်ထပ်ရမှာလဲ၊ လက်မထပ်နိုင်ပါဘူး၊ ဒီလို ကလိမ်ကကျစ်ကျပြီး ရှင် လက်ထပ်လို့ကတော့ ကျွန်မ လုံးဝ လက်မခံဘူး၊ လုံးဝ လက်မထပ်ဘူး"

အက်စ် သူ့ကို ခါးခါးသီးသီး ငြင်းနေတာကို သူမနာနိုင်ဘဲ သဘောကျစွာ ပြုံးပြုံးကြီး စိုက်ကြည့်နေလိုက်မိသည်။





"ရှင်နော် ... ကျိတ်ပြီး သဘောကျနေတယ်ပေါ့၊ ဟုတ်လား"

"ဟာ ... ဘယ်တတ်နိုင်မလဲ၊ မင်းလည်း ကိုယ့်ကိုချစ်နေတဲ့ ချစ်သူပဲ၊ သူတို့ရိုးရာကိုကျော်ပြီး လုပ်လို့ဘယ်ရမလဲ၊ ဒီရွာတစ်ရွာလုံးက ကရင်တွေချည်းပဲ၊ သူတို့နတ်က နတ်ကြီးတယ်၊ သူတို့နတ်ကိုက ဒီလို ချစ်သူတွေ တစ်ယောက်ကိုတစ်ယောက် ဖက်လဲတကင်းနေရင် ချက်ချင်းလက်ထပ်ရတာ၊ ဘယ်တတ်နိုင်မလဲ၊ ဖာထီးတော့ သူတို့နတ်ကို မြှောက်ဖို့ ပင့်ဖို့ ယုန်သားချက်နေတယ်"

ချစ်သူလေးကို ရင်ခွင်ထဲဆွဲသွင်းပြီး လုပ်ဇာတ်ကြီးကို သူမလေး မယုံ့ယုံအောင် လိမ့်နေလိုက်သည်။

သူနှင့်အက်စ် လက်ထပ်ကြမဲ့ကိစ္စကို ဖာထီးက သူအကွက်ရိုက်ထားသည့် အစီအစဉ်အတိုင်း ချပြောတားခဲ့သည့်အတိုင်း သူ့ကို ကူညီခဲ့တာ ကျေးဇူးတင်ခဲ့ရသည်။

အခုလည်း ချစ်သူလေးကို သူက ယုံအောင် ဇာတ်ခင်းနေတဲ့အချိန်မှာ ဖာထီးနှင့် ဆရာတပည့်နှစ်ယောက်ကတော့ ယုန်တစ်ကောင်လုံးကို ဒယ်အိုးပက်လက်ဖြင့် အိုးပြည့်ခွက်ပြည့် ချက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မမကတော့ ယုန်သားချက်နေတဲ့ နေရာကနေ တစ်ပတ်လှည့်လာပြီး သူနှင့် ဖာထီး လုပ်ဖာတ်ခင်းခဲ့တာကြီးကို ရင်ဘတ်ကြီး ဖိပြီး တကယ် ယုံကာ ကြောက်လန့်သွားတော့သည်။

"ဟင် ... ဖာထီး အခုလို နားပင်းခဲ့တာ နတ်နှောင့်ယှက်လို့ ဖြစ်တာတဲ့၊ သူ့ရည်းစား ဆရာမလေးကတော့ အသက်သေရဟာယ်၊ ဩော် ... ဒီရွာမှာ ရည်းစားတွေ ချိန်းတွေ့ရင် လက်ထိ ခြေထိ လုံးဝစကားမပြောရဘူး ဆိုတာကို သူတို့က မယုံဘဲ သူတို့နတ်ကို အယုံအကြည်မရှိလို့ လက်မထပ်သေးဘဲ နေလိုက်ကြတာ ဖာထီးချစ်သူက ရေနစ်ပြီး သေသွားတယ်၊ အမယ်လေး ကြောက်စရာကောင်းတဲ့ရွာပါလား၊ ဒါဆို ဒီရွာက ချစ်သူတွေ ချိန်းမတွေ့ရဲလောက်အောင်ပါပဲ"

သူ လုပ်ဖာတ်ခင်းခဲ့တာကို မမက တကယ်ယုံပြီး သူနှင့် အက်စ်တို့ လက်ထပ်မဲ့ကိစ္စကို အသည်းတထိတ်ထိတ်ဖြစ်ကာ ရိုးရာနတ်မြောက်မဲ့အချိန်ကိုပဲ စိတ်ဝင်စား စိတ်စောနေခဲ့သည်။





"မောင်လေး ... နင်နဲ့ အက်စ် အကြင်လင်မယားမြောက်ဖို့ ရိုးရာနတ်က ညဘယ်အချိန်ကို မြောက်မှာလဲဟင်၊ ယုန်သားအရုံ ခေါင်းစုံ အမြီးစုံ မြောက်ရတာပေါ့ ... ဟုတ်လား"

"ဖာထီး ပြောတာကတော့ ညကိုးနာရီမှာ အဲဒီယုန်သားမြောက်ပြီး ယုန်သားကို ကျွန်တော်ရော အက်စ်ပါ ကိုးတုံးတိတိ ဒီအတိုင်း ထမင်းမပါဘဲ စားရမယ်တဲ့၊ ပြီးတော့ အဲဒီယုန်သားကိုစားပြီးရင် ကွမ်းကိုးရာကို ကိုးမိနစ်တည်းနဲ့ အပြီးဝါးစားမျိုချရမယ်တဲ့၊ အဲဒါ သူတို့ရိုးရာလက်ထပ်နည်းပဲ၊ မယုံလို့ လက်မထပ်ရင်တော့ ကျွန်တော်ရော အက်စ်ပါ သုံးရက်အတွင်း နတ်တွန်းချလို့ တစ်ခုခုနဲ့သေရမယ်တဲ့"

"အို ... မယုံဘူး၊ မယုံဘူး၊ ယုံတမ်းစကားတွေ လာပြောမနေနဲ့၊ ဒီခေတ်ကြီးမှာ ဒါမျိုး လုံးဝမရှိဘူး၊ ရှင် ... ရှင် ဒါ တမင် ကျွန်မကို ... ကျွန်မကို အမိဖမ်းတာ၊ ရှင့်ကို လုံးဝလက်မထပ်ဘူး၊ ယုန်သားလည်း လုံးဝမစားဘူး"

"မစားလို့ မဖြစ်ဘူးလေ၊ မစားရင် သေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သေသေ ... အသေခံမယ်"

ပြုတ်မနူးရုပ်ဖြင့် အက်စ်ကို စိုက်ကြည့်ပြီးပြော သည့် သူ့ကို အက်စ် ခပ်စိမ်းစိမ်း စိုက်ကြည့်ပြီး အကျယ်ကြီး အော်ပစ်လိုက်သည်။

"ဟာ ... တိုးတိုးပြော၊ ယုန်သားချက်နေတဲ့ ဖာထီးတို့ အားနာစရာ"

"အားမနာနိုင်ဘူး၊ သူ့ဘာသာ ယုန်သားချက်လည်း ရှ တို့မောင်နှမပဲဝတ်၊ ကျွန်မပြန်မယ်၊ မမထက် ... မမထ ကျွန်မကို အာမခံပြီး ခေါ်လာတာနော်၊ မမထက် မော တကယ် ငှက်ဖျားမထဘဲနဲ့ ဒီလို လူကိုကလိမ်ဇိုင်ငြမ်းဆ ပြီး တန်ဖိုးမရှိ ယူလို့ကတော့ ရှင်တို့မောင်နှမနှစ်ယော က ကျွန်မ ရန်သူပဲ"

"ဟင် ... အက်စ်၊ ညည်း စကားပြော မရင့်သီးပါနဲ့ သူတို့ရိုးရာလို့ ပြောနေတာပဲ၊ ကျုပ်လည်း ဘယ်သိမ ဒါဆို ညည်းတို့ဘာသာညည်းတို့ အထိအတွေ့ကင်းအော ရှင်းအောင် နေပေါ့အေ့"

"မကာင်းတာက မမမောင်၊ မမမောင်"





အက်စ် ရှက်လည်းရှက်၊ ဒေါသလည်းထွက်ကာ ကလေးလေး တစ်ယောက်လို ဟီးချ ငိုကြွေးလိုက်ပါတော့သည်။

"ဟာ ... အက်စ်၊ ဟော ... အကျယ်ကြီး မငိုနဲ့လေ၊ ဒါ မင်္ဂလာယူမယ့်အချိန် ရောက်နေပြီ"

"ဘာမင်္ဂလာလဲ၊ ဘာမင်္ဂလာမှ မယူဘူး"

"ဇေ့ ... မောင်ခန့်တည်တို့ ချစ်သူစုံတွဲလေး ကိုးနာရီထိုး တော့မယ်၊ ဒီမှာ ဖာထီးတို့တွေ ယုန်သားမြှောက်ဖို့ အား လုံး ပြင်ဆင်ပြီးပြီ၊ အိမ်ရှေ့ကို ထွက်ခဲ့ကြတော့"

"ကဲ ... ဖာထီး ခေါ်နေပြီ၊ မငိုတော့နဲ့ကွာ၊ မျက်ရည်တွေ သုတ်လိုက်၊ နော် ... နော် ... အက်စ်"

သူ အက်စ်စ်ကို မျက်ရည်သုတ်ပေးပြီး ချော့မော့ ခံသိမ့်နေတာကို မမက တစ်ချက်မဲ့ကြည့်ပြီး အိမ်ရှေ့ခန်းကို ဆွက်သွက်ကြီး ထသွားခဲ့သည်။ သူကတော့ သူ့ကို လုံးဝအယုံ အကြည်မရှိသည့် ချစ်သူလေးကို အမျိုးမျိုး ချော့မော့နှစ်သိမ့်ကာ ဖာထီးတို့ ရိုးရာနတ်ပွဲ ကန်တော့ခန်းမှာ အက်စ်နှင့် တွယ်ဦတွဲ ကန်တော့ပန်း ဆင်လိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် သူတို့ရိုးရာနတ် မြှောက်ပင့်ပြီး စားပွဲသောက်ပွဲများ ကျင်းပသည့် အချိန်မှာ အသစ်စက်စက် အကြင်လင်မယားဖြစ်ကြသည့် သူနှင့် အက်စ်က သူတို့ရိုးရာထုံးစံအတိုင်း ယုန်သား ကိုးတုံးတိတိနှင့် ကွမ်းကိုးရာကို ကိုးမိနစ်တည်းနှင့် အပြီးစားလိုက်ရပါတော့သည်။

✳ ❥ ✳





သူနှင့် အက်စ် အိပ်ခန်းထဲ လှမ်းဝင်လိုက်ချိန်မှာတော့ မမကတော့ ဖာထီးအသိ အပျိုကြီးအိမ်မှာ သွားအိပ်ခဲ့လေသည်။

ဖာထီးကတော့ သူအိပ်နေကျ တစ်ဖက်ခန်းက အပြင်ဘက် အခန်းလွတ်ကလေးမှာ အိပ်စက်နေတော့သည်။

သူ့မှာသာ အခုထိ စိတ်ကြီးဒေါသထွက်နေသည့် ချစ်သူလေးကို တစ်အိပ်ရာထဲ အိပ်ဖို့အရေး နတ်ဖြင့်ပင် ခြိမ်းခြောက်လိုက်ရသည်။

"အိမ်ကြစို့ အက်စ်"

"မအိပ်ဘူး၊ တစ်ညလုံး ငုတ်တုတ်မိုးလင်းခံမယ်"

"ဖြစ်မလား အက်စ်ရယ်၊ ဒီရွာက နတ်က ကြီးတယ်"

"ဘာလာပြီး နတ်နဲ့ ခြိမ်းခြောက်မနေနဲ့၊ ကျွန်မ မသိဘူး အောက်မေ့နေသလား"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေကွာ၊ လာ ... လာ ... အိပ်မယ်"

အက်စ် ကိုယ်လုံးသွယ်သွယ်လေးကို ဆတ်ခနဲ ပွေ့ချီပြီး သူ ကွပ်ပျစ်ပေါ်မှာ တုံးလုံးလှဲချလိုက်သည်။

ခြင်ထောင်ကိုလည်း ဆတ်ခနဲ ချပစ်ပြီး မီးတိုင်ကို လည်း "ဟူး"ခနဲ ပိတ်မှုတ်ပစ်လိုက်တော့ တစ်ခန်းလုံး မှောင် မည်းသွားတော့သည်။

မှောင်နှင့်မည်းမည်းထဲမှာပဲ သူက အက်စ်ကိုယ်လုံး လေးကို ဆွဲဖက်လိုက်သည့်အချိန်မှာ အက်စ်က သူ့လက်ကြီးကို ပုတ်ထုတ်ပြီး တစ်ဖက်ကို အတင်းတိုးပစ် လှည့်လိုက်တော့ ကွပ် ပျစ်အပေါ်ကနေ ဘုတ်ခနဲ ကြမ်းပြင်ပေါ်ကို ပစ်ကျသွားတော့ သည်။

"အား ... ခါးရိုးကျိုးပါပြီ၊ သေပါပြီ၊ နာလိုက်တာ"

ပြုတ်ကျသွားသည့် အက်စ်က နာကျင်စွာ အော်ညည်း ကာ ဟီးခနဲ ငိုချလိုက်ပြန်သည်။

"ဟာ ... အက်စ် ... အက်စ်၊ ညဥ့်နက်နေပြီလေ၊ မငို နဲ့ လေ၊ ဖာထီး ကြားသွားဦးမယ်"

"ဖာထီး ကြားကြား၊ ဖာ ... မပြောလိုက်ချင်ဘူး၊ ရှင် ... ရှင် ကျွန်မကို သတ်နေတာ၊ နတ်မသတ်ဘဲ ရှင်သတ်တာ"





"ဟာ ဟာ ... မင်းဟာကလည်း လူကြားကောင်းအောင် လည်း ပြောပါဦးကွာ၊ ငါက ... ငါက မင်းကို ဘာလုပ် လို့လဲ"

မှောင်နှင့်မည်းမည်းထဲက ရန်တွေ့နေသည့် အသံ လာရာကို မှန်းသမ်းပြီး သူ အက်စ်ကိုယ်လုံးလေးကို ဆွဲယူသိမ်း ကျုံးပြီး ပြန်ဖက်လိုက်ကာ အိပ်ရာပေါ် ပြန်တင်လိုက်မိသည်။

"အို ... ဖယ် ... လွှတ်၊ ရှင့်ကို မကျေနပ်ဘူး၊ လုံးဝမကျေ နပ်ဘူး သိလား၊ ရိုးသလိုလို အ,သလိုလိုနဲ့ လူလည်ကျတဲ့ လူလိမ်ကို လုံးဝမကြိုက်ဘူး၊ မချစ်ဘူး၊ မနှစ်သက်ဘူး"

"ဟေ့ ... အခန်းထဲက ဆူဆူ ဆူဆူနဲ့ ဘာတွေ ဖြစ်နေ ကြတာလဲကွ၊ သန်းကောင်ကျော်ပြီနော် ... ဟေ့"

"ဟင်"

အိမ်ရှေ့ခန်းဆီမှ ဒီအိမ်ပိုင်ရှင် အဘိုးကြီးက နား ထောင်ပါသည်ဆိုပြီး အခုကျတော့ အခန်းထဲက အသံကို နားစွင့်ပြီး အတိုင်းသား ကြားနေခဲ့တော့ အက်စ် ပိုပြီးဒေါသထွက်သွားတော့ သည်။

သူ့ကိုယ်လုံးကြီးကိုလည်း အတွယ်ဥ်ရက် အိပ်နေရာ ကနေ အားကုန်ဆောင့်တွန်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ … ရှင်တို့ဖာထီးက နားပင်းဆို"

"အင်း … ဟုတ်တယ်လေ"

"ဘာဟုတ်တာလဲ၊ အခု နားမပင်းလို့ ကျွန်မတို့အခန်းထဲက အသံကို ကြားရတာပေါ့"

"ဟွန်း … ဒါကတော့"

သူ လိမ်စရာ မရှိတော့ဘဲ နှုတ်ခမ်းကြီးကိုက်ကာ ကိုယ်လုံးကြီးလှုပ်လျက် ရယ်လိုက်ပါတော့သည်။

"ဘာလိမ်ဦးမလို့လဲ၊ ဟင် … ဘာလိမ်ဦးမလဲ၊ ဆက်ပြော"

"အား … မိန်းမ၊ ငါ့ပိုက်ဆံခေါက်က တအားစူထွက်နေတာ နာတယ်၊ တအားလိမ်မဆွဲနဲ့"

"လိမ်ဆွဲမယ်၊ လိမ်ဆွဲမယ်၊ ရှင်လို အလိမ်အညာကောင်ကြီးကို ဒီတစ်သက် မကျေဘူး၊ လုံးဝမကျေဘူး၊ ကျွန်မမှာ ကျွန်မရည်းစားလှလှလေးနဲ့ လက်မထပ်ရတော့ဘူး"

အက်စ် မခံချင်စိတ်ဖြင့် မရှိသည့် ရည်းစားကို အရှိလုပ်ပြီး သူ့ စိတ်ထဲ ကသိကအောက် ဖြစ်သွားအောင် အက်စ်ကလည်း လိမ့်ပစ်လိုက်သည်။

"ဟင် … မင်းမှာ ရည်းစားရှိတယ်ဆိုတာ တစ်ခါမှမကြားဖူးပါဘူး"





"ရှင်ကြားအောင်ပဲ ကျွန်မက ဟစ်ပြောနေရဦးမှာလား"

"ဟစ်မပြောလည်း အမြင်သာကြီးပါကွာ၊ တစ်နေ့ တစ်နေ့ မင်း တွဲသွားတာ မင်း မောင်နဲ့ပါ၊ တစ်ခါမှ ရည်းစားနဲ့ တွဲသွားတာ မမြင်မိပါဘူး"

"ရှင် မမြင်ပေမဲ့ ကျွန်မမှာ ရည်းစားရှိတယ်၊ ရှိတယ်"

"ရည်းစားရှိလည်း အခု ငါနဲ့ညားတော့ ငါ့မိန်းမ ဖြစ်သွားပြီပေါ့ကွာ၊ မင်း ရည်းစားဆိုတာ အသုံးဝင်တာမှတ်လို့၊ တော်ပြီ … ကြွားလုံးထုတ်မနေနဲ့၊ အချင်းချင်း အဒူဒူနော်မကြွားနဲ့"

"ကိုခန့်တည်"

အက်စ် စကားသံလေး ဆုံးခွင့်မရလိုက်တော့။

နှုတ်ခမ်းတစ်စုံက နွေးထွေးစွာ ပွေ့အပ်သွားရပြီဖြစ်သည်။

✻ ❥ ✻



www.burmeseclassic.com

## ၂၀

လက်ထပ်ပြီးလို့ သုံးလကျော် ကြာသွားသည့်အချိ
မှာတော့ မင်းသမီးခေါင်း စွပ်ထားသည့် မိန်းမကြီးရဲ့ ဘီလူးခေါင်
က ပေါ်လာရပြီ ဖြစ်လေသည်။

ကိုးနာရီအထိ အိပ်တတ်သည့် အက်စ်ကို ယောက်ျ
ဖြစ်သူက မဆူမပူရဘဲ သူမက ဗျစ်တောက် ဗျစ်တောက် ဆူလ
ပူလာတော့သည်။

ဒီကနေ့ သူ စက်ရုံကို သွားစရာမလိုတာမို့ အက
နှင့်အတူ နံနက်စာ စားဖြစ်ခဲ့သည်။

အဲဒီအချိန်မှာ သူ့မမက သူ့ကို ပြောသလိုလို
အက်စ်ကို သိအောင် တမင်ပြောလာခဲ့တော့သည်။





"မောင်လေး ... မင်းမလည်း ယောကျ်ားဖြစ်ပြီး ကော်ဖီကို ကိုယ်တိုင်ဖျော်ဖျော်သောက်နေရတာ မရှက်ဘူးလား"

"ဟင်"

ယောကျ်ားတစ်ယောက် ကော်ဖီဖျော်သောက်တာ အဆန်းလား။

ဒါကို မရှက်ဘူးလား မေးရအောင် ဒါ အက်စ်ကို တမင် အတို့အထောင် လုပ်လိုက်တာပဲဖြစ်သည်။

အက်စ်က စိတ်ထဲက မကျေနပ်မိပေမဲ့ မမကို ဘာမှပြန်မပြောမိဘဲ ကိုယ့်ကော်ဖီကိုပဲ ဖျော်နေလိုက်သည်။

"ပေး ... ကိုယ်ဖျော်ပေးမယ်"

"ကျွန်မမှာ လက်ပါပါတယ်၊ ရှင် ဖျော်စရာ မလိုပါဘူး"

ပက်ခနဲ ပြန်ပြောလာသည့် အက်စ်ကို သူ ခပ်တည်တည်ကြည့်လိုက်မိသည်။

မမအရှေ့မှာ အခုလို အပြောခံလိုက်ရသဖြင့် ရှက်လည်း ရှက်သွားသည်။

မမကတော့ သူ့ကို တစ်ချက်မော့ကြည့်ပြီး မဲ့ခနဲ ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အက်စ် ... တစ်နေ့ တစ်နေ့ ကိုးနာရီထိ အိပ်နေတာ ကျောင်းမသွားဘူးလားဟင်၊ မမဖြင့် မအိမ်နိုင်ပါဘူး"

"မမက ဘယ်အိပ်နိုင်မလဲ၊ အသက်ကကြီးပြီလေ၊ အသက်ကြီးတဲ့ မိန်းမဖြစ်ဖြစ်၊ ယောက်ျားဖြစ်ဖြစ် အိပ်ရာထဲမှာ ကြာကြာ ကျောမခင်းနိုင်တော့ဘူးလေ၊ ကျောတောင့်လို့၊ အဲဒီတော့ ကျောညောင်းမခံတော့ဘဲ အိမ်မှုကိစ္စလုပ်၊ ကျန်းမာရေးလည်း ညီညွတ်တယ်"

အက်စ်က မမထက်ဆောင်းပြီး နှုတ်ခမ်းကလေးမဲ့ပြီး ပြောလိုက်တာကို သူ သဘောကျစွာ ကျိတ်ပြုံးလိုက်မိသည်။

မမကတော့ အခုလို အပြောခံလိုက်ရသဖြင့် အီလည်လည် မျက်နှာကြီးဖြင့် တစ်ဖက်လှည့်သွားသည်။

ဘာမှတော့ ပြန်မပြော။

အင်း ... မမနဲ့ အက်စ်နဲ့ကတော့ ဒီပုံအတိုင်းဆို သူ ကွယ်ရင် စကားအဖုအထစ် ဖြစ်တော့မည်။

"မမ ဒီနေ့ ဘာချက်မလဲ"

သူ စကားလမ်းကြောင်း လွှဲပစ်လိုက်သည်။

နင့်မိဆိုရင် မမနှင့် အက်စ် ခေါင်းတည်တော့မည်။

"ကြက်သားချက်မယ်"





ခန့်တည် မမကို တစ်ချက်ကြည့်ပြီး အက်စ်ကို ခိုက်ကြည့်လိုက်သည်။

အက်စ်က မျက်မှောင်လေးကြုတ်ပြီး နှုတ်ခမ်းလေး စုလိုက်ပြန်သဖြင့် အက်စ် မကျေနပ်ဘူး ဆိုတာကို သူ နားလည်လိုက်သည်။

"အက်စ်ကရော ဘာစားမလဲ"

"ကျွန်မက သူများအိမ်ပေါ် တက်နေရတာပဲ၊ သူများစားတဲ့ ဟင်းပေါ့"

"ဟင် ... ညည်း သူစိမ်းစကား မပြောစမ်းပါနဲ့"

အက်စ် ဆတ်ခနဲ မျက်နှာလေး မော့တင်းပြီး မမကို တစ်ချက်ကြည့်လိုက်တော့ သူ စိတ်ပျက်စွာ သက်ပြင်းရှိုက်လိုက်မိသည်။

အက်စ် တိုက်ပြီဆိုတာကိုလည်း နားလည်လိုက်သည်။

"ဟင်း"

ရင်ထဲက သက်ပြင်းက မျိုမချနိုင်ဘဲ ဟင်းခနဲ ချလိုက်မိသည်။

www.burmeseclassic.com



"အက်စ် ... ညည်း အဲဒီလို ပြောကတည်းက မိသားစု စိတ်ဓာတ်မရှိတာ၊ မိသားစုစိတ်ဓာတ် မရှိလို့ကို ဒီစကား ပြောတာ"

"မမကရော၊ မိသားစုစိတ်ဓာတ် ရှိရဲ့လား"

"အက်စ် ... မင်း တော်စမ်း"

သူ အက်စကို စိတ်တိုတိုဖြင့် ပိတ်အော်ပစ်လိုက်သည်။

"ကို ... ကျွန်မကို ဟောက်စရာ မလိုဘူးနော်"

"အေး ... မင်း စကားကြည့်ပြောစမ်းပါ၊ စကားအကောင်း ပြောနေရာကနေ အဆိုးဘက် ရောက်သွားအောင်ပြောတာ မင်း ပုံစံကျရဲ့လား"

"ပုံစံကျကျ မကျကျ ကို ကျွန်မကို ဘာမှပြောစရာမလိုဘူး"

"ဟာ ... မင်း မသိတတ်တာကို ပြောရမယ်လေ၊ မမကို လည်း မင်း ခံပြောစရာလား၊ ငါ့ကို မင်း ပြောတာ ငါက မင်းယောကျ်ားထားတော့၊ ဟိုက ငါ့ထက်လေးနှစ်ကြီးတဲ့ မမ၊ မင်းထက် ဆယ့်နှစ်နှစ်ကြီးတဲ့ မမ၊ မင်း ရိုသေရမယ်၊ လေးစားရမယ်၊ ငါတောင် ငါ့မမကို လေးစားတယ် ရိုသေတယ်"





အက်စ်ကို ဆုံးမလာပြီဖြစ်တဲ့ သူ့ကို အက်စ် ရှူးခနဲ တစ်ချက်စိုက်ကြည့်လိုက်ပြီး ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

"ဒါ ဘယ်လဲ"

"အိမ်ကို ပြန်မလို့"

"ဘယ်အိမ်ကို ပြန်မှာလဲ"

ဒေါသဖြစ်ဖြစ်နှင့် သူ ပိတ်အော်လိုက်မိပြန်သည်။

"ဘယ်အိမ်ကမလဲ၊ ကျွန်မ အိမ်ပေါ့"

"မင်းအိမ်က ဒီမှာလေ၊ ဟိုက မင်းမိဘအိမ်ပဲ၊ ပြန်ရအောင် အဲဒီအိမ်မှာ မင်း နေနေလို့လား၊ သွားရင် သွားပေါ့၊ စကားပြောတာ ပြန်မယ် ပြန်မယ် ပြောရအောင်"

သူ မကျေနပ်နိုင်ဘဲ အက်စ်မျက်နှာကို ခပ်ရှုးရှုး စိုက်ကြည့်ပြီး သူပါ ထရပ်လိုက်သည်။

လှည့်ထွက်ဖို့ ပြင်တော့မည့် အက်စ် လက်မောင်းကို ဆွဲကိုင်ပြီး ဆွဲခေါ်လာခဲ့သည်။

မမကတော့ သူတို့နှစ်ယောက် ရန်ပွဲစတော့မှာကို သိလိုက်ပြီမို့ မီးဖိုထဲ ဝင်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုထဲမှာ အိုးခွက်တွေ တစ်ခုပြီးတစ်ခု တိုက်ချွတ်ဆေးကြောနေတဲ့ မမကိုကြည့်ပြီး သူ နည်းနည်းမလုံ ဖြစ်သွားရသည်။

သူ့ရဲ့မိန်းမကတော့ လက်သည်း ခြေသည်းအရှည်ဖြင့် ကိုယ်စားတဲ့ ပန်းကန်တောင် မဖြစ်မနေ ဆေးနေရသည့်ပုံပင်။

အိမ်မှာနေပြီး ဘာမှမလုပ်သည့်မိန်းမနဲ့ ပတ်သက်ပြီး မမကို အားနာခဲ့မိပေမဲ့ သူမကတော့ နည်းနည်းမှ အားနာရကောင်းကမှန်းလည်း မသိ။

"ဖယ် ... ကျွန်မကို ရှင် ဆွဲထားစရာ မလိုဘူး၊ ကျွန်မ မိဘအိမ် ကျွန်မ ပြန်တော့"

"ဟာ ... ပြန်ရအောင် မင်း အဲဒီအိမ်မှာ ဘ်နေလို့လား၊ အရူးစကား ပြောပြောနေတာ"

"ရှင်နော် ... ကျွန်မကို အော်စရာ မလိုဘူး၊ ရှင့်အသက် ရှင့်အရွယ်နဲ့ ကျွန်မနဲ့လည်း တုပြိုင်စရာ မလိုဘူး"

အက်စ်ကို ဆွဲကိုင်ထားသည့် သူ့လက်တွေကို အက်စ် ခါးခါးသီးသီး ပုတ်ထုတ်ပစ်လိုက်သည်။





ဟင်း ... သူ့အိမ်မှာ နေရတယ်ဆိုပြီး သူတို့ပြောတိုင်း ငြိမ်ခံရအောင် အက်စ်က အဆင့်မရှိတဲ့ မိန်းမလည်း မဟုတ်။

ပြီးတော့ အက်စ် ကြိုက်တဲ့ဟင်းကိုလည်း တစ်ခါမှ ချက်မကျွးသည့် မိန်းမကြီးကိုလည်း ရင်ထဲက အမြင်ကတ်မိသည်။

သူ့မောင်အကြိုက်ဟင်းနဲ့ သူမအကြိုက် ဟင်းတွေကိုပဲ ချက်စားတတ်သည့် သူမကို အက်စ် ဘစ်အိမ်တည်းနေပြီး စကားဟက်ဟက်ပက်ပက်လည်း မပြောတော့။

အစ်မဖြစ်သူကို ခပ်တန်းတန်းနေတော့လည်း သူ့မောင်က အက်စ်ကို အပြစ်မရှိ အပြစ်ရှာသေးသည်။

သူ့မမ တော်ကြောင်း ကောင်းကြောင်း ညွှန်းသေးသည်။

"ပြောလိုက်ရင် အသက်နဲ့တိုင်းထွာ တိုင်းထွာပြီး ပြောနေတာ မင်း မမကို ခံခံပြောမနေနဲ့နော် အက်စ်၊ အေး ... မင်း ပြောချင်ရင် ငါ့ကိုပဲပြော၊ မမက မင်းကို ညီမအရင်းလို ချစ်တာ၊ မင်း နားလည်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အခုမှလာပြီး အပျော့ဆွဲနဲ့ ချော့လို့မရ။

အက်စ်တို့က စိတ်ပျော့လွယ်သည့် မိန်းကလေး မဟုတ်။

မဖြစ်လို့ သူ့အိမ်မှာ လိုက်နေရတယ် ဆိုတာကို လည်း မဂ်လာဆောင်တဲ့နေ့ကတည်းက တစ်ခါတည်း ပြောပြီး သား ဖြစ်သည်။

အိမ်က အယ် အစုတ်အပြတ်ကောင်က အက်စ်ကို မြင်တောင်မမြင်ချင်ဘူးဆိုလို့ အက်စ် အိမ်ကိုတောင် မပြန်ရဲခဲ့ဘဲ သူ လစ်တော့မှ အခုလို ပြန်ရသည့်အဖြစ်။

ကိုယ့်အိမ်ကို ပြန်မယ်လို့ ပြောတဲ့စကားလုံးအတွက် လည်း သူက ဆတ်ဆတ်ခါသေးသည်။

အက်စ်ကိုများ သူက စိတ်ရော ကိုယ်ပါ အပိုင်သိမ်း ပိုက်ထားသည်ဟု ခံယူထားသည်လား မသိ။

အဲဒီလို ပြောတာလောက် အက်စ် မခံချင်တာ မရှိ။

အခုလည်း အိမ်ကိုပြန်ရဖို့အရေးကို သူ့ကို တောင်း တောင်းပန်ပန် ခယယ ပြောရဦးမည့်ပုံ ခင်းလာခဲ့လေသည်။





အက်စ် အိမ်ကိုသွားမလို့ပါလို့ ပြောထားတာတော့ အက်စ်လက်ကို မဖြုတ်ဘဲ ဆုံးမသယောင်ယောင် ဆရာကြီး သယောင်ယောင်နှင့် ဆူလာတော့သည်။

"ကျွန်မ မေမေ့ဆီ သွားမလို့၊ ရှင် ဘာဖြစ်လို့ ကျွန်၊ ဒီလောက် ကန့်ကွက်ပြီး ချုပ်ချယ်ချင်နေရတာလဲ၊ မေမေ့ ဆီကို သွားမှာကို ကျွန်မက ရှင့်ကို ရှိခိုးတောင်းပန်သွား ရဦးမှာလား၊ ဒီမှာ ... ဒီအိမ်မှာ နေနေတာ စိတ်ချမ်းသာ လို့ နေနေတာမဟုတ်ဘူး၊ တစ်နေ့မှ စိတ်မချမ်းသာဘူး၊ ဟိုအကောင် လက်မခံလို့ ရှင့်အိမ်ကို လိုက်နေရတာဆိုတာ ရှင် နားလည်"

"ဟင် ... မင်းက ... မင်းက ဒီစကားပြောရအောင်၊ ငါ တို့ကိုတော့ ပတ်ဝန်းကျင် ကြားမကောင်းအောင် အပုပ် မချပါနဲ့၊ ငါလောက်ကောင်းတဲ့ ယောကျ်ားကို မင်းမစော် ကားနဲ့"

"ကျွန်မ ရန်မဖြစ်ချင်ဘူး၊ ကျွန်မကို ဘာမှလာမပြောနဲ့"

အက်စ် သူ ဆွဲကိုင်ထားသည့် လက်ကလေးကို ဆောင့်ရုန်းပြီး အိမ်ထဲကနေ ခြေသံပြင်းပြင်း နင်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ အနောက်မှာ ဘယ်လိုကျန်ခဲ့တယ် ဆိုတာကို
း အက်စ် မစဉ်းစားနိုင်တော့။

မဟုတ်။ ဒီနေ့မှာတော့ အယ်နဲ့ မျက်နှာချင်းဆိုင်ပြီး အိမ်
င်း အိမ်ဟင်းကို မြိန်မြိန်ကြီးစားဖို့ အားခဲလိုက်ပါသည်။

* * *





## ၂၁

ဗီရိုထိပ်ပေါ်က မနက်က ကို ဝယ်လာပေးသည့် နံ့သီးကြွပ်ကြွပ်အိတ်ထုတ်ကြီးကို ဖျတ်ခနဲ လှမ်းယူလိုက်သည့် အက်စ် ခေါင်းထဲ မူးခနဲ မိုက်ကျသွားတော့သည်။

“အား ... မူးလိုက်တာ”

စားပွဲအစွန်းကို မီအောင်ကိုင်လိုက်ရပြီး အက်စ် ကြမ်းပြင်မှာ ဒွေခနဲ လဲကျသွားရသည်။

“ဟင် ... အက်စ် ... အက်စ် ဘာဖြစ်တာလဲ”

အဲဒီအချိန်မှာ မီးဖိုထဲက ထွက်လာသည့် မမက အက်စ်ဆီ အပြေးရောက်လာပြီး အက်စ် တစ်ကိုယ်လုံးကို ဆွဲယူ ထူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အက်စ် ... အက်စ် ... ဘာဖြစ်လဲ"

"ခေါင်းမူးတယ်၊ ခေါင်းမူးတယ် မမ"

"ဟင် ... ဒါဆို ဆရာဝန်ကို ဖုန်းဆက်မှ၊ မောင်လေးရေ၊ မောင်လေး"

အပေါ်ထပ် အခန်းထဲမှာ စာရင်းတွေ စစ်နေသည့် ကိုကို လှမ်းခေါ်လိုက်သည့် မမရဲ့အသံက တကယ့်ကို စိတ်စေတနာဖြင့် ခေါ်လိုက်သံပင်ဖြစ်သည်။

အပြောဆိုလို့သာ တစ်အိမ်တည်းနေပြီး တစ်ပတ်နှစ်ခါ ရန်မဖြစ်ဘဲ မနေရတော့သလို ဖြစ်ခဲ့ရတာ။

စိတ်ရင်းကတော့ ကောင်းပါသည်။

တစ်ခါ တစ်ခါကျ သူ့မောင်ကို အက်စ်က သိမ်းနိုင်လို့ဆိုပြီး ပါကေးခင်းတွေ ချိုင့်မတတ် ကဆုန်ထထပေါက်သေးသည်။

အက်စ်ကိုတော့ နင်လုံး ငါလုံးရိုက်ပြီး တစ်ခါမှ မပြောဘူးခဲ့ချေ။

အက်စ်ရင်ထဲမှာ သူ့မမရဲ့မေတ္တာတွေကို နားလည်ပေမဲ့ တစ်ခါတစ်ခါ သည်းမခံနိုင်လွန်းတာတွေက သမီးယောက်





မတည့်ဘူးဆိုတဲ့ စကားတစ်ခွန်း ပတ်ဝန်းကျင်ကို ထိရိုက်သွားတော့သည်။

"ဟင် ... ဘာဖြစ်တာလဲ"

ခေါင်းမူးနေသည့်ကြားက အခုမှရောက်လာသည့် ကိုကို မော့ကြည့်ပြီး ဆိုးနွဲ့စိတ်ကလေးဖြင့် အပြစ်တင်လိုက်မိပြန်သည်။

"ကိုယ်က ဘာတွေဒီလောက် အလုပ်ရှုပ်နေလို့ ကြာရတာလဲ၊ ဒီမှာ ခေါင်းမူးလို့ သေတော့မယ်"

"ဟင် ... မူးတယ် ... ဒါဆို ... ကိုယ် ... ကိုယ်"

"ကိုယ်ဝန် ... ကိုယ်ဝန် ပြောပါ ရဲရဲရင့်ရင့်၊ အယောင်ယောင်ဆောင်ပြီး ရှက်မနေပါနဲ့၊ စိတ်ညစ်ရတဲ့ကြားထဲ၊ ဆရာဝန်ကို ဖုန်းဆက်လိုက်ဦး ကို"

"အေး ... အေး၊ အား ... နေဦး၊ မင်းကို အပေါ်ထပ် ပွေ့တင်လိုက်ဦးမယ်၊ မမ ... မမ ဆရာဝန်ဆီ ဖုန်းဆက်လိုက်၊ အခုချက်ချင်း လာခဲ့ပါလို့လည်း တစ်ခါတည်း ပြောလိုက်ဦးနော်"

"အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲက မှုးဝေသည့် ခံစားမှုတွေ တစ်ခဏအတွင်း ပျောက်လွင့်သွားခဲ့ပေမဲ့ အက်စ်က မျက်စိကလေးမှိတ်ပြီး သူ ပွေ့ချီတာကို လိုလားစွာ ခပ်ငြိမ်ငြိမ်ကလေး ငြိမ်နေလိုက်သည်။

သူကတော့ အက်စ် ကိုယ်လုံးလေးကို ဆတ်ခနဲ ပွေ့ချီပြီး အက်စ်ကို အပျော်လွန်နေသည့် မျက်လုံးတွေဖြင့် စိုက်ကြည့်ကာ အက်စ်ကို ပွေ့ချီလျက်ကနေ ငုံ့နမ်းလိုက်သေးသည်။

"ငါ့မိန်းမကွာ၊ အပျင်းထူလို့ မရတော့ဘူး၊ ကလေးအမေ ဖြစ်တော့မယ်ကွ"

ဆိုတဲ့ သူ့ရဲ့ဝမ်းသာအယ်လဲသံကြီးကလည်း အက်စ်နှလုံးသားလေးကို နွေးထွေးတုန်ယင်သွားခဲ့ရလေသည်။

ကိုကတော့ ...

သူ့ရဲ့အလိုကို ဖြည့်ဆည်းပေးတဲ့ အက်စ်ကို ဘယ်လောက်အထိ လိုလေသေးမရှိ ဂရုစိုက်ဦးမလဲမသိ။

တစ်ခါ တစ်ခါ ကို့ရဲ့ဂရုစိုက်မှုတွေက အက်စ်ကို အနေကျဉ်းကျပ်စေခဲ့သလို မမကိုလည်း မနာလိုဖြစ်ခဲ့ရတယ်ဆိုတာ အိမ်ထောင်သက် ရှစ်လကျော် ကာလမှာ အက်စ် အတွေ့အကြုံကြောင့် နားလည်သိရှိလိုက်ရပါတော့သည်။

❋ ❥ ❋





ဆရာဝန်ရောက်လာပြီး အက်စ်ကို စမ်းသပ်ကာ ကိုယ်ဝန်နှစ်လရှိပြီ ဆိုတာ သိလိုက်ရသည့် အချိန်မှာတော့ မောင်နှမ ...ခ်ယောက် အပျော်လွန်နေတာကို အက်စ် ရယ်ချင်လွန်း၍ တစ်...က်လှည့်ပြီး မျက်စိမှိတ်ထားလိုက်သည်။

"ခန့်တည် ... မင်းမိန်းမကို ဒီနေ့ကစပြီး ခုံမြင့်တွေပေါ် မတက်ခိုင်းတော့နဲ့၊ ရေပုံးတွေလည်း မဆွဲနဲ့၊ အစားအသောက် စားတာကိုလည်း ဆင်ခြင်ခိုင်း၊ မင်းမိန်းမက အစပ်ကြိုက်တယ်၊ ကိုယ်ဝန်ဆောင်က အစပ်ရှောင်တာ အကောင်းဆုံးပဲ"

နားကြားပြင်းကတ်အောင် ပြောလာသည့် မမကို အက်စ် နားငြီးတယ်လို့လည်း ပြန်မပြောချင်။

သူက ကိုယ့်အစ်မအရင်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အစ်မမို့လို့ ပြောလိုက်ရတာက အကြောင်း

ဟုတ်။

"အင်း ... နောက်လေးလလောက်ဆို ဗိုက်က ထွက်တော့မယ်၊ ငါကိုယ်တိုင် ဗိုက်ဖုံးအင်္ကျီလှလှလေး ချုပ်မယ်၊ အင်္ကျီတွေလည်း ကိုယ့်ဘာသာ မလျှော်တော့နဲ့၊ မမကိုမ ချင်ပြီး အရွဲ့တိုက်ပြီးတော့လည်း ပန်းပင်ရေလောင်း အဝတ်လျှော် ဆိုးဆိုးဆတ်ဆတ် မလုပ်နဲ့"

အမျိုကြီးရယ် မပြောရဘူး။

တံပီပီနဲ့ ဆုံးမနေတာ။

ယောက်ျားက သွားကြီးဖြီးပြီး အပျော်လွန်နေတာ ပဲ သိတယ်၊ အစ်မရှေ့မှာဆို ဘာမှမပြောတော့။

ကွယ်ရာကျမှ ပြောဆိုဆုံးမသလို ကြင်နာယုယသည် လုပ်တာ အက်စ် တော်တော်မျက်မှန်းကျိုးခဲ့ရသည်။

"အက်စ် ... မမ ပြောထားတာ ကြားတယ်နော်"

"ဟုတ်ကဲ့"

"မမ ... အက်စ် ကလေးရရင် မြင်ယောင်သေးတယ် အပျင်းကျလို့ မရတော့ဘူး"





"ဘယ်သူက အပျင်းကျလို့လဲ ကိုရဲ၊ ကိုက ကျွန်မကို အမြဲတမ်း အပြစ်တင်တယ်၊ သိပ်မုန်းဖို့ကောင်းတာပဲ"

"ကဲ ... ကဲ ... လင်မယားတွေ ရန်တော့မဖြစ်လိုက်ကြပါ နဲ့ဦးနော်၊ ဒီနေ့ နှစ်လ ကိုယ်ဝန်မင်္ဂလာအခါနေ့၊ အက်စ် ကလည်း ကိုယ့်ယောက်ျား သည့်ခံတယ်ဆိုပြီး သိပ်မနိုင် စားနဲ့"

"ကျွန်မက မမမောင်ကို ဘာနိုင်နေလို့လဲ၊ မမမောင်က စကားပြောတာ အသုံးမကျလို့ အမြဲတမ်း ရန်ဖြစ်စကား ပဲ ပြောနေတာ"

"ကဲ ... ကဲ ... ရန်ဖြစ်ပြီး နေခဲ့တော့၊ ငါတော့ ထမင်း ချက်လိုက်ဦးမယ်၊ အက်စ် ဒီနေ့ ညီမအကြိုက် ငါးသလောက် ပေါင်း"

ပြောပြောဆိုဆို လှည့်ထွက်သွားသည်။ မမရဲ့ ဝဝ လိုမ့်လိုမ့် ကိုယ်လုံးကြီးကိုကြည့်ပြီး အက်စ် မမရဲ့မေတ္တာကို အပြီးနားလည်ခံစား သိရှိသွားရပြီမို့ ကိုယ့်ဘဝကိုယ် ကျေနပ်သွား တော့သည်။

မေမေသာ အက်စ် ကိုယ်ဝန်ရှိပြီဆိုတာ သိရင်လည်း ဝမ်းသာဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



အယ်ကတော့ နှာခေါင်းရှုံ့ အပြစ်တင်ဦးမည်။

ကလေးအမေဖြစ်ပြီဆိုတော့ ကျိတ်များ ဟားနေမလားမသိ။

မလွတ်လပ်တော့သည့် အက်စ်ကို အယ် မျက်မုန်းကျိုးနေသလို အက်စ်ကို ချစ်တာ အကြောင်းပြပြီး မလွတ်လပ်အောင် လိုက်ချုပ်ချယ်နေသည့် ကို့ကိုလည်း အယ်က လုံးဝမျက်နှာမကြည့်၊ မျက်နှာချင်းမဆိုင်။

ကို အိမ်မှာ ဝင်ထွက်သွားလာတာကိုလည်း အယ်က မဖြစ်လို့ ကြိတ်မှိတ်သည်းခံနေရပုံပင်။

“ဟော့ ... ဘာတွေ စိတ်ကူးယဉ်နေတာလဲ၊ ဗိုက်ထဲက ကလေးလေး ဖြူမလား မည်းမလား၊ အရပ်ရှည်မလား ပုမလား၊ ချောမလား မချောဘူးလား ဆန်းစစ်နေတာလား”

သူ့အစ်မကွယ်တော့မှ အက်စ်ကို အခုလို နောက်တတ်သလို ပခုံးပွေ့ပြီး မျက်နှာချင်း ပူးယှက်ပြောလာသည့် ကို့ရဲ့ အကြင်နာတွေကို အက်စ် သာယာကြည်နူးစွာ မခံစားချင်တော့။

အစ်မရှေ့မှာတော့ မခုတ်တတ်တဲ့ကြောင်။





ကွယ်ရင်တော့ အက်စ်ရဲ့ကုပ်သားမဟုတ်ရင် လက်မောင်းကြွက်သားတွေကို နှိပ်ပေးရင်း စကားပြောရသည့် ကိုရဲ့ အကြင်နာတွေကို ဒီကနေ့မှာတော့ အက်စ် ဆန့်ကျင်တွန်းဖယ်ပစ်လိုက်သည်။

“ဖယ်စမ်းပါ”

“ဟင် ... မိန်းမ ဇက်ကြောဆွဲပေးတာလေ၊ မိန်းမက တစ်နေ့ တစ်နေ့ စာရင်းတွေက စစ်နေရတော့ ဇက်ကြောတွေက တအားတက်နေမယ်လေ၊ အဟား ဟား”

“ဟင် ... ရှင် ... ရှင်က ကျွန်မကို လှောင်တာပေါ့”

“မလှောင်ပါဘူး မိန်းမရယ်”

“ဖယ် ... ဖယ် ... နှိပ်မပေးနဲ့၊ အစ်မရှေ့မှာတော့ ဘာမှ ထင်ထင်ပေါ်ပေါ် မရှိဘူး၊ အခန်းထဲ ရောက်ပြီဆို ကြင်နာသလို ယုယသလို ချစ်သလို လာလုပ်ပြမနေနဲ့ မကြိုက်ဘူး၊ ကုတ်ကမြင်းစတိုင် မခင်းနဲ့”

“ဟာ ... ကုတ်ကမြင်းစတိုင်ပဲ ခင်းရတော့မှာပေါ့၊ အစ်မက အပျိုလေ၊ အိမ်ထောင်သည်မှ မဟုတ်တာ၊ သူ့ရှေ့မှာ ကိုယ်က အက်စ်ကို သည်းသည်လှုပ် ချစ်ပြလို့ ဖြစ်မလားကွ အက်စ်ရဲ့၊ နားလည်စမ်းပါကွာ”



www.burmeseclassic.com

www.burmeseclassic.com



"နားမလည်ဘူး၊ နားမလည်ဘူး၊ လာမပြောနဲ့"

အက်စ် တစ်ဖက်လှည့်ပြီး ခေါင်းအုံးပေါ် မျက်နှာမှောက်အပ်ပစ်လိုက်သည်။

ထပ်ဆင့်နမ်းလာဦးမည့် သူ့ရဲ့အနမ်းကို မေတ္တာရှိလို့ပင် ဖြစ်သည်။

❋ ❥ ❋





၂၂

အိမ်ရှေ့ဧည့်ခန်းမှ တီဗီကြည့်နေရင်းကနေ အက်စ်က နေကြာစေ့ကို တဖြောက်ဖြောက် ခွာစားလိုက်သည်။

အနားမှာ ပူးပူးကပ်ကပ်ထိုင်ပြီး တီဗီကြည့်နေသည့် ကိုကိုလည်း အနားမနေနိုင်းဘဲ လက်မောင်းကြွက်သားကို အနိုပ်ခိုင်းလိုက်သည်။

"ကို ... လက်မောင်း ကြွက်တက်နေပြီ၊ နှိပ်ပေးစမ်းပါဦး"

ငယ်ငယ်ကတည်းက ဘာအလုပ်မှ မလုပ်ရဘဲ အကြောတက်တတ်သည့် သူမကို နိစ္စဓူဝ ကိုက နှိပ်ပေးနေတော့ မမက မျက်မုန်းကျိုးလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီရက်အတွင်း မမတစ်ယောက် ရာသီဥတု မကြည်မလင် ပြန်ဖြစ်နေပြန်သည်။

အက်စ် ကိုယ်ဝန် ခုနစ်လကျော် ဖြစ်သွားသည့်အထိ ကိုယ်ဝန်ရှိတယ်လို့ သိရတဲ့ နေ့ကတည်းက အက်စ်ကို လိုလေးသေးမရှိ ဂရုစိုက်ခဲ့သည့် ကို့ကို မမက မြင်ပြင်းများကာ်နေသလား မသိ။

ညတိုင်း ညတိုင်း ဆေးသောက်ပျင်းသည့် အက်စ်ကို ချော့ချော့မော့မော့ အားဆေးတိုက်နေရသည့် ကို့ကို ပိုလွန်းတယ်ဆိုပြီး ဘစ်ခါတလေ ကျိတ်ဆူနေသည့်အသံကိုလည်း ကြားရသေးသည်။

ဟိုတစ်နေ့က ပြောတာကိုလည်း မေ့လို့မရ။

အက်စ် မုန့်ဟင်းခါးစားတာကို ရေတ်သီးမှုန့်များများဖြူးစားတာကို ကို ဆတ်ဆတ်ခါတာကို နားမခံနိုင်သလို မမက ဝင်ပြောလာတဲ့ စကားက အက်စ်ကို မှတ်သားနာကျင်သွားရပါသည်။

“အက်စ်ကလည်းကွာ၊ ကိုယ် ပြောထားတာ အမှတ်မရှိဘူး၊ မုန့်ဟင်းခါးစားရင် ငရုတ်သီးမှုန့် ထည့်မစားနဲ့ ဆိုတာကို၊ ကိုယ်ဝန်က တဖြည်းဖြည်း ရင့်လာပြီ။ အစားအသောက် ဆင်ခြင်မှပေါ့၊ နောက် ငရုတ်သီး ထည့်မစားနဲ့နော်”





“ဟွန်း ... ဘာမှ မဖြစ်ပါဘူး ကိုရဲ့၊ ကျွန်မက ငရုတ်သီးပါမှ စားတတ်တာ၊ စားလို့လည်း ခံတွင်းတွေ့တယ်၊ သိလား”

“လျှာအလိုလိုက်ပြီး စားနေလို့ မဖြစ်ဘူး၊ နောက်မစားနဲ့ဆို မစားနဲ့ပေါ့၊ ပြောရင် နားထောင်မှပေါ့”

ကိုက ခပ်တည်တည် မျက်နှာထားဖြင့် ဟိန်းယောက်လိုက်တာကို အက်စ်က မကျေနပ်သလို ခြေထောက်ဆောင့်ပေါက်ပစ်လိုက်သည်။

“ဟာ ... ခြေထောက်ကို တအားဆောင့်ပေါက်မနေနဲ့လေ၊ ဗိုက်ထဲက ကလေး၊ ကလေးတစ်ခုခုဖြစ်မယ်၊ နားကိုမလည်ဘူး”

သည်းသည်းပျိုနေသည့် ကို့စကားကို မမက နားကြားပြင်းကတ်သွားသည် ထင်သည်။

ကြက်သွန်လှီးနေရာမှ ဓားကြီးကို စားပွဲပေါ် ဖြတ်ခနဲ ပိတ်ချပြီး ခါးနှစ်ဖက်ထောက်ကာ မျက်ခုံးချီပြီး မောင်းတင်လာတော့သည်။

“အမယ်လေး ... ခန့်တည်ရယ်၊ မင်းမှာလည်း မင်းမိန်းမကို နေစရာမရှိအောင် ဗိုက်မ,နေတာ၊ ဒီဗိုက်က ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ပေါက်တာနဲ့ ဘာမှမဖြစ်ပါဘူး၊ တချို့မိန်းမတွေဆို ဗိုက်ကြီးတစ်ခွဲသားနဲ့ အလေးအပင်ရွက်ပြီး ကိုယ့်ဝမ်းစာ ကိုယ်ရှာရတာ၊ တချို့ဆိုလည်း ရပ်ကွက်ထဲမှာ ဗိုက်ကြီးသည်တွေ ရေထမ်းနေကြတာပါ၊ မင်းကျမှ ပို့ပိုလွန်းတယ်"

"မမကလည်း အဲဒီမိန်းမတွေက ကျွန်တော့်မိန်းမလိုမှ မဟုတ်တာ၊ ကျွန်တော့်မိန်းမက နုနုရွရွလေး၊ ငယ်ငယ်ကတည်းက ခြေမွှေးမီးမလောင် လက်မွှေးမီးမလောင် နေလာရတာ မမ အသိပဲ"

"အေး ... သိပါတယ်၊ သိပါတယ်၊ မင်းမိန်းမ နန်းမတော် ခေါင်ကြီး မယ်နုကို ငယ်ငယ်လေးတည်းက သိလာတာပါ နော်"

ဆိုပြီး အငေါ်တူးတူးဆိုခဲ့တာ လွန်ခဲ့တဲ့ သုံးရက်က အခုထိ အက်စ် နားထဲမှာ မထွက်သေး။

အက်စ်အပေါ် တစ်ခါတစ်ခါ အရမ်းကောင်းပြီး တစ်ခါ တစ်ခါကျ စိတ်ကောင်းမရှိသလို ကလော်တတ်သည့် မမကို အက်စ်က လှုယယ်ပီပီ စိတ်ထဲက တေးမှတ်ပြီး အခုလို မိသားစုသုံးယောက် တီဗီထိုင်ကြည့်ချိန်မှ အက်စ်က သူ့မောင်ကို





ယ်လောက်ဗိုလ်ကျရတယ် ဆိုကြောင်း သိအောင်ပြောပြလိုက်ခြင်းဖြစ်သည်။

ကိုကတော့ နဂိုကတည်းက ရီးသားသူပီပီ အက်စ် ရင်တွင်းအကြံအစည်ကို မသိဘဲ အက်စ် လက်မောင်းကလေး အက်စ်က တော်ပြီလို့ မရပ်နိုင်းမချင်း နှိပ်ပေးနေတော့သည်။

"အား ... ဝါး ... ဝါး"

"ဟင် ... သမ်းတာ အကျယ်ကြီး မသမ်းရဘူးလေ၊ မိန်းကလေးဖြစ်ပြီး အကျယ်ကြီးသမ်းတော့ အကျင့်ပါတယ်"

"ဟား ... အကြောတွေတက်လို့ပါ၊ ဇက်ကြောတွေကလည်း တက်လိုက်တာ၊ ကိုရီးယားကားလည်း ဘာကြီးမှန်းလဲ မသိဘူး၊ အပေါကားဖြစ်ပြီး အပေါပီပီပြင်ပြင် မဟုတ်ဘူး၊ ဒီတစ်ပတ်ကားတွေ ညံ့လိုက်တာ၊ ကြည့်ရတာ အကြောတက်တာပဲ အဖတ်တင်တယ်၊ ကို ဇက်ကြောတက်လို့ ဇက်ကြောလေးကို နည်းနည်းဆွဲပေးပါဦး၊ ပြီးတော့ ကျောတွေတောင့်လို့ ကျောကုန်းလည်း နည်းနည်းနှိပ်ပေးပါဦးနော်"

အက်စ်က နွဲ့နွဲ့လေးပြောပြီး ကို့ပခုံးပေါ် ခေါင်းကမှေးတင်ရင်း ကို့မမကို လှမ်းအကဲခတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကို့မမက အက်စ်ကို တစ်ချက်လှည့်ကြည့်ပြီး နှုတ်
ခမ်းကြီး ထော်တက်သွားသည်အထိ မကျေမနပ် ဖြစ်သွားသည်။

အဟင်း ဟင်း ... ခလောက်ဆိုရင် သူမကြီးစိတ်
ထဲမှာ အက်စ်ကို ဘယ်လောက် မနာလိုစိတ် ပြင်းနေလိုက်မလဲ
ကောင်းလိုက်တာကွယ်။

သူမမောင်ကို သူမကြီးရှေ့မှာပဲ ဖက်ကြောနှိပ်နိုင်
ပြီး မျက်လုံးကလေးမှိတ် နေကြာစေ့ခွာစားနေရတာ ဘယ်လောက်
စားကောင်းသလဲ။

ပြီးတော့ နေကြာစေ့ခွံတွေကို ဒီအတိုင်း စားပွဲအောက်
မှာ ပြန့်လပြိုပစ်ချလိုက်သည်။

အဲဒီလို နေကြာစေ့ခွံတွေ ဧည့်ခန်းထဲမှာ ပွစာ
တာကိုလည်း ကို့မမက မျက်လုံးကြီး ပြူးကြည့်နေပြီဖြစ်သည်။

သိပ်မကြာသည့် အချိန်မှာ သူမကြီး ဘာတွေ
ပြီး အပြစ်တင်ဦးမည်မသိ။

စောင့်နှားထောင်ဖို့ပဲ အက်စ်က ဆုံးဖြတ်ထားသည်။

အက်စ် မမရဲ့အပြစ်တင်သံကို စောင့်နားထောင်
သည် ဆိုကာမှ မမရဲ့အပြစ်တင်သံကို မကြားရဘဲ ကို့ရဲ့
ကိုပဲ တလွဲကြားလိုက်ရပြန်သည်။





"နေကြာစေ့တွေ တအားမစားနဲ့လေ၊ သွေးပေါင်ကျမယ်၊
နေကြာစေ့က များများစားရင် မူးလည်းမူးတယ်၊ အက်စ်
ကလည်းကွာ၊ ကလေးမဟုတ် သူငယ်မဟုတ်၊ မင်းအသက်
ပဲ နှစ်ဆယ့်ခြောက် ပြည့်ပြီးပြီ၊ ဘာမှနားမလည်ဘူး၊
ကိုယ်က အမြင်မတော်တိုင်း လိုက်ပြောတော့ ပြန်အော်၊
မင်း ဒါပဲတတ်တယ် မဟုတ်လား၊ ကိုယ်ဝန်က ရင့်နေပြီ၊
ကိုယ့်ကိုယ်ကိုယ်လည်း သိထားမှပေါ့၊ ဒီနေကြာစေ့က
သွေးပေါင်ကျတယ်ဆိုတာ"

"အမယ်လေး ... သူ့ သွေးပေါင်ကျတယ် မကျတယ်က
အသာထား၊ အခုလောလောဆယ် ဖြစ်နေတဲ့ပုံကို ကြည့်
စမ်း၊ မင်းမိန်းမ လုပ်ထားတဲ့ ပုံစံကိုကြည့်စမ်း၊ နေကြာစေ့
ခွံတွေကို အိတ်ထဲသပ်သပ်ပြန်ထည့်မထားဘဲ ပြန့်လပြို
ဧည့်ခန်းထဲမှာ နံ့ပြန့်နေတာ၊ တံမြက်စည်းလှည်းရတဲ့သူကို
သူ့အိမ်က ကျွန်ကြီးများ အောက်မေ့နေသလား မသိဘူး၊
ငါ့မှာ တစ်နေ့ တစ်နေ့ တံမြက်စည်းလှည်း ဘုရားအိုးလဲ၊
အိုးခွက်တိုက်၊ အဝတ်လျှော်၊ ထမင်းအိုး ဟင်းအိုးတည်၊
ဈေးထွက်၊ အားမနား လျှာမကျိုးတော်၊ တံမြက်စည်းကျ
တစ်ချက် လှည်းဖော်ရတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အက်စ်ကို အပြစ်တင်ချင်နေသည့် ကိုမမက ကို အက်စ်ကို ဆူတုန်းပူတုန်း အကွက်ကောင်း ရသွားခဲ့လေသည်။

"မမက ကျွန်မကို အပြစ်ပုံချတာလား၊ ကျွန်မ တံမြက်စည်းလှည်းမလို့ ကြည့်လိုက်တိုင်း အိမ်က လှည်းပြီးပြီလေ၊ အခုလည်း မနက်ကျ ကျွန်မ နေကြာစေ့ခွံကို ပြန်လှည်းပေးမှာပါ"

"အမယ်လေး ... ညည်း အိပ်ရာထတဲ့အချိန်က နေ အိမ်ခေါင်မိုးပေါ် ရောက်နေပြီ၊ နေ့ဝက်ကျိုးနေပြီ၊ ဒါကို ကျုပ်က စောင့်ပြီး အိမ်အရှုပ်ခံပြီး ကြည့်နေရဦးမလား။ ကျုပ်တို့က အဲဒီလို ပွစာကြဲလည်း မနေတတ်ပါဘူးအေ၊ ကိုယ့်ကိုယ်ကိုယ်ပဲ ယောက်ျားကြိုက်အောင်၊ ယောက်ျားကို နိုင်းချင်တိုင်း နိုင်းလို့ရအောင် မိတ်ကပ်အဖွေးသားနဲ့သာ ပြင်ဆင်ပါအေ၊ တံမြည်စည်းလည်း ညည်း မလှည်းပါနဲ့၊ ဟုတ်ပြီလား။ အိပ်ရာထတဲ့ အချိန်ကလည်း လှည်းစရာ မလိုတော့ပါဘူး၊ ကျုပ် အဆင်သင့် အလျားသင့် လှည်းပြီးပါပြီအေ၊ ညည်းကိုယ်ညည်းပဲ ခန့်တည် ချစ်သထက် ချစ်အောင် အလှဆုံးသာ ပြင်ဆင်နေ"





မမ စကားတွေက အပိုကြီးပီပီ ရင့်လွန်း ကျောလွန်းခဲ့တာမို့ အက်စ် ဘယ်လိုမှ သည်းမခံနိုင်အောင် မျက်နှာတစ်ပြင်လုံး ရဲတက်သွားသည်။

"ဟင် ... မမ၊ မမ အသက်ကြီးပြီး စကားကိုဆင်ခြင်ပြော၊ ကျွန်မက ... ကျွန်မက အခု ဘာဖြစ်နေလို့လဲ၊ ဘယ်မှာလဲ၊ မျက်နှာမှာ မိတ်ကပ်အဖွေးသား တင်ထားသလဲ၊ မိတ်ကပ် မလိမ်းလည်း ကျွန်မက လှပြီးသား"

"အေးပါ ... အေးပါအေ၊ လှပါတယ်၊ ကျုပ်မောင်ကို ညည်းအလှနဲ့ ဖမ်းစားနေတာ"

"တော်စမ်းပါဗျာ၊ မမကလည်း မကြီးမငယ်ကြီးနဲ့ အဲဒါတွေ ပြောမနေစမ်းပါနဲ့"

ကိုက နားကြားမတော်လို့ ဝင်ဟန့်လိုက်တာကို ကိုမမက ဆတ်ဆတ်ခါ နာသွားပုံဖြင့် ဆတ်ခနဲ ထရပ်ပြီး ခါးကြီးနှစ်ဖက် ဝိတ်ထောက်ကာ ကိုနဲ့ အက်စ်ကို မျက်လုံးစိမ်းကြီးဖြင့် စိုက်ကြည့်လာခဲ့သည်။

သူမ တစ်ခုခု ပေါက်ကွဲတော့မည်။

"တော်ပါပြီ၊ တော်ပါပြီ၊ မင်းမိန်းမ လှလှလေးကို ဘာမှမပြောတော့ပါဘူး၊ ဟူးဟူးဆိုပြီး လက်ဝါးပေါ်တင်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖူးဖူးမှုတ်ထားပါ့မယ်၊ ဖူးဖူးမှုတ်ထားပါ့မယ်ရှင် ကိုခန့်တည်ကြည်ရဲ့၊ မိန်းမက ကို ... ကို ဆိုပြီး ချွဲနွဲ့ပြီးဇက်ကြောဆွဲခိုင်းတာကို နှစ်နာရီ သုံးနာရီ မမောနိုင် မပန်းနိုင်ဆွဲပေး"

အားရအောင်ပြောပြီး ချာခနဲ လှည့်ထွက်သွားသည့် ကို့မမ နောက်ကျောပြင်ကြီးကိုကြည့်ပြီး အက်စ် ဒေါသမျက်ရည်တွေ လိမ့်ခနဲ စီးကျလာတော့သည်။

အက်စ်ကို မညှာမတာ ပြောလာသည့် သူမကြီးကို မဲပြီး ကို့ကိုပဲ တဘုန်းဘုန်း ထုရိုက်ပစ်လိုက်မိတော့သည်။

"ပြောတာ ကြားလား ကိုရဲ့၊ ကို့မမ ကျွန်မကို သက်သက်မဲနေတာ၊ မပြောချင်လို့ ကြည့်နေတာ၊ ပြောပုံကိုက ကျွန်မက ကို့ကို တမင်ချွဲပစ်နေတဲ့ ထိလိုက်တိုင်း ပက်ကျိမဖြစ်အောင် ပြောနေတာ၊ သိပ်ရှက်ဖို့ကောင်းတယ်၊ မိန်းမချင်း ကိုယ်ချင်းမစာ"

"တော်စမ်းပါ အက်စ်ရယ်၊ ငါ ခေါင်းတွေနောက်လိုက်တာ၊ မိန်းမကတစ်မျိုး၊ အစ်မကတစ်မျိုး၊ ငါ့မှာ ကြားထဲကနေစရာတောင် မရှိတော့ဘူး"

ကိုက အက်စ် ထုနေသည့် လက်ကလေးကို ဖမ်းဆွဲပြီး အက်စ်ကို သိမ်းဖက်လိုက်ပြန်သည်။





အက်စ်က ကို့ရဲ့လက်တွေကို ရိုက်ထုတ်ပြီး ဒေါသတွေက ကို့ပေါ်ပဲ စုပုံကျရောက်သွားတော့သည်။

"အလကားယောက်ျား၊ သူတော်ကောင်းယောင် ဆောင်နေတဲ့ယောက်ျား၊ ဒီတစ်ခါတော့ ကျွန်မက လုံးဝသည်းမခံတော့ဘူး၊ ကျွန်မမေမေ့အိမ်မှာပဲ ပြန်နေတော့မှာ"

"ခက်လိုက်တာ၊ မင်းကလည်းကွာ၊ မမက မင်းအပေါ်ကရုဏာဒေါသော ပြောတာပါ"

"ကရုဏာဒေါသော မဟုတ်ဘူး၊ ကျွန်မကို မဲတာ၊ သူ့မောင်ကို ကျွန်မက နိုင်တယ်ဆိုပြီး မုန်းနေတာ၊ သူ့မောင်ကို ဒီက ချစ်လို့ ကြိုက်လို့ ယူထားတာ မဟုတ်ဘူးဆိုတဲ့ အကြောင်းကိုလည်း တစ်ရပ်ကွက်လုံးသိအောင် ကျွန်မကြေညာဦးမယ်၊ ဒီမောင်နှမ ညာဏ်များလို့ သူ့မောင်ကိုလက်ထပ်ရတယ်ဆိုတာ ရှင့်ကို အထင်ကြီးနေတဲ့ ရပ်ကွက်ထဲကလူတွေ သိအောင်ကို ပြောဦးမယ်"

"ဟာ ... ဒီမိန်းမ ရမ်းမနေစမ်းပါနဲ့၊ အခုဖြစ်တာ ငါနဲ့ဘာဆိုင်လဲ"

"မဆိုင်ဘဲ နေမလား၊ ရှင့်မမပဲ ရှင်ပြောထားပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ခက်လိုက်တာ၊ မိန်းမကတစ်မျိုး လာပြန်ပြီ၊ ငါ
နေစရာမရှိအောင် မင်း လုပ်နေတာလား အက် စ်"

သူက အက်စ် အမြင်ကတ်လောက်အောင် အစွမ်း
အစ မရှိသလို ခေါင်းကြီးပေါ် လက်နှစ်ဖက် ယှက်တင်ပြီး ဟ
ချမလိုတောင်ဖြစ်နေခဲ့တာ၊ အက်စ် အသည်းယားလွန်းလို့ မျက်
စုံမှိတ်ကာ အော်ပစ်လိုက်တော့သည်။

"နေစရာမရှိရင် သင်္ချိုင်းကုန်း သွားနေ ... သွားနေ"

အက်စ် ရမ်းပြီး သူ့ကို တဘုန်းဘုန်း ထုရိုက်နေ
တာတွေကို သူက မရှောင်ဘဲ ဒီအတိုင်း ခေါင်းငုံ့ငြိမ်ခံနေ
သည်။

ဘာမှလဲ မနာခဲ့ မကာကွယ်တော့။

ကြာလာတော့ သူ့ကို ရိုက်နှက်နေသည့် အက်စ်
ပင် အရှုံးပေးလိုက်ရပြီး ဟင်းခနဲ ငိုချလိုက်မိပါတော့သည်။

❋ ❥ ❋





၂၃

"ကဲ ... ကဲ ... သမီးလည်း မိုးချုပ်တော့မယ်၊ ထမင်း
လည်း စားသောက်ပြီးပြီ ပြန်တော့၊ ခုတော်ကြာ သမီး
ယောကျ်ား လိုက်လာနေဦးမယ်"

ထမင်းစားသောက်ပြီးသည်နှင့် မေမေက အက်စ်ကို
ပြန်ဖို့ပြောလာခဲ့တော့သည်။

အက်စ်ရင်ထဲက မကျေနပ်စိတ်တွေက မေမေ့အပေါ်
ကျရောက်သွားတော့သည်။

"ဘာလဲ ... မေမေက အက်စ်ကို မေမေ့အိမ်မှာ အဖတ်တင်
မှာ စိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ညည်း ဘာစကားပြောတာလဲ အက်စ်၊ ညည်း အဲဒီလို အပေါတွေးတူး စကားတွေကြောင့် ယောက်မနဲ့ မတည့်တာ၊ ဘယ်လောက် ရှက်ဖို့ကောင်းသလဲ၊ သူများ အိမ်ပေါ် တက်နေပြီး ကိုယ့်ယောကျ်ားကို ဗိုလ်ကျရုံတင် မကဘူး၊ ကိုယ့်ထက် အသက်အများကြီးကြီးတဲ့ ယောက်မ ကိုလည်း ညည်း လက်ညှိုးထိုးပြီး ခိုင်းတယ်ဆို"

"ဟင် ... အဲဒါ ဘယ်သူပြောတာလဲ၊ အဲဒီမိန်းမကြီးပြော တာ မဟုတ်လား၊ အရှက်မရှိ တစ်အိမ်ဆင်း တစ်အိမ်တက် အက်စ် မကောင်းကြောင်းကို လိုက်ပြောနေတာ၊ အက်စ် ကလည်း နားနှစ်ဖက် မကန်းသေးပါဘူး၊ ကြားနေရတာ၊ အက်စ် သူ့မောင်နဲ့ ယူပြီးတဲ့နေ့ကတည်းက မေမေ့ကိုလည်း အက်စ် အိမ်မှာ ဘာမှမလုပ်တဲ့အကြောင်း ကုန်းချောလို့ မေမေနဲ့ အက်စ်တောင် စကားများကြသေးတယ်လေ"

အက်စ် မခံနိုင်စွာ မေမေ့ကို အသံစူးစူးကလေးနှင့် ပြန်အော်ပြောလိုက်သည်။

"အေး ... ဟုတ်တယ်လေ၊ များတယ်လေ၊ ညည်းပုံစံမကျ လို့ ငါ့အမေက ဆုံးမရတာ၊ ငါ အစကတည်းက ပြော တယ်၊ ဘာလုပ်လုပ် ထောင့်မကျိုးလို့ တစ်ချိန်ကျ သူများ





ပြောစရာ ဖြစ်လာမယ်ဆိုတာ၊ ဟင်း ... မောင်ခန့်တည်က လည်း ပြောပါတယ်၊ ညည်း အပျင်းထူပြီး ဇက်ကြောတက် နေတဲ့အကြောင်း"

"ဟင် ... အပျင်းမဲ့ထူရအောင် အက်စ်က ဘာလုပ်ရမှာလဲ၊ လုပ်စရာရှိလည်း မလုပ်ဘူး၊ အဲဒီယောကျ်ားက အက်စ် ချစ်လို့ ကြိုက်လို့ ယူထားတဲ့ယောကျ်ား မဟုတ်ဘူး၊ ဟင်း ဟင်း ... သူက ကလိမ်ကကျစ်ကျပြီး အက်စ်ကိုလည်း ယူထားသေးတယ်၊ အက်စ်ကို ဒီလို ကွယ်ရာမှာ အတင်း အုပ်လို့ကတော့ အတွေ့ပဲ အသိပဲ၊ အက်စ်နဲ့ တွေ့မယ်"

အက်စ် ဘယ်လိုမှ ဒေါသစိတ်ကို မျိုချလို့ မရတော့ ဘဲ မေမေ့အရှေ့ကနေ ချာခနဲ လှည့်ထွက်လာခဲ့သည်။

"ဟဲ့ ... အက်စ်၊ ညည်းနော် အိမ်မှာ ဆူသံပူညံ ထွက်မ လာစေနဲ့၊ ထွက်လာလို့ကတော့ မေမေနဲ့ အသိပဲ"

အနောက်ကနေ မေမေ ဘယ်လောက် ဆတ်ဆတ်ခါ ကျန်ခဲ့ ကျန်ခဲ့ အက်စ်ကတော့ ကိုယ့်မိန်းမအတင်းကို ယောက္ခမ အရှေ့မှာရော မမြင်ကွယ်ရာမှာပါ အတင်းပြောနေမဲ့ ဒီယောကျ်ား ကို ဒီနေ့မှာပဲ မှတ်လောက် သားလောက် ရန်ရှာပစ်ရမည်ဖြစ် သည်။

www.burmeseclassic.com

စေတနာစာပေ

www.burmeseclassic.com



လူက စိတ်က ထောင်းခနဲဖြစ်ရင် ဒေါသကြောင့် ခြေကုန်သုတ်ပစ်လိုက်သည်။

ကိုယ့်မှာ မပေါ့မပါး ဖြစ်နေတာကိုလည်း အလေး မထားမိ။

သူတို့ခြံထဲသို့ ပြန်ဝင်ချလာပြီးအိမ်ထဲကို လှမ်းအဝင် အိမ်အဝင်ဝမှာ ထောင်ထားသည့် တိုင်ကီအစုတ်ကြီးကိုလည်း ဝင်တိုက်လိုက်မိလို့ လူက အရှေ့ကို ဟပ်ထိုး ဟပ်ထိုး လဲမလို ဖြစ်သွားတော့သည်။

"ဟဲ့ ... အမယ်လေး ... ဘယ်လို ... ဘယ်လို ဖြစ်လာတာလဲ အက်စ်ရယ်၊ လုပ်လိုက်ရင် အရမ်းပဲ၊ ကိုယ့်ကိုယ်ကိုယ် လွတ်လွတ်လပ်လပ် ထင်နေသလား၊ ညည်းမှာ မွေးခါနီးဖွားခါနီး မပေါ့မပါးကြီးနဲ့ဆိုတာလည်း သတိထားဦးလေ၊ ဟဲ့ ... ကြည့်စမ်း ဗိုက်ကြီးသည်က ခုံမြင့်ဖိနပ်စီးရသလားဟယ်၊ ဒုက္ခတော့ရောက်တော့မှာပဲ၊ ခုံမြင့်ကိုစီးရတယ်လို့၊ မောင်လေးကလည်း ကိုယ့်မိန်းမ ဘာလုပ်နေတယ်ဆိုတာ မကြည့်ဘူး၊ မွေးဖို့ဖွားဖို့ အရက်နှစ်ဆယ်လောက်ပဲလိုတော့တာပါ၊ အက်စ်ရယ် နောက်ခုံမြင့်ဖိနပ်မစီးနဲ့နော်၊ ညှပ်ဖိနပ်ပဲစီး ကြားလား ညီမ"





အပျိုကြီးပီပီ လေရှည်နေတာကို အက်စ် မနည်း အောင့်အည်း သည်းခံလိုက်ရသည်။

သူမ ဆုပ်ကိုင်ဖမ်းထိန်းလိုက်သည့် ပခုံးကိုလည်း သူမလက်ထဲမှ ဆောင့်ခနဲ ရုန်းယူပစ်လိုက်ပြီး သူမကို တစ်ချက် လှည့်ကြည့်ကာ ပက်ခနဲ ပြန်ပြောလိုက်သည်။

"အခုမှ လာပြီး လူကြားကောင်း တရားနာ လုပ်ပြမနေစမ်းပါနဲ့"

"ဟင်"

မထင်မှတ်ဘဲ သူမ စေတနာကို အစော်ကားခံလိုက်ရသဖြင့် ထက် ဆတ်ဆတ်ခါနာသွားရသည်။

ထက်မှာတော့ သူမကို စိုးရိမ်လိုက်ရတာ။

အစားအသောက်စားတာအစ သွားတာ လာတာကအစ ဂရုစိုက်ပြီး လိုက်ကြည့်နေရတာ။

အခုလို အစော်ကားခံလိုက်ရတော့ ရင်ထဲမှာ ရစရာမရှိအောင်နာကျင်သွားရကာ သူမကို ဘာမှ ပြန်မပြောနိုင်တော့ဘဲ မျက်ရည်တွေ ဝိုင်းသွားသည်အထိ ဝမ်းနည်းသွားပါသည်။

ဝမ်းနည်းလွန်းလို့ အိမ်အဝင်ပေါက်မှာပဲ တွေတွေကြီးရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမအရှေ့ကနေ ဆောင့်ကြီးအောင့်ကြီး အိမ်ထဲ လှည့်ဝင်သွားသည့် အက်စ်ကိုလည်း ဘာမှမဆိုမိတော့။

အဲဒီအချိန်မှာ ...

စက်ရုံကနေ ကားနဲ့ပြန်လာတဲ့ မောင်လေးက အိမ်ထဲလှမ်းဝင်လာပြီး သူမကို တစ်ချက်ကြည့်ကာ မျက်မှောင်ကြီး တွန့်တက်သွားသည်။

"ဘာဖြစ်နေတာလဲ မမ၊ မိုးချုပ်တော့မယ် အိမ်ထဲဝင်တော့လေ"

မောင်လေးပြောတော့မှ ထက် ပို့ပြီး ဝမ်းနည်းသွားခဲ့သည်။

"ဘာဖြစ်ရမလဲ မင်းမိန်းမ အလိမ္မာတုန်းလေးလေ ငါ့ကို ငါ့ကို စော်ကားတာ သိပ်ရိုင်းတဲ့မိန်းကလေး"

"ဟင်"

အလုပ်ထဲမှာ စိတ်ပင်ပန်းလူပင်ပန်းဖြစ်ရတဲ့ကြားထဲ အိမ်က အစ်မနဲ့ မိန်းမက တဂျိန်းဂျိန်းဖြစ်နေတော့ သူ စိတ်တို သွားရပါသည်။

"ဘာဖြစ်ကြပြန်ပြီလဲဗျာ၊ တစ်နေ့ တစ်နေ့ နားကိုပူတယ်၊ ဘာမှ လာမပြောတော့နဲ့၊ ဒီမှာ အလုပ်မှာ ပင်ပန်းတာက





တစ်မျိုး၊ အိမ်မှာ စိတ်သောကရောက်ရတာက တစ်မျိုး၊ စိတ်ကိုညစ်တယ်"

"မင်းစိတ်ညစ်ရတာ မျက်ရည်မကျရဘူး၊ ငါစိတ်ဆင်းရဲရတာ ငါ့မှာ မျက်ရည်ပေါက်ကြီးငယ်ကျရတယ်၊ မင်းမိန်းမ ငါ့စေတနာကိုစော်ကားတာ၊ ဟင်း ... မပြောချင်လို့ကြည့်နေတာ၊ မင်းက စက်ရုံကနေ မိုးချုပ်ခါနီးမှပြန်လာတော့ ဘာမှမသိဘူး၊ မင်းမိန်းမ တစ်နေ့ တစ်နေ့ သူ့အမေအိမ်မှာပဲ ထမင်းစားတယ်၊ ငါချက်တဲ့ ထမင်းဟင်းကို မစားချင်ဘူးပေါ့၊ ငါချုပ်ပေးထားတဲ့ ဗိုက်ဖုံးအင်္ကျီလည်းမဝတ်တာ ကြာပြီ၊ ငါ့မှာတော့ စေတနာနဲ့ စက်ပေါ်တက်ပြီး ကိုယ်တိုင်ကိုယ်ကျ ချုပ်ပေးရတာ၊ သူက အငြိုးအတေးထားပြီး မဝတ်ဘူးလေ"

"မဝတ်တော့ နောက်ထပ်ချုပ်မပေးရတော့ မမ အညောင်းသက်သာတာပေါ့၊ အိမ်မှာ ထမင်းမစားတော့လည်း အကုန်သက်သာတာပေါ့ဗျာ၊ အဲဒါနဲ့ အခု အော်ကြီးဟစ်ကျယ်ရန်ဖြစ်ပြီးပြီပေါ့"

သူကလည်း စိတ်မရှည်တော့ဘဲ အရွဲ့တိုက်ပြောပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ငါ ဘယ်တုန်းက အော်ကြီးဟစ်ကျယ် ရန်ဖြစ်ဖူးလို့လဲ၊ မင်းမိန်းမသာ လူကြီးလူကြီးမှန်းမသိ ငါ့ကို ပြန်အော်တာ၊ အခုလည်း ငါက စေတနာနဲ့ပါ၊ သူ့အမေအိမ်ကပြန်လာပြီး အိမ်ထဲလှမ်းဝင်တာ ဒီတိုင်ကီကို ဝင်တိုက်လို့ ဟပ်ထိုး ဟပ်ထိုးလဲသွားတယ်လေ"

"ဟင် ... ဘာဖြစ်သွားသေးလဲ"

"ဘာမှ မဖြစ်ပါဘူး၊ ကျုပ်က မင်းမိန်းမ ပခုံးကို ထိန်းပေးပြီး သူ ခုံမြင့်ဖိနပ်စီးလို့ မစီးဖို့ပြောတာကို ငါ့ကို လူကြားကောင်း တရားနာ လုပ်ပြမနေနဲ့တဲ့၊ စော်ကားတာ စော်ကားတာ"

အသံတုန်တုန်ကြီးဖြင့် ဖြစ်ကြောင်းကုန်စင်ကို ဖောက်သယ်ချလာသည့် မမကို သူ စိတ်မသက်မသာ ကြည့်လိုက်မိသည်။

အကာ်စ် ပုံစံမကျတာကိုလည်း သူ ပြောရမည်။

"အင်း ... ခက်ပြီ၊ မမနဲ့ သူနဲ့ကတော့ တစ်အိမ်တည်းနေပြီး ပတ်ဝန်းကျင်ကဲ့ရဲ့စရာ ဖြစ်နေပြီ"

"မင်းမိန်းမဆိုးတာလား၊ ငါဆိုးတာလား၊ ကဲ ... ပြော"

"ဟုတ်ပါတယ် သူ ဆိုးတာပါ"



"အဲဒါ မင်း အလိုလိုက်လို့၊ မင်း အချစ်လွန်လို့၊ မင်းက မိန်းမကို ချစ်တာ စိတ်ထဲမှာမထားဘဲ၊ အကုန်ထုတ်ပြီးချစ်တော့ ဟိုက ကန်းတက်တာပေါ့၊ မင်း ရှက်လည်းမရှက်ဘူး၊ ကိုယ့်အသက်ကိုယ့်အရွယ်နဲ့ မိန်းမကို အာခံတွင်းငုံ့ထားမတတ်ဖြစ်ပြီး အရူး မူးစေ့ကောက်ရသလို ပွတ်ပွတ်ပြီး ရှူနေတော့ ဟိုက မင်းကို ကြာရင် နဖားကြိုးထိုးတော့မယ်"

"မမကလည်းဗျာ ကျွန်တော် ဒီလောက်လည်း မဟုတ်သေးပါဘူး"

"ဘာမဟုတ်ရမှာလဲ၊ ဘာမဟုတ်ရမှာလဲ၊ အခု မင်း အိပ်ခန်းထဲဝင်သွားကြည့်၊ မင်းခေါင်းမွေးကျွတ်တော့မယ်၊ မင်းလက်မောင်း အညိုအမည်းဆွဲတော့မယ်၊ အမယ်လေး ... တို့များသာ ယောကျ်ားဖြစ်ကြည့် ကိုယ်က ဦးဆောင်ပြီးရှာကျွေးရတဲ့မိန်းမကို ဟေ့ဆိုတာနဲ့မီးသေ ရမယ်၊ အခုတော့ မင်းကို ဟိုက နိုင်လိုက်တာ၊ ငါ အခံရလည်းခက်တယ်၊ ဒီလောက်အနိုင်ခံနေတဲ့ ငါ့မောင်ကို ငါကလည်း စိတ်ကူးထဲကနေ နောင်ဘဝမှာ မင်းမိန်းမက မင်းရဲ့ ယောကျ်ားဖြစ်ပြီး မင်းက သူ့မိန်းမဖြစ်ပါစေလို့ ဆုတောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မမ မဟုတ်တာတွေ လျှောက်မတွေးကောင်းဘူး လေ၊ ဒုက္ခပဲဗျာ၊ အလိုလိုနေရင်းပဲ ကျွန်တော်က နောင်ဘဝ မှာ မိန်းမဖြစ်ရအောင် မဖြစ်နိုင်ပါဘူး"

"ဒါမှ မင်းက တစ်လှည့် သူ့ကို ပြန်နိုင်ရမှာလေ"

"ဟာ ... မမကတော့ဗျာ၊ မမက အပြင်ပန်းကြည့်ပြီး ကျွန်တော့်ကို သူနိုင်တယ်ထင်နေတာ၊ ကျွန်တော်လည်း သူ့ကို နိုင်ခဲ့ရတာတွေလည်း ရှိပါတယ်ဗျာ"

"ဘာလဲ မင်းနိုင်ခဲ့တာက မင်းမိန်းမ ကိုယ်လုံးကို ပွေ့ချီ သယ်မနိုင်ခဲ့တာလား"

"ဟာ ... ပြောတော့ဗျာ"

စိတ်ဆိုးသည့်ကြားက မမပြောတတ်ဆိုတတ်ပုံကြီး ကို သူ တစ်ဖက်လှည့်ပြီး ပြုံးလိုက်မိသေးသည်။

မမကိုတော့ ဘာမှ ဆက်မပြောတော့ဘဲ မမအရှေ့ ကနေ သူ လှည့်ထွက်လာခဲ့မိတော့သည်။

* * *





"အက်စ်"

အိပ်ခန်းထဲ ဝင်ဝင်ချင်း သူက အတက်ချီကေ့စ်ကို စားပွဲပေါ်ပစ်တင်ပြီး အက်စ်ကို အသံမာမာဖြင့် ခေါ်လိုက်သည်။

"ဘာလဲ"

"ကောင်းကောင်းပြန်ထူးစမ်း၊ မင်းဟာလေ အငယ်ဆုံးဖြစ် ပြီး သိပ်ရိုင်းစိုင်းတဲ့မိန်းကလေး"

"ကို ကျွန်မကို ဘာမှ အပြစ်တင်စရာမလိုဘူး၊ ဟိုအိမ် အောက်ထပ်က ကို့မမ တိုက်တိုင်း ကိုက ..."

"ဘာလဲ ပြောစမ်း၊ သိပ်ရိုင်းတဲ့ မိန်းမ၊ တိုက်တိုင်း ငါက ဘယ်ဖြစ်မလဲ၊ မင်း ငါ့ကို ခွေးလုံ့လုံးဖြစ်အောင် ပြောဦး မလား၊ ကဲ ... ပြောကြည့်စမ်း"

ဒေါသစိတ်ကို သူ ဘယ်လိုမှ ထိန်းလို့မရတော့။



www.burmeseclassic.com

www.burmeseclassic.com



လူက သုတ်ခနဲ အက်စ်ဆီ ရောက်သွားပြီး အက်စ် ပခုံးလေးကို ခပ်ကြမ်းကြမ်း ပိတ်ခါယမ်းလိုက်သည်။

အက်စ် တစ်ကိုယ်လုံး ခါယမ်းသွားတာမြင်တော့ အက်စ် မပေါ့မပါးဖြင့် သူ့ရင်ဘတ်ဆီ ဗိုက်ကြီးပစ်ရောက်လာ တာကို သတိရသွားသည်။

“မင်း ... မင်း မဆိုးစမ်းနဲ့ အက်စ်ရယ်၊ မင်းမှာလည်း မွေးခါနီးဖွားခါနီးနေပါပြီ၊ ကိုယ့်ကိုယ်လည်း ပြန်ကြည့် အခု ကိုယ်က စိတ်မရှည်တော့ အက်စ် ကိုယ်လုံးဆွဲခါမိတော့ ကဲ ... အခုတော့ ဘာဖြစ်မလဲ၊ ဗိုက် ... ဗိုက်နာသွားသေ လားဟင် အက်စ်”

“နာလို့သေသွားလည်း အေးတယ်၊ အေးတယ်၊ ဒီမိသား အရိပ်အောက်မှာ နေရတာထက်စာရင် သေသွားတာက ကောင်းဦးမယ်”

“မပြောကောင်း မဆိုကောင်းတွေ ပြောမနေစမ်းနဲ့ အက် ရယ်၊ အခု အက်စ်မှာ မွေးခါနီးဖွားခါနီးနေပြီ၊ အတိ နိမိတ်မရှိတာ မပြောနဲ့၊ ကိုယ်လည်း စိတ်ဆိုးမိလို့ပ မမကို အက်စ် ပြန်ပြန်မပြောပါနဲ့ကွာ၊ မမက စိတ်ရ ကောင်းပါတယ်”





ဖနီးလေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး စောစောက သူ ဆွဲခါလိုက်လို့ ဗိုက်များတစ်ခုခုဖြစ်သွားမလားဆိုပြီး အစိုးရိမ် ပိုစွာဖြင့် သူမ ဗိုက်ကြီးကို လက်ဖြင့် ဖွဖွဖိပွတ်ပေးလိုက်သည်။

ပါးစပ်ကလည်း စိုးရိမ်မကင်းစွာဖြင့် တတွတ်တွတ် မေးလိုက်မိသည်။

“အက်စ် ဗိုက်ထဲမှာ ဘာမှ မဖြစ်ပါဘူးနော်၊ နာမသွားပါဘူး နော်”

“အခုမှ အယောင်ဆောင်မနေနဲ့၊ ရှင်တို့မောင်နှမတွေက လေ မင်းသားခေါင်းစွပ်ထားတဲ့ ဘီလူးတွေ”

အက်စ် ဝမ်းနည်းစွာဖြင့် ဟင်းခနဲ ငိုချလိုက်ပြီး အကျယ်ကြီး အော်ပြောပစ်လိုက်သည်။

သူကတော့ မှားသွားမည့်သည့် အမှားတစ်ခုအတွက် အက်စ်ကို အမျိုးမျိုး ချော့မော့နှစ်သိမ့်လာခဲ့သည်။

“မငိုပါနဲ့ အက်စ်ရယ်၊ ကိုယ်က အက်စ်ကို ကိုယ့်ရဲ့ အလိမ္မာဆုံးမိန်းမ ဖြစ်စေချင်တဲ့စေတနာနဲ့ ပြောမိတာပါ”

“ဘာစေတနာလဲ၊ ကိုက ကိုယ့်မိန်းမအတင်း ရပ်ကွက်ထဲ လှည့်ပြီး ပြောနေတာ၊ ဒါ စေတနာလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကိုယ်က မိန်းမအတင်းကို ဘာကိစ္စ ပတ်ဝန်းကျင်သိအောင်ပြောရမှာလဲ၊ ပြောစရာလည်း ဘာလိုလဲ ဘာမှမှ မရှိတာ"

"အဲဒီလိုမရှိတာတောင် ရှင့်အစ်မက တစ်အိမ်ဆင်းတစ်အိမ်တက် ကျွန်မက အိမ်မှာ ဘာအလုပ်မှ မလုပ်တဲ့အကြောင်း၊ ကျွန်မဆိုးတဲ့အကြောင်း၊ ကျွန်မက သူ့ကို လက်ညှိုးထိုးပြီးခိုင်းတဲ့အကြောင်း လိုက်ပြောနေတာ၊ ကျွန်မ သူ့ကို လက်ညှိုးထိုးပြီးလည်း မခိုင်းရပါဘူး။ သူသာ ကျွန်မကို အမြဲတမ်း ဆရာလုပ်ပြီး ဟိုဟာမစားနဲ့၊ ဒီဟာမဝတ်နဲ့ ဒီဖိနပ်မစီးနဲ့နဲ့ လိုက်လိုက်ပြောနေတာ"

ကို့မမက ကောင်းစေချင်လို့ အက်စ်ကို ပြောမှန်း သိသိကြီးနှင့် အက်စ်က အပြစ်ပြောစရာမရှိတော့ ဒါပဲ ထောက်ပြလိုက်ရသည်။

"ဒါကတော့ အက်စ်ရယ် သူက အကြီးပဲ၊ အက်စ်က ကိုယ်ဝန်ကြီးနဲ့ဆိုတော့ ထိမိခိုက်မိမှာစိုးလို့ စိုးရိမ်လို့ပြော တာပေါ့"

"ဟင်း ... ထားပါ၊ ကို့မမက ယောက်မမို့ ကျွန်မအကြောင်းကိုအတင်းပြောတာ ခံသာပါသေးတယ်၊ ကိုက ကျွန်မ





ယောက်ျားဖြစ်ပြီး ကိုယ့်မိန်းမအတင်းကိုယ်ပြောတာ ကျွန်မ အခံရခက်တယ်"

"ဟာ ... ဒုက္ခပဲ၊ ကိုယ်တ ဘာကိစ္စ ကိုယ့်မိန်းမအတင်းကို ပြောရမှာလဲ၊ ပြောစရာလည်းမရှိဘူး၊ ပြောလည်းမပြောဘူး"

သူက အခုမှ အကြံအိုက်သွားပုံဖြင့် အက်စ်ကို ပွေ့ဖက်ထားသည့် လက်တစ်ဖက်ကို ဖြေပြီး သူ့ဆံပင်ကြီးကို ထိုးဖွလိုက်သည်။

"ပြောတယ်၊ အခုမှ အိုးတိုးအတ ဟန်မဆောင်နဲ့"

"ဟား ... ဒုက္ခပဲ"

"ဒုက္ခပဲလေ၊ အနတ္တပဲလေ မလုပ်နဲ့ ဒီမှာ ကို၊ ကို့ကို ကျွန်မချစ်လို့ ကြိုက်လို့ ယူထားတာ မဟုတ်ဘူးနော်"

"သိပါတယ်၊ သိပါတယ်၊ မင်း ငါ့ကို ချစ်လို့ကြိုက်လို့ မဟုတ်ဘဲယူလည်း အခု ကလေးတစ်ယောက်ရတော့မယ်လေ၊ မင်းကတော့ ငါ့ကို ကလေးဆယ်ယောက်ရတောင် အနိုင်ယူပြီး ချစ်လို့ကြိုက်လို့ယူတာမဟုတ်ဘူး ပြောနေမှာပဲ၊ မင်း ငါ့ကိုချစ်တာ မချစ်တာ ငါ အသိဆုံး"

"သိသိ မသိသိ ဒီမှာ ရှင့်ကိုများ နောက်ထပ် မွေးပေးဦးမယ်လို့ မျှော်လင့်နေသေးလို့လား၊ ဆယ်ယောက်တဲ့ ဒီအစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တောင် ရှင့်စိတ်ခါတ်ကို မသိလို့၊ ဖြစ်ပါတယ်၊ ကလေးတစ်ယောက်နဲ့ တစ်ခုလပ်ဖြစ်နေတဲ့မိန်းမတွေ အများကြီး"

"ဟာ ... အသားလွတ်ကို ရှိးသားအေးဆေးတဲ့ယောက်ျားကို သိက္ခာချပြီး အပြစ်နဲ့စော်ကားနေတာ"

"အမယ်လေး ... ရိုးသား အေးဆေးတယ်၊ ယောက္ခမကိုတောင် ကျွန်မ မကောင်းကြောင်းပြောရတဲ့ ယောက်ျားက ရယ်စရာတောင်ကောင်းသေး"

ပြောရင်း တဟင်းဟင်း ခေါင်းမော့ရယ်လိုက်သည့် အက်စ်ကို စိုက်ကြည့်ပြီး မော့လိုက်သည့် အက်စ့်မျက်နှာလေးကို သူ့ခေါင်းကြီးဖြင့် ဖိအပ်ရင်း ရင်ထဲက နွေးထွေးခိုင်မာသည့်အသံဖြင့် တစ်လုံးချင်း အေးအေးဆေးဆေး မေးလိုက်သည်။

"ယောက္ခမက မိန်းမကို ဘာပြောလို့လဲ"

"ဘာပြောရမလဲ၊ ရှင်က ကျွန်မကို အပျင်းထူတယ်၊ ဇက်ကြောပဲ တက်နေတာဆိုပြီး မေမေ့ကို အတင်းပြောတော့ ပြန်ပြောတာပေါ့"

"ဩော် ... ဒါကတော့ ယောက္ခမက သူ့သမီးအကြောင်း သူသိလို့ပြောရင်း မေးရင်းနဲ့ ပြောမိတဲ့ စကားပါ၊ ဒါ





အပြစ်ကြီးလားကွာ၊ ကိုယ်ကတော့ ပတ်ဝန်းကျင်ကို ဒီလို ဘယ်ပြောပါ့မလဲ"

"ပြောပါ၊ ပတ်ဝန်းကျင်သိအောင်ပြောလည်း အက်စ်ဆန်းဂျင်တို့က အရေးမစိုက်ဘူး"

အက်စ် သူ့ကို ခပ်တည်တည်ကြည့်ပြီး အိပ်ရာပေါ်တက်ကာ တုံးလုံးလှဲချလိုက်တော့သည်။

ရှေ့ဆက်ပြီး လေကုန်ခံ အရစ်လည်းမရှည်ချင်တော့။

ဆက်ပြောရင် ဒေါသထွက်ဖို့ပဲ ရှိတော့တာမို့ ဘာမှ မပြောဘဲ ခေါင်းအုံးပေါ်မှာ တစ်ဖက်မျက်နှာလှည့်ပြီး အိပ်စက်လိုက်သည်။

အဲဒီအချိန်မှာ သူက အက်စ်ကို ဝွမ်းစောင်ကြီးခြုံပေးရင်း အက်စ်အိပ်သည့် ခုတင်ပေါ်သို့ တင်ပါးလွှဲထိုင်ပြီး အက်စ်ကို လေသံပျော့ကလေးဖြင့် ချော့မော့နှစ်သိမ့်လာခဲ့လေသည်။

"မိန်းမ မွေးခါနီးဖွားခါနီးကို ကိုယ့်ယောက်ျားကို အပြစ်မမြင်ရဘူးနော်၊ စိတ်ထဲမှာ အပြစ်မြင်ပြီး ဒေါသကြီးနေရင် မိန်းမဗိုက်ထဲက ကိုယ်တို့ရင်သွေးလေးပဲ ထိခိုက်မှာ၊ မိန်းမက စိတ်ကြီးဒေါသထွက်တော့ ဒီရင်သွေးလေးက စိတ်ကြီးဒေါသထွက်ပြီး မိဘစိတ်ဆင်းရဲရမယ်ဆိုရင် မိန်းမနဲ့ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါ်ပဲကျမှာနော်၊ မိန်းမ ကိုယ်ပြောတာ သဘော ပေါက်တယ်နော်”

အင်း ... ဟုတ်သားပဲ။

သူပြောတာလည်း ဟုတ်နေမှန်နေတာမို့ အက်စ်ဘာမှမပြောသာတော့ဘဲ ပါးစပ်ကြီးပိတ်ပြီး ငြိမ်နေလိုက်ရပါတော့သည်။

❋ ❥ ❋





## ၂၄

ပြဿနာက ဆက်ချင်တော့ ကိုနဲ့ စကားများပြီး နောက်တစ်နေ့မှာပဲ ကို့မမနှင့် ဆက်စကားများခဲ့ရတော့သည်။

အဲဒီနေ့ညနေက အက်စ်က ထမင်းစားပြီး ထမင်းပန်းကန့်ကိုဆေးမလို့ ပန်းကန်ကိုင်ပြီး မတ်တတ်ထအရပ် မထင်မှတ်ဘဲ လက်ထဲက ကြွေပန်းကန်က ကြမ်းပြင်ပေါ် ခွမ်းခနဲ ပြုတ်ကျသွားတော့သည်။

“ဟင်”ခနဲသံထွက်သွားသည့် ကို့မမကို အက်စ်က တစ်ချက်တည်တည် ကြည့်လိုက်ပြီး ချော်ထွက်သွားသည့် ကိုယ့် လက်ကိုပဲ အပြစ်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ ဒီလက်ထဲမှာ ကိုင်ထားတာ ချော်ထွက်သွားရတယ်လို့"

အက်စ်က ပြောပြောဆိုဆို ကျကွဲသွားသည့် ကြွေပန်းကန်စတွေကိုကောက်ဖို့ လက်ကို ကိုင်းငုံ့လိုက်သည်။

"နေ ... နေ အက်စ်၊ ကျုပ် လုပ်လိုက်မယ်၊ ညည်းက မပေါ့မပါးကြီးနဲ့ လုပ်မနေနဲ့"

"ရတယ် ... ရတယ်၊ တော်ကြာ အိမ်ပေါက်စေ့အောင် တစ်အိမ်တက်ဆင်း အတင်းပြောခံနေရဦးမယ်၊ ယောက်မယလေးက လည်လိုက်တာ ကိုယ်ဝန်ရှိတာကိုအကြောင်းပြပြီး ယောက်မကိုနိုင်းတယ်ဆိုပြီး နာမည်တွင်နေပါဦးမယ်၊ ကြောက်လွန်းလို့ပါ"

"ဟင် ... ညည်း ... ညည်း ငါ့ကို တော်တော်မုန်းနေတယ်ပေါ့ ဟုတ်လား အက်စ်"

ကို့မမက ပန်းကန်ကွဲတွေ လိုက်ကောက်နေရင်းက ဆတ်ခနဲ ခေါင်းထောင်ရန်တွေ့လာခဲ့သည်။

အက်စ်ကလည်း မနေ့က မေမေ့ရှေ့မှာ အစာမကြေခဲ့သမျှ ကိုမရှိတုန်း သူမကြီးကို ပြန်ပြီးချေပချင်နေခဲ့တာမို့ အခုလို သူမကြီးနှင့် ဆုံတုန်းကြုံတုန်း ပြောလိုက်မိတာဖြစ်သည်။





သူမကို ဟုတ်တာမှန်တာ ပြောလို့ ...

ဆတ်ဆတ်ခါနာရင် နာစမ်းပါစေ ...

အက်စ်တို့ကတော့ ဂရုမစိုက်။

"ဟင် ... ညည်း ... ညည်းဟာလေ ငါ့မောင်ကိုနိုင်ရုံတင်မကဘူး၊ ငါ့ကိုပါ ညည်းနိုင်ချင်တယ်ပေါ့ ဟုတ်လား အက်စ်၊ ငါက ညည်းထက် အသက်အများကြီး ကြီးတဲ့မိန်းမပါအေ၊ ညည်းတို့ကိုပဲ အားကိုးနေရတဲ့ တစ်ကောင်ကြွက်မိန်းမကြီးပါ၊ ညည်းနိုင်စမ်း၊ ပြောချင်ရာပြောစမ်း၊ ငါ ခေါင်းငုံ့ခံပါ့မယ်၊ ညည်းရင်ထဲက ငါ့ကို မကျေနပ်တာတွေ ပြော ... ပြော"

အခုကျတော့လည်း ဝမ်းနည်းသလို အသံကြီးတုန်ပြီး အက်စ်ကို ရှိနိုးမတတ် အလျှော့ပေးလိုက်တာ။

အက်စ်ကို အတင်းပြောခဲ့တာ သူမ မဟုတ်ခဲ့တဲ့အတိုင်း။

အက်စ်ကတော့ လုံးဝ အလျှော့ပေးဖို့ မစဉ်းစားမိဘဲ ရင်ထဲက မကျေနပ်တာတွေကို ဖွင့်ချပစ်လိုက်မိတော့သည်။

"ပြောမှာပဲ ... ပြောမှာပဲ မမထက်မွန်ကျော်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ငါ့ကိုများ မမ မခေါ်နိုင်အောင်ကို မုန်းသွားပြီပေါ့၊ မမထက်မွန်ကျော်တဲ့၊ ငါ့မှာတော့ သူ့ကို ချစ်လိုက်ရတာ၊ ကိုယ့်မောင်ယူထားတဲ့မိန်းမဆိုပြီး ယောက်မကိုမမြင်ဘဲ ကိုယ့်ညီမလို ချစ်တာ မမြင်ရသေးတဲ့ သူ့ဗိုက်ထဲက ကလေးကိုတောင် စိတ်ကူးနဲ့မျှော်ပြီး ချစ်နေရတာ၊ ငါ့စေတနာမေတ္တာတွေကို ညည်းက စော်ကားတာပေါ့ ဟုတ်လား အက်စ်"

"ဒါကတော့ မမတို့မောင်နှမက ကျွန်မကို ဉာဏ်ဆင် အကွက်ရိုက်ပြီး ရယူထားတာပဲ၊ ဒီလောက်တော့ သည်းခံရမှာပေါ့၊ ဒါတောင် သည်းမခံပါဘူး ရပ်ကွက်ထဲမှာဆို အက်စ်ဆိုတဲ့ မိန်းမက အပျင်းမ ယောကျ်ားကျ ချွဲဖို့နဲ့ဖို့တတ်တယ်၊ အလုပ်ကျ တံမြက်စည်းတောင် တစ်ချက်မလှည်းချင်တဲ့မိန်းမဆိုပြီး အရပ်ထဲမှာ ဘယ်သူ အပုပ်ချသလဲ ပြော"

"အေး ... ကျုပ် ပြောခဲ့ပါတယ်၊ ကျုပ်မှားပါတယ်၊ ဘာလဲ ညည်းကို ကျုပ်ကရှိခိုးတောင်းပန်မှ ညည်းက ကျေနပ်မှာလား၊ အဲဒါဆိုလည်း ကျုပ် ညည်းကို ရှိခိုးတောင်းပန်ပါတယ်ဒေ့'





ပြောပြောဆိုဆို အက်စ်ကို ဦးကုန်းချလိုက်သည့် ကို့မမကို အက်စ်က အခဲမကျေစွာ တစ်ချက်ကြည့်လိုက်သည်။

"အို ... အခုမှလာတောင်းပန်မနေနဲ့၊ လူမြင်ရတာမဟုတ်ဘူး၊ ကျွန်မ နားလည်ပါပြီ၊ မမ ဘာကြောင့် ကျွန်မကို မုန်းနေတယ်ဆိုတာ"

"ဟင် ... ဘာလဲ ငါ ညည်းကို ဘယ်တုန်းကမှ မမုန်းဘူး"

"မုန်းပါတယ်၊ အယ်က မမကို အပျော်သက်သက် ရည်းစားစကားပြောခဲ့တာတွေ၊ သိန်းလေးဆယ် စိန်နားကပ်တစ်ဖက်ပေးလိုက်ရတာတွေအတွက် မမ ကျွန်မကို အခဲမကျေဖြစ်နေတာ"

"ညည်း မဟုတ်တာ မပြောနဲ့ ... မပြောနဲ့"

အခုမှ အပျိုကြီးမမ အယ့်ကို အပိုးနာခဲ့တဲ့ အတိတ်ဇာတ်လမ်းကြောင်းကြီးကို နားမထောင်ရဲလောက်အောင် ရှက်လန့်သွားခဲ့လေတော့သည်။

ဒါကို အကွက်ကောင်းယူပြီး အက်စ် ဆက်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တာ ပြောတာပဲ၊ ဒီအကြောင်းတွေကို ကို သိမှာ မဟုတ်ဘူး၊ သိအောင်ပြောရမှာပဲ”

“ဟင် ... ညည်း ... ညည်း ငါ့ကို ပြန်ပြီး လက်စားချေတာ၊ ငါ မကြိုက်တဲ့စကားကိုပြောပြီး ငါ့အတိတ်ဖော်ကောင် လုပ်တာ၊ ညည်းက ငါ့ကို ... ငါ့ကို ပြောပါ ... ပြောပါ၊ ဒီမိန်းမကြီးက ဘာမှ အသုံးမကျဘဲနဲ့ အတင်းပြောဖို့တတ်တဲ့မိန်းမကြီးဆိုပြီး ညည်း ပြောထားစမ်းပါအေ၊ ပြောပါ၊ ညည်းကို ကျုပ် ခေါင်းငုံ့လက်မြှောက် အရှုံးပေးပါတယ်”

ထက် ရှည်လည်းရှက်၊ ဝမ်းလည်းနည်းသွားရကာ အက်စ်အရှေ့မှာပဲ ဣန္ဒြေမဆယ်နိုင်ဘဲ ဟီးချငိုကြွေးလိုက်ပါတော့သည်။

ဒီအကြောင်းတွေကို မောင်လေးသာ သိသွားရင်ဆိုသည့် ပူလောင်သည့်ခံစားမှုတွေက မျက်ရည်များအဖြစ် စီးဆင်းသွားတော့သည်။

“မီးဖိုထဲမှာ ဘာဖြစ်နေကြတာလဲ၊ အိမ်ထဲလှမ်းဝင်လိုက်တာနဲ့ ငိုသံတွေ ဆူသံတွေက တစ်နေ့တစ်နေ့ အိမ်မှာ မင်္ဂလာကိုမရှိဘူး၊ ကဲ ... ဘာဖြစ်နေပြန်ပြီလဲ ပြောစမ်းပါဦး”





“မောင်လေး ... မောင်လေး”

ထက် ဘာမှ မဆိုနိုင်သေးဘဲ ဝမ်းနည်းလွန်းလို့ မီးဖိုထဲဝင်လာသည့် မောင်လေးကို မော့ကြည့်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။

“အက်စ် ... မင်း မမကို ဘာပြောလဲ ပြော၊ မင်းဟာ ငယ်တဲ့လူဖြစ်ပြီး ဆတ်ဆတ်ထိမခံ ဖြစ်ရအောင် မမက မင်းအမေလောက် ရှိတယ်လေ၊ မင်းအမေလောက်ရှိတဲ့ မိန်းမတစ်ယောက်ကို မင်းကြောင့် မျက်ရည်ပေါက်ကြီး ငယ်ကျတာ မင်းက ကျေနပ် ဂုဏ်ယူနေတယ်ပေါ့ ... ဟုတ်လား”

“ကိုက ဘာအစအဆုံး သိလို့ ကျွန်မကို မဲရတာလဲ”

အက်စ်ကိုထိလာသည့် ကို့စကားတွေကြောင့် အက်စ် မျက်လုံးတွေ စိမ်းတောက်သွားရသည်။

အက်စ်ကို ဒေါသဖြင့်စိုက်ကြည့်နေသည့် ကို့ကိုလည်း အခံမကျေနိုင်တော့ ဒီပွဲမှာ အက်စ် လုံးဝ အရှုံးမပေးနိုင်။

သူ့မမ လွန်တာကျတော့ အကာအကွယ်ပေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး ကိုရဲ့၊ အမယ်လေး ... အရပ်ထဲမှာ သူဌေးဆို ပြီး အလှူအတန်းနဲ့ ကျော်ကြားနေတဲ့ သူဌေးမောင်နှမ သူတော်စင်ကြီးတွေရယ် ကျွန်မကိုကျ အတင်းပြောဖို့ကျ မရှက်ကြဘူးလားဟင်"

"ဟင် ... အက်စ် ... မင်း ပြောလေဆိုးလေ မန်းလေပြဲလေ ပါလား"

"ရှင်က အဲဒီတော့ ကျွန်မကို ဘာလုပ်ချင်သလဲ၊ ရှင့်မေ ကျွန်မကြောင့် မျက်ရည်ကျတယ်ဆိုပြီး ရှင်က ကျွန်မကို ဘာလုပ်ချင်သလဲပြော"

အက်စ် ချုပ်ထိန်းထားသမျှ သတိလွတ်ပေါက်ကွဲ သွားပါတော့သည်။

ကိုယ့်ကိုယ်ကိုယ် ကိုယ်ဝန်သည်မိန်းမအဖြစ် မမြင်နိ တော့ဘဲ ကို့အရှေ့ ဝုန်းခနဲ ရောက်သွားကာ ကိုယ့်လက်တွေ ဆွဲခါပြီး ကို့မျက်နှာကို လှမ်းကုတ်ဆွဲပစ်လိုက်မိသည်အထိ စိတ် လွတ်သွားရပါတော့သည်။

"အက်စ် မင်း ... မင်း ငါ ဒီတစ်ခါ သည်းမခံတော့ဘူ နော်"





"သည်းမခံရင် သတ်ပစ် ... သတ်ပစ်၊ အစ်မမျက်ရည်ကျ တာကျ စာစီတတ်လိုက်တာ၊ မျက်ရည်ပဲ မျက်လုံးရှိရင် ကျမှာပေါ့၊ ဒီမှာ အသက်ကြီးနေပြီး အခုထိ မာန်မလျှော့ ချင်တဲ့ ရှင့်တို့မောင်နှမနဲ့ ကျွန်မ အတူတူနေရတာ စိတ် ချမ်းသာတယ်လို့ ထင်နေသလား ကိုခန့်တည်ကြည်ရဲ့"

"ဟင် ... မင်း ... မင်း"

သူ့မှာ ဘာမှမပြောနိုင်ဘဲ မိန်းမပြောသမျှကို ငြိမ် ခံလိုက်ရသည့် အညံ့ဆုံးယောက်ျား ဖြစ်သွားတော့သည်။

"ခန့်တည် မင်း ဘာမှမပြောနဲ့၊ သူပြောသမျှ တို့မောင်နှမ တွေ ခေါင်းငုံ့သည်းခံလိုက်၊ သည်းခံလိုက်စမ်းပါ အဲဒါကို သူ လိုချင်တာ"

"အမယ်လေး ... ကျွန်မကလည်း ခေါင်းငုံ့သည်းခံတယ် ဆိုပြီး ပြန်ပြီးကြည်လင်လာမယ် မထင်နဲ့၊ ကျွန်မ စိတ် မချမ်းသာတဲ့ ဒီအိမ်မှာလည်း ဆက်မနေနိုင်တော့ဘူး ကျွန်မ မနေဘူး"

"မနေဘူး ဟုတ်လား"

ဒီတစ်ခါတော့ သူ ဘယ်လိုမှ သည်းခံလို့မရတော့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ဆတ်ခနဲထောင်မတ်ပြီး အက်စ်ကို စူးခနဲ စိုက်ကြည့်လိုက်သည်။

အက်စ်လည်း သူ့ကို စူးခနဲ စိုက်ကြည့်သည့် မျက်ဝန်းနှစ်ခု ဆုံစည်းသွားချိန်မှာ သူနားလည်လိုက်သည့် ခံစားမှုကတော့ အက်စ် သူ့ကိုတင်မဟုတ် မမကိုပါ အနိုင်ယူနေပြီဆိုတာကိုပဲဖြစ်သည်။

“မင်းက မနေဘူး ဟုတ်လား”

ဖြစ်ချင်ရာဖြစ်။

သူကလည်း လူသားပဲ။

ဒီလောက်ဆိုးလွန်းသည့် မိန်းမကို သည်းခံစိတ်ကုန်ဆုံးသွားတော့သည်။

“မောင်လေး တော်တော့”

မမက စကားလွန်မှာစိုးရိမ်ပြီး ဝင်တားလိုက်သည်။

သူက ခေါင်းတစ်ချက်ခါယမ်းပြီး ခါးနှစ်ဖက်ထောက်ကာ အက်စ်ကို ခပ်တည်တည်စိုက်ကြည့်လိုက်တော့ အံကြိတ်လိုက်သည့် အက်စ်ဒေါကြည့်စိမ်းက သူ့အသည်းထဲကို စူးခနဲ ကျင်တက်သွားတော့သည်။





“မတော်ဘူးဗျာ၊ ဒီမိန်းမ ကျွန်တော့်တို့ကို နိုင်ထက်စီးနင်းပြောနေတာ ဘယ်နှခါရှိပြီလဲ၊ တစ်ဆိတ်ရှိ ဒီအိမ်မှာ မနေဘူး၊ မနေဘူးနဲ့ ကျွန်တော့်ကို ခြိမ်းခြောက်ပြီးအနိုင်ပိုင်းနေတာ”

“အမယ်လေး ... မခြိမ်းခြောက်ရပါဘူး၊ ဒီတစ်ခါတော့ ဆင်းပါပြီ၊ ဆင်းပါပြီရှင်”

“အေး ... ဆင်း ... ဆင်း ... မင်းကို မလွမ်းဘူးကွာ”

“သိပါတယ်၊ သိပါတယ်၊ ဒီကလည်း ရှင့်ကို မလွမ်းဘူးဆိုတာမှတ်ထား၊ ရှင့်ကို ကလေးရှိတယ်ဆိုပြီး ပြန်ပေါင်းလိမ့်မယ်လို့တော့ လာမမျှော်နဲ့”

“မမျှော်ဘူးဟေ့၊ မမျှော်ဘူး သွား ... သွား”

ဖြစ်ချင်တာ ဖြစ်တော့။

သူ စိတ်လိုက်မာန်ပါကို ပေါက်ကွဲပြီး အက်စ်အရှေ့ကနေ လှည့်ထွက်သွားတာကို ဒီအတိုင်းရပ်ကြည့်နေလိုက်ရတော့သည်။

ယောက္ခမပြောလာမယ့်အချိန်ကျ သူ့သမီး နိုင်ထက်စီးနင်းပြောတဲ့စကားတွေကို တစ်လုံးမကျန် ပြောပြပေးလိုက်မည်။



www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်မှာတော့ ဒေါ်သစ်တိက ထိန်းမရဘဲ ပြောမိပြောရာ ပြောမိသွားခဲ့ရပြီဖြစ်သည်။

မမကတော့ "စိတ်ညစ်တယ် စိတ်ညစ်တယ်"ဟု တဖွဖွပြောပြီး မျက်ရည်တွေ စီးကျရင်း စီးကျနေတော့သည်။

သူကတော့ မီးဖိုထဲကနေ ချာခနဲလှည့်ထွက်လာခဲ့မိတော့သည်။

✳ ❥ ✳





## ၂၅

"မမျှော်ဘူးဟေ့ မမျှော်ဘူး"ဆိုပြီး ကြွေးကြော်ခဲ့သည့်သူမှာ တစ်ရက်တည်းပင် ကိုယ့်အပြောလွန်ခဲ့တာကို ကြိတ်မှိတ်သည်းခံပြီး နောက်တစ်နေ့ညနေမှာပဲ ရှေ့မျက်နှာနောက်ထားပြီး ယောက္ခမအိမ်ကို မျက်နှာငယ်လေးနှင့် ရောက်သွားတော့သည်။

သူရောက်သွားသည့်အချိန်မှာ ယောက်ဖကလည်း ရှိနေတော့ သူ နောက်ဆုတ်ပြန်ပြေးထွက်ရမတတ် ချောင်ပိတ်မိသွားရသည်။

"အန်တီ ကျွန်တော် အက်စ်ကို လာခေါ်တာပါ၊ အက်စ်ရှိတယ် မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ရှိပါတယ် ခန့်တည်ရယ်၊ ဒါပေမဲ့ အခုလော လောဆယ် သူ စိတ်ဆိုးနေတုန်းဆိုတော့ ပြန်လိုက်မှာ မဟုတ်သေးဘူး"

"မေမေ ဘာမှ ဒီလူကို ရှည်ရှည်ဝေးဝေး ရှင်းပြနေစရာမလို ဘူး၊ ဒီမှာ ဟော့လူ ... ခင်ဗျား ကျုပ်နှမကို ပြန်ပေါင်းရလို မယ်လို့ လုံးဝ မမျှော်လင့်နဲ့၊ စိတ်ကောင်းမရှိတဲ့ ခင်ဗျားဝ ကြောင့် ကျုပ်နှမ ကြာရင် စိတ်ဆင်းရဲပြီး နှလုံးရောဂါ မယ်၊ အခု ဆင်းလာတာ အဲဒါ အပြတ်ပဲ၊ ခင်ဗျာ ကွာရှင်းလက်မှတ်သာ ထိုးပေးဖို့ စဉ်းစားထား"

"ဟာ ... ဘာဆိုင်လို့လဲ၊ ငါ့မိန်းမနဲ့ငါ ဘာမှမဖြစ်ဘူ အန်တီ သူနဲ့ ကျွန်တော် စကားပြောချင်တယ်၊ သူ အိ ပေါ်ထပ်မှာ မဟုတ်လား"

သူက ဖွတ်ပင် အယ် တားနေသည့်ကြားက အိ ထဲဝင်ဖို့ ခြေလှမ်းလှမ်းလိုက်သည်။

"ဟော့လူ"

"သား ... မင်း မရိုင်းစမ်းနဲ့"

ဆွေ့ခနဲခုန်ပြီး သူ့မေးရိုးဆီပစ်ဝင်လာသည့် လ သီးက ... အချိန်မီရှောင်လိုက်လို့ နည်းနည်းလေး ပွတ်ကာသ ရှုပ်ထိသွားသည်။





သူကလည်း ယောက်ဖ လက်သီးနဲ့ထိုးတာကို မခံ ချင်ဖြစ်သွားပြီး မျက်နှာကြီးကိုမော့ပြီး ယောက်ဖ ထပ်ထိုးမယ့် လက်သီးကို ဖမ်းဆုပ်ထားလိုက်သည်။

ယောက္ခမကို အောက်ကျို့ဖို့ထက် ယောက်ဖကို အောက်ကျို့ဖို့က သူ့အတွက် ပိုပြီးအရေးကြီးသွားရသည်။

"ယောက်ဖ မင်း ငါ့ကို အထင်မှားနေတာ"

"လာမခေါ်စမ်းနဲ့ဗျာ ခါးသီးလိုက်တာ"

"သား မင်းနှမအကြောင်း မင်း သိသားနဲ့၊ မင်း သူ ပြော တိုင်း ယုံမနေနဲ့၊ ကဲ ... ခန့်တည် သားကလည်း ရှင်းပြပါ ဦး၊ ဘယ်လိုကြောင့် ဒီလောက်ပြဿနာကြီးမားသွားရတယ် ဆိုတာ အန်တီတို့ကို ပြောပြပါဦး"

သူကဖြစ်ကြောင်းကုန်စင်ကို ပြောပြတောင်းပန်လိုက် တော့မှ အယ် မျက်နှာနည်းနည်းကြည်သွားသလို အန်တီ့မျက်နှာ လည်း ကျေနပ်ရိပ်တွေ ဖြတ်ပြေးသွားတော့သည်။

"အေး ... သမီးတစ်ယောက်တည်း ရှိပါတယ်၊ အခုတော့ ပတ်ဝန်းကျင်ပြောစရာဖြစ်အောင်ကို ဆိုးနေတာ၊ အန်တီတို့ လည်း စိတ်မချမ်းသာဘူး၊ ခန့်တည်နဲ့ ထက်ကိုလည်း အန်တီ အရမ်းအားနာတယ်၊ အကဲစ်က ဖွတ်တရွတ်ပါ ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အယ်ကတော့ သူ့နမဆိုးတော့ ဘာမှ မပြောသာတော့ဘဲ သူနှင့် အန်တီရှေ့ကနေ ချာခနဲလှည့်ထွက်သွားလေသည်။

သူကတော့ အက်စ် သူနှင့်အတူ ပြန်လိုက်ဖို့အရေး အန်တီ့ကို မရှက်မိစေဘဲ ထပ်ဆင့်တောင်းဆိုလိုက်မိပြန်သည်။

"အန်တီ အက်စ်ကို ကျွန်တော် ပြန်ခေါ်သွားမယ်နော်"

"အက်စ် အခန်းထဲမှာ အိပ်နေတယ်၊ အခန်းထဲမှာဆိုတော့ မင်းနောက်ကို ဘယ်လိုမှ လိုက်မှာမဟုတ်ဘူး၊ နောက်နေ့ အက်စ် အခန်းအပြင်မှာရှိတဲ့အချိန်မှ မင်း လာခဲ့ပေါ့ကွယ်၊ အခုကတော့ စိတ်ဆိုးနေတုန်းမို့ သူ ပြန်လိုက်မှာမဟုတ်ဘူး"

"ဟုတ်ကဲ့၊ ဒါဆို ကျွန်တော် ပြန်လိုက်ပါဦးမယ် အန်တီ၊ အက်စ် ကျွန်တော့်အပေါ်မှာ ဆိုးခဲ့တာတွေကိုလည်း အယ် အမြင်ရှင်းအောင် အန်တီ ပြောပေးပါဦးနော်၊ သူ့ကိုလည်း ကျွန်တော် အမြင်ရှင်းစေချင်တယ်၊ နားလည်စေချင်တယ်၊ အက်စ်ကတော့ သူ့အကြောင်းကို သူ သိပါတယ်၊ အန်တီ့ သမီး တော်တော်ဆိုးတာဗျာ၊ ကျွန်တော်မို့လို့ သူ့ဒဏ်ကို ခံနိုင်တာ"





"အေးကွယ် ... ဘာမဟုတ်တာလေးနဲ့ ပြဿနာဖြစ်ကြတော့ ပတ်ဝန်းကျင် အတင်းပြောစရာလည်း ဖြစ်တယ်၊ ခက်တာပဲကွယ် အန်တီလည်း သမီးကို နားလည်အောင် ဆုံးမပါ့မယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်"

"အေး ... အေး"

အိမ်ထဲကနေ သူ ခေါင်းငုံ့ လှည့်ထွက်လာတာကို သူမတို့မောင်နှမနှစ်ယောက်က ကျိတ်များ လှောင်ပြောင်နေကြဦးမလားမသိ။

သူ့မှာ မလုံမလဲ လူပျို့အတွေးကလေး တွေးလိုက်မိသေးသည်။

ရင်ထဲမှာလည်း နည်းနည်းမှ မကျေနပ်။

မကျေနပ်သည့်မျက်နှာထားကြီးနှင့် အိမ်ထဲကို ဝင်လာသည့်သူ့ကို မမ တစ်ချက်ကြည့်ပြီး သဘောပေါက်စွာ မျက်နှာကြီးလွှဲသွားလေသည်။

သူကတော့ မမ မျက်နှာကြီးကို ငေးကြည့်ရင်း ရင်ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အလကားမိန်းမ၊ မှုတုန်း မင့်တုန်း မမရေ၊ အခန်းထဲမှာ အိပ်နေတော့ တွေ့တောင်မတွေ့ခဲ့ရဘူး"

မမက အပျိုကြီးပီပီ စိုးရိမ်လွန်ကဲနေပြန်သည်။

မမ အဲဒီလို စိုးရိမ်တတ်တာကို ဟိုတစ်ယောက်က သိတတ်နားလည်တာမဟုတ်။

သူကသာ မောင်ပီပီ မမစိတ်ရင်းအမှန်ကို သိရှိနားလည်ပြီးသားဖြစ်ခဲ့ရသည်။

အခုလည်းပဲ စိတ်ပူစိုးရိမ်နေသည့် မမ စိတ်အေးအောင် သူ အလိုက်သင့် အလျားသင့် ပြန်ပြောလိုက်ရပါသည်။

"ရပါတယ် မမရယ်၊ ဘာမှ စိုးရိမ်မနေနဲ့၊ ကျွန်တော် မနက်ဖြန် သူ့ကို ရအောင်ပြန်ခေါ်ခဲ့မယ်၊ ဟုတ်တယ် မွေးရက်လည်းနီးပြီ၊ မွေးမယ့်ရက်ကိုလည်း နေ့ကောင်းရက်သာရွေးထားပြီးပြီ၊ နောက်ဆယ်ရက်ဆို မွေးမယ့်ရက်ရောက်ပြီ၊ သူလည်း သိတယ်"

"ဟင် ... ဒါနဲ့ နှစ်ပတ်ကြာမှ မွေးမှာဆို"

"နေ့ကောင်းတဲ့ရက်ကို ရွေးလိုက်တာ၊ ရတယ် နှစ်ပတ်အတွင်း ကိုယ်ကြိုက်တဲ့ရက်ကို မွေးလို့ရတယ်၊ ဖွားဖက်တာ အခိပတိကျတာ၊ အဲဒီဆယ်ရက်ပြည့်တဲ့နေ့က တနင်္ဂနွေလေ၊





မိန်းကလေးဆိုတော့ တနင်္ဂနွေကို ရွေးလိုက်တယ်၊ သူ့အမေ မွေးနေ့လည်းကျတယ်"

"ဖွားဖက်တာလည်းကောင်း တနင်္ဂနွေသမီးလည်းဖြစ်ဆိုရင်တော့ မင်းမိန်းမထက်ဆိုးတဲ့ တူမဆိုးလေး ရဦးမယ်ပေါ့၊ ဟင်း ... ငါ မြင်ယောင်ပါတယ်"

"အဟွန်း ... ဟွန်း ... မမက တူမ ရတော့မယ် ဆိုတော့ ပျော်လည်းပျော် ကြောက်လည်း ကြောက်နေတယ်ပေါ့လေ"

"အေး ... ကြောက်တယ်၊ မင်းမိန်းမထက်ဆိုးတဲ့ ကလေးဆိုရင်တော့ ငါနဲ့အတွေ့ပဲ၊ သူက ငါ့တူမ ငါပိုင်ဘယ်နှော်ခန့်တည်"

"ဟုတ်ပါတယ် မမသဘော မမလက်ထဲပဲအပ်မှာပါ၊ ဟိုက မွေးပေးရုံပဲ၊ ထိန်းရမှာက မမ"

သူက မမ ကျေနပ်အောင်ပြောလိုက်တာကို မမက ရင်ဘတ်ဖိပြီး ရေရွတ်လိုက်သည့်စကားကတော့ ...

"အမယ်လေးတော် ကျုပ်က ကလေးထိန်းကြီးဖြစ်ပြီပေါ့၊ အချစ်ဆုံးယောက်မလေးရဲ့ကလေးကို ထိန်းရမယ်ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျာ"

သူ ခပ်တည်တည်ပင် ခေါင်းတစ်ချက်ငဲ့ပြီး မမ အရှေ့ကနေ အိမ်ထဲလှမ်းဝင်လိုက်ပါသည်။

❋ ❥ ❋





## ၂၆

"ဟင် ... ရှင်"

ပန်းခြံထဲမှာ အက်စ် ပန်းပင်ရေလောင်းနေရာမှ အနောက်ဘက်ဆီက ခြေသံကြောင့် ဖျတ်ခနဲ လှည့်အကြည့် သူ့ကို ရုတ်တရက်တွေ့လိုက်ရသဖြင့် နောက်လှည့်ပြေးဖို့ ခြေလှမ်းဆုတ်လိုက်သည်။

"ရေပုံးအပြည့်ရေဆွဲပြီး မလောင်းနဲ့လေ အက်စ်ရဲ့၊ ကိုယ်က မပေါ့မပါးကြီးနဲ့"

မျက်ကြောင်မျက်လုံးတွေဖြင့် အက်စ်ကို စိုက်ကြည့်ပြီး ဆရာလုပ်လာသည့် သူ့အရှေ့ကနေ လွတ်အောင် အက်စ် ကွေ့ရှောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုမှလာပြီး သူတော်ကောင်းယောင်ဆောင်ပြီး ချော့ဖို့မော့ဖို့ စဉ်းစားလို့မရ။

"အက်စ် မပြေးနဲ့လေ၊ မောက်လဲမယ်"

ကိုက အက်စ်အရှေ့မှာ လက်ကာရပ်လိုက်တော့ အက်စ်က တစ်ဖက်လှည့်ပြီး ခြေလှမ်းလိုက်ပြန်သည်။

အဲဒီလိုလှမ်းလိုက်ပြန်တော့လည်း ကိုက အဲဒီဘက်ကို လက်ကာရပ်လိုက်ပြန်သဖြင့် အက်စ်နှင့် ကိုမှာ ပန်းခြံထဲမှာ ဝိုင်းကြီးပတ်ပတ် ကစားနေသလို ဖြစ်နေရသည်။

"အပေါ့ ... မိန်းမ ... မင်း ကလေးမဟုတ် သူငယ်မဟုတ်၊ ဝိုင်းကြီးပတ်ပတ် ကစားနေသလိုဖြစ်နေပြီ"

"ရှင် ဘာမှ လာပြောမနေနဲ့ ကိုခန့်တည်ကြည်၊ ဖယ် ... ရှင် ကျွန်မလက်ကို ကိုင်စရာမလိုဘူး"

သူ့ကို လုံးဝ ကြည်လင်မှုမရှိသေးသည့် ဇနီးလေးကို သူ မြတ်နိုးစွာ တစ်ချက်စိုက်ကြည့်ပြီး ပြုံးမိသည်။

"မိန်းမကလည်း နှစ်ညတည်းနဲ့ ပြောင်းလဲသွားလိုက်တာ၊ ကိုခန့်တည်ကြည့်တွေ ဘာတွေနဲ့ ကို မဟုတ်တော့ဘူးလား"

"ရှင်နဲ့ မတန်လို့ မခေါ်တော့ဘူး မှတ်ထား"





"ဟောဗျာ ... ကို ခေါ်တာတောင် မတန်တော့ဘူးတဲ့လား"

"ရှင် ဘာမှ လာပြောမနေစမ်းပါနဲ့၊ ကျွန်မလက်ကိုလွှတ်"

အက်စ်က သူ ဆွဲကိုင်ထားသည့် လက်ကလေးကို အတင်းရုန်းယူလိုက်သဖြင့် သူ မလွှတ်ချင်ဘဲလွှတ်လိုက်ရသည်။

သူမလက်ကလေးကို လွှတ်လိုက်ပေမယ့် သူမ ခါးတုတ်တုတ်ကလေးကို သိမ်းဖက်ပြီး ပခုံးလေးကို ဆုပ်ကိုင်ကာ အိမ်ကို ပြန်လိုက်ဖို့ ချော့ချော့မော့မော့ နှစ်သိမ့်လိုက်ရသည်။

"အိမ်ပြန်ကြစို့ အက်စ်၊ မမကလည်း အက်စ်ကို မျှော်နေပြီ၊ မွေးမယ့်ရက်ကလည်း ကိုးရက်ပဲ လိုတော့တယ်နော်၊ အက်စ် မမကတော့ မမြင်ရသေးတဲ့ အက်စ်ဗိုက်ထဲကသမီးလေးကို အခုကတည်းက သူ ထိန်းမယ်တဲ့ဗျာ၊ တာဝန်ယူနေတယ်၊ အက်စ်က ဘာမှ မလုပ်ရဘူး၊ ကလေးမွေးပြီးလည်း အပျိုလေးလို ခြေသည်းရှည် လက်သည်းရှည်မပျက်ထားပြီး ကြော့ကြော့လေး နေရမယ်ဗျာ"

"အမယ်လေး ... ဘာမှလာပြီး မက်လုံးပေးမနေပါနဲ့ ကျွန်မ ရှင်တို့မောင်နှမအိမ်ကို ပြန်လိုက်ဖို့ဆိုတာ စိတ်ကူးထဲတောင် မထည့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးထဲမထည့်ရင်နေလေ လက်တွေ့လိုက်ဖို့ပဲ အရေးကြီးတယ်၊ မင်း ငါ့ကိုလည်း စိတ်ကူးထဲ မထည့်ဘူး၊ စိတ်ကူးထဲမထည့်ဘူးနဲ့ အခုတော့ ငါနဲ့ညားလို့ နောက်ကိုးရက်ဆို သမီးတစ်ယောက်ထွန်းကားပြီ၊ ကဲ ... အဲဒါ စိတ်ကူးလား လက်တွေ့လား"

"ကို ရှင် ဘာမှ လာပြီး ကတ်သတ်ပြောမနေနဲ့"

"အဟား ... အဲဒီလိုခေါ်စမ်းပါ မိန်းမရာ၊ စိတ်ထဲရှိတဲ့အတိုင်း ဘွင်းဘွင်းရှင်းရှင်းပေါ့၊ ဘာမှ ထိန်မထားနဲ့၊ ချန်မထားနဲ့ အခု ကိုယ်နဲ့ နှစ်ရက်ခွဲလိုက်ရလို့ ကိုယ့်ကို လွမ်းနေပြီမဟုတ်လား၊ ဝန်ခံလိုက်စမ်းပါကွာ မိန်းမရာ"

"ကို"

ခပ်ဆောင့်ဆောင့်လေးအော်လိုက်တဲ့ အက်စ်ရဲ့ ကို လို့ ခေါ်လိုက်တဲ့အသံကလေးက သူ့နှလုံးသားထဲ တိုးလျှိုပေါက်စီးစိမ့်ပျော်ဝင်သွားတော့သည်။

သူ့တစ်သက်မှာ သူ့မိန်းမ သူ့အပေါ် ဘယ်လောက်ဆိုးဆိုး သူ ခေါင်းငုံ့ခံလိုက်လျှော့ပေးဖို့ပဲ ဆုံးဖြတ်ခဲ့သည်။

အခုလည်းပဲ ချစ်ဇနီးလေးကို ချော့မော့နှစ်သိမ့်ပြီး အိမ်ကို ပြန်လိုက်ဖို့ပဲ မရမက တောင်းပန်လိုက်ရသည်။





"အက်စ် ပြန်ကြစို့ကွာ၊ အန်တီ မရှိလည်း ညနေမှ တစ်ခေါက်ပြန်လာခဲ့ကွာ၊ အခု ပြန်ကြစို့၊ တော်ကြာ အက်စ်မောင် ရောက်လာလို့ သက်သက် စိတ်အနှောင့်အယှက်ဖြစ်နေရဦးမယ်"

ပြောနေရင်းကနေ အက်စ်ရဲ့မောင်က ဆိုင်ကယ်နဲ့ ခြံထဲကို ဝူးခနဲ မောင်းဝင်လာတာကို တွေ့လိုက်ရသဖြင့် သူ ကျောချမ်းသွားရသည်။

ဒီကောင်က သူ့ကို ကြည့်လာတာမဟုတ်။

"ဟိုမှာ မင်း့မောင် ပြန်လာပြီ အက်စ်၊ လာ ... လာ သူ မမြင်ခင် တို့ သွားကြရအောင်ကွာ"

"မလိုက်ဘူးလို့ ပြောနေတာ၊ နားဝေးလိုက်တာ ကိုရဲ့"

ခပ်ကျယ်ကျယ် အော်ပြောလိုက်သည့် အက်စ်အသံကို သူ့မောင်က နားပါးစွာကြားသွားပြီး ပခုံးနှစ်ဖက်တွန့်ကာ သူနှင့်အက်စ်ရှေ့ကို ရှူးရှူးဒိုင်းဒိုင်း ရောက်လာတော့သည်။

"ဟေ့ ... အက်စ်၊ နင် ဘာလုပ်နေတာလဲ"

"အက်စ် မိန်းမ ... မင်းဟာ ငါ့မိန်းမနော်၊ ငါ့စကားပဲ နားထောင်ရမယ်၊ မင်းကို ငါပိုင်တာ၊ မင်း့မောင်ပိုင်တာ မဟုတ်ဘူး၊ မင်း့မောင်စကားကို နားထောင်စရာမလိုဘူး"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖြစ်သူ သူ့ဘက်ပါအောင် တတွတ်တွတ်ပြောလို့မှစကားမဆုံးသေး။

"ဒီမှာ ဟေ့လူ၊ ခင်ဗျား ကျုပ်နှမရှေ့က ထွက်သွားစမ်း"

လက်ညှိုးကျိုးမတတ် ဒေါသတကြီး သူ့ကို နှင်ထုတ်လိုက်သည့် အယ့်ကို သူ စိတ်တိုတ်ဖြင့် ခပ်တည်တည်ပြန်ကြည့်လိုက်သည်။

"မင်း ငါ့ကို ဘာမှ နှင်ထုတ်စရာ မလိုဘူး"

"လိုတယ်၊ ခင်ဗျားလောက် စိတ်ကောင်းမရှိတဲ့လူက [illegible] ဘာလာပြီး လေ့ချိုသွေးတာလဲ၊ မရဘူး ဒီမှာ ကျုပ်နှ[illegible] ကလေးတစ်ယောက်ရရုံမကလို့ ကလေးဆယ်ယောက်ရ[illegible] ဘာမှ တွယ်တာစရာမရှိဘူး၊ လုံးဝ ခင်ဗျားကို မပေါင်းဘူ[illegible] အက်စ် သွားတော့၊ နှင် အိမ်ထဲပြန်ဝင်"

"မိန်းမ မင်း ကိုယ်နဲ့ ပြန်လိုက်ရမယ်နော်၊ မင်း ကိုယ်ပိုင်တာ မင်းမောင်က ဆိုင်ရုံပဲဆိုင်တော့တာ"

"ာဗျ ခင်ဗျား"

ကျောလွှန်းသည့် ဒီလူ့စကားက သူ့ကို သည်စိတ်ကုန်ဆုံးသွားတော့သည်။





ဖြစ်ချင်ရာဖြစ်ဆိုပြီး ဒေါသဖြင့် ခါးမှာပတ်ထားသည့် ခါးပတ်ကြိုးကိုဆွဲဖြုတ်ပြီး သူ့ကို ရိုက်ပစ်ဖို့အထိ မရည်ရွယ်ချင်ဘဲ ရည်ရွယ်လိုက်ရသည်။

"ဟင် ... ကျုပ်နှမကို ရယူပိုင်ဆိုင်ထားတယ်ဆိုပြီး ကျုပ်ကို စော်ကားတာပေါ့ ဟုတ်လား ခင်ဗျားက"

"ဟာ ... ယောက်ဖ မင်း ... မင်း ဒါ ဘာလုပ်တာလဲ"

"ခင်ဗျားကို ခါးပတ်နဲ့ ဆုံးမမှာ ... ဆုံးမမှာ"

"ဟင် ... အယ် ... နှင် ... နှင် မလုပ်နဲ့နော်၊ ကို ရှင်လည်း ပြန်တော့"

အက်စ်က သူ့ယောက်ျားကို သူ တကယ်ရိုက်မယ်ထင်ပြီး သူ့ယောက်ျားအရှေ့ကနေ မိုက်ကြီးတကားကားနှင့် ကွယ်ရပ်လိုက်သည်။

"ရိုက်မယ်၊ ဒီလူက ငါ့နှမ မချစ်မနှစ်သက်ဘဲနဲ့လည်း အောက်ကျနောက်ကျ လိုက်ပေါင်းနေသေးတယ်၊ စကားပြောတာ လူပါးဝလွန်းတယ်"

"ဟေ့ကောင် ... မင်းထက် ရှစ်နှစ်ကြီးတဲ့ ယောက်ဖနော် မင်း ငရဲကြီးမယ်"

www.burmeseclassic.com



"ကို ရှင် ဘာမှမပြောတော့နဲ့၊ အယ် ... နင် ငါ့မျက်နှ
ထောက်ဦး။"

"မထောက်ဘူးဟေ့၊ မထောက်ဘူး၊ နင့်ယောကျ်ားကို
မုန်းတယ်၊ လူလည်လူတတ်လုပ်ပြီး စကားပြောလို့
တာ၊ ခင်ဗျားကို ကြည့်ကိုမကြည့်ချင်ဘူးဗျာ၊ ကဲကွ

"အား ... အယ် ... နင် ငါ့ယောကျ်ားကို မလုပ်နဲ့

"ဟင်"

သူ့ကိုယ်လုံးကြီးကိုပိတ်ကာပြီး သူ့မောင်ရှယ်
သည့် လက်ကို လက်ဖြင့်ပုတ်ထုတ်လိုက်သည့် အက်စ်ကို
လည်း သူ့မောင်ရှေ့မှာပင် မရှောင်မိဘဲ ပွေ့ဖက်လိုက်မိ

"တောက် ... ပိုလိုက်တာ၊ မျက်စိမွေး စူးလိုက်တာ
မကြည့်ချင်ဘူး၊ အက်စ် နင် ထွက်သွားစမ်း၊ ဒီ
ယောကျ်ားကို ချစ်နေရင် ငါတို့အိမ်ကို ဘယ်တော့
မလာတော့နဲ့ ထွက်သွား ... ထွက်သွား၊ နင် ထွက်
ရင် နင့်ယောကျ်ားကို ငါ သတ်မိလိမ့်မယ်"

ပြောရင်းနှင့် ဖတ်ခနဲ မျက်စိတစ်ဖက်မှိတ်ပြ
သည့် အက်စ်မောင်ကို သူ ခဏကြောင်ကြည့်နေမိပြီးမှ





သွားရကာ အက်စ်ကို အခွင့်အရေးရတုန်း သူ ခြံထဲကနေ
ခေါ်လာခဲ့မိတော့သည်။

အခုမှပဲ အက်စ်ကလည်း သူ့အနောက်ကို ယက်
ကန် ပါလာခဲ့ရပြီဖြစ်သည်။

အခုလို သ နှင့် လိုက်ရဖို့အရေး သူ့ကို ဆန့်ကျင်နေ
မဖြစ်သူ အက်စ်ကို သူနှင့် ပြန်လိုက်ဖို့ ယောက်ဖ ပွဲထ,
လိုက်တယ်ဆိုတာကို မျက်စိမှိတ်ပြသည့် ယောက်ဖက သက်
လိုက်တာကိုလည်း သူ ဘယ်လိုကျေးဇူးတင်မှန်းမသိ ကျေးဇူး
သည်။

ကျေးဇူးတင်လွန်းလို့ ယောက်ဖကို အက်စ် အကာခံမှာ
မေးဆတ်နှုတ်ဆက်ပြီး မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။

အိုကေပြီပေါ့။

ယောက်ဖကလည်း သူ မျက်စိမှိတ်ပြလိုက်တာကို
တ်ပြုကာ ခေါင်းညိတ်လိုက်လေသည်။

သူနှင့်ယောက်ဖ တစ်ယောက်တစ်ပြန် သဘောကျ
နှုတ်ဆက်နေတာကို ဘာမှမသိသည့် ဇနီးလေးကိုလည်း
ချစ်မြတ်နိုးသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးမှုကို အရင်းခံသည့် ခံစားမှုတွေဖြင့် အက်စ်ရဲ့ တစ်ပွေ့တစ်ပိုက် ဗိုက်ကြီးကို ပွေ့ဖက်ပြီး ယောက်ဖကို ပခုံးနှစ်ဖက်တွန့်ပြကာ အိမ်ဘက်ဆီသို့ သွက်သွက်ကြီးလျှောက်လာခဲ့မိပါတော့သည်။

ပရိသတ်များအတွက်

အမြဲတမ်း

ရွှင်မီထယ်

www.burmeseclassic.com